ကြေးမုံ
The Mirror Daily
Established in 1957

## ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 8 October 2020 ၁၀၁၅၉

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီထံသို့ ယနေ့နံနက်ပိုင်းတွင် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူသည်။(ဝဲပုံ)

**ဂုဏ်ပြုလှူဒါန်း**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မိမိတို့နိုင်ငံတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နှီးနွှယ်ဝန်ကြီးဌာနများ တက်ညီလက်ညီဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ လှူဒါန်းရခြင်းမှာ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကို မကြောက်မရွံ့ဖြင့် ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုသည့်သဘောဖြင့် လှူဒါန်းခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

**ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အဆင်သင့်ဖြစ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ပြောကြား**

စာမျက်နှာ » ၁၃

**တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တို့၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ စတင်ပေးပြီး မြန်မာသံရုံး ငါးရုံး၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး**

စာမျက်နှာ » ၁၅

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်–၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်–**

**အစီအစဉ်မှူး။ ။** ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ပတ်သက်တဲ့ သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကနေ ပြန်လည်ကြိုဆိုပါတယ်။ ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ပတ်သက်လို့ ကာကွယ်ဆေး၊ ကုသဆေးတွေကို ကမ္ဘာ့နိုင်ငံအသီးသီးက ရှာဖွေဖော်ထုတ်နေကြပေမယ့်လည်း ယခုချိန်ထိ တရားဝင် ဆေးဝါးဖော်စပ်ထုတ်လုပ်နိုင်ခြင်း မရှိသေးတာတော့ အားလုံးအသိပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိနေပြီး ပြီးခဲ့တဲ့ အောက်တိုဘာလ ၅ ရက်နေ့က အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံအစိုးရထံ ကိုဗစ်–၁၉ ကူးစက်ရောဂါကုသရေးမှာ အသုံးပြုမယ့် ဆေးဝါးတွေကိုလည်း လှူဒါန်းခဲ့ပါတယ်။

ဒီနေ့မှာလည်း ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ပတ်သက်လို့ ပြည်သူလူထုတွေ သိရှိလိုတဲ့ အကြောင်းအရာတွေကို ဖြေကြားပေးနိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့် ဆောင်ရွက်ရေးအဖွဲ့က သွေးရည်ကြည်ကုထုံးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြ(သွေးရောဂါအထူးကုဆရာဝန်ကြီး)၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာအမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာထွန်းမြင့်၊ ဒေါက်တာသန်းဝင်းနှင့် ဒေါက်တာရဲမြတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ကြေးမုံ

## ရုပ်ရှင်နှစ် ၁၀၀ တေးသီချင်း အပုဒ် ၁၀၀

၂၀၂၀ ပြည့်နှစ်သည် မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့် အခါသမယဖြစ်သည်။ မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်ကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်စည်ကားကား ကျင်းပလိုသော်လည်း လက်ရှိကာလ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ဖြစ်နေ၍ မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကို ခမ်းခမ်းနားနား ကျင်းပမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ လတ်တလောတွင် မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ အပတ်စဉ် ထုတ်လွှင့်ပြသနေသဖြင့် ရုပ်ရှင်ချစ်ပရိသတ်များ ကျေနပ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကြုံတောင့်ကြုံခဲ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကာလကို ဖြတ်သန်းခဲ့ကြရသည့် ပရိသတ်များ၊ ခေတ်ဟောင်းမြန်မာ့ရုပ်ရှင်ကို မမေ့နိုင်သေးသော ပြည်သူများ၊ ခေတ်ဟောင်းမြန်မာ့ရုပ်ရှင်ကို မသိမီလိုက်သော်လည်း မြန်မာ့ရုပ်ရှင်၏အနှစ်သာရများကို လေ့လာခံစားကြည့်လိုသူများအတွက် မြန်မာရုပ်ရှင်တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ်သောကြာနေ့တိုင်း ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသဖျော်ဖြေပေးနေရာ ရုပ်ရှင်တေးသီချင်းအပုဒ် ၁၀၀ ပင်ပြည့်တော့မည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်အဖြစ် ရုပ်ရှင်သက်တမ်းနှစ်တစ်ရာကာလအတွင်း ရုံတင်ပြသခဲ့သည့် ထင်ရှားကျော်ကြား လူကြိုက်များခဲ့သော အကောင်းဆုံးရုပ်ရှင်ဇာတ်ကားများမှ ဇာတ်ဝင်တေးများကို ပြန်လည်ဖော်ထုတ်တင်ဆက်ပေးလျက်ရှိသည်။ ကိုယ်တိုင်သီဆိုခဲ့သော အနုပညာရှင်များ သို့မဟုတ် ဇာတ်ဝင်တေးသီချင်းများနှင့် လိုက်ဖက်အောင် သီဆိုနိုင်သော ခေတ်ပေါ်တေးသံရှင်များက ပရိသတ်စိတ်ကြိုက် သီဆိုဖျော်ဖြေပေးခဲ့ကြရာ မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးသောပြည်သူများ၊ ကိုဗစ်-၁၉ ကာလအတွင်း မွန်းကျပ်နေသော ပြည်သူများအတွက် စိတ်ဓာတ်ရွှင်လန်းကြည်နူးလန်းဆန်းကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာ့ရုပ်ရှင်ပရိသတ်အနေဖြင့် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ဇာတ်လမ်းနှင့် သရုပ်ဆောင်တို့သည် အဓိကကျသည်ဟု အကြမ်းဖျင်းမှတ်ယူထားကြသည်။ ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ဇာတ်ရှိန်ကို အမြင့်ဆုံးရောက်အောင် မြှင့်တင်ပေးသောအရာမှာ ဇာတ်ဝင်တေးသီချင်း သို့မဟုတ် နောက်ခံတေးဂီတ ဖြစ်ပေသည်။ ဇာတ်ဝင်တေးသီချင်း သို့မဟုတ် နောက်ခံတေးဂီတသည် ထိုဇာတ်ကား၏ အမြင့်ဆုံးအနှစ်သာရ၊ ဇာတ်ကားကို အထွတ်အထိပ်ရောက်အောင် ပို့ဆောင်ပေးနိုင်သည့် သဘောရှိသည်။ ရုပ်ရှင်ကြည့်နေစဉ် ဇာတ်လမ်းထဲတွင် နစ်မျောသွားအောင်၊ ဇာတ်ကားထဲတွင် စီးမျောသက်ဝင်သွားအောင် ခံစားချက်ကိုမြှင့်တင်ပေးနိုင်သောအရာသည် ဇာတ်ဝင်တေး၊ နောက်ခံတေး ဖြစ်သည်။

လူတို့သည် ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပျက်ခြင်း၊ ဒေါသထွက်ခြင်းနှင့် အံ့သြခြင်းဟူသည့် အခြေခံအင်အား ခံစားချက်ခြောက်မျိုးရှိသည်ဟု စိတ်ပညာရှင်တို့က ဆိုကြသည်။ ထို့အပြင် လူတို့သည် အကြား၊ အမြင်၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသည့် အာရုံငါးပါးနှင့် ရှင်သန်နေကြသည်ဟုလည်း ဆိုကြသည်။ ရုပ်ရှင်သည် ထိုစိတ်ခံစားချက် ခြောက်မျိုးနှင့် အကြားအမြင်ဖြင့် ကြည့်ရှုခံစားရသည့် ဖျော်ဖြေမှုတစ်ရပ်ဖြစ်သည်။ အချိန်ကာလ၊ ဘဝနှင့်တစ်ထပ်တည်းကျအောင် ပြောင်မြောက်စွာ သရုပ်ဆောင်ရသည့် ပညာဖြစ်သည်။ ထိုတွင် ရုပ်ရှင်ဇာတ်ကားမှ တေးသီချင်းဂီတသံစဉ်သည် ရုပ်ရှင်ဇာတ်ရှိန်တစ်ခုလုံးကို သိမ်းကျုံးမြှင့်တင်ကာ လူတို့၏စိတ်ကို နစ်မျောသွားစေအောင် ဖန်တီးပေးသောအရာ ဖြစ်သည်။

ဇာတ်ဝင်တေးသီချင်းများတွင် မောင်တို့ချယ်ရီမြေ၊ မီးပုံပွဲ၊ ရွှေညာသူ၊ မှုံရွှေရည်၊ သကြ်္ကန်မိုး စသည့် ရုပ်ရှင်တေးသီချင်းများသည် ဇာတ်ကားအရှိန်ကို ပိုမိုမြင့်တက်လာစေပြီး တေးသီချင်း၊ တေးသွားတွင် ရုပ်ရှင်ကြည့်ပရိသတ်မှာ စီးဝင်နစ်မျောသွားခဲ့ကြသည်။ ဇာတ်ဝင်တေးသီချင်းသည် ရုပ်ရှင်ဇာတ်ကားတစ်ကား၏ အသက်ပင်ဖြစ်သည်။ ယခုအခါ မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်းများကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ်ဖျော်ဖြေလျက်ရှိရာ ခေတ်ဟောင်းမြန်မာရုပ်ရှင်ဇာတ်ကားများကို သိမီလိုက်ကြသူများရော မသိမီလိုက်ကြသူများပါ ကြည့်ရှုခံစားကြရ၍ ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို ကိုဗစ်-၁၉ ကြောင့် ပါဝင်ဆင်နွှဲနိုင်ခြင်းမရှိသော်လည်း ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ အပတ်စဉ်အစီအစဉ်မှ တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်နှုန်းဖြင့် မြန်မာ့ရုပ်မြင်သံကြားတွင် အများပြည်သူတို့အား ဖျော်ဖြေခြင်း အပါအဝင် ခေတ်ဟောင်းရုပ်ရှင်များ ပြသခြင်း၊ တွေ့ဆုံမေးမြန်းခန်းများ၊ ပဟေဠိပြိုင်ပွဲများ ပြုလုပ်ခြင်း စသည်တို့သည် မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲသဘင်ကို အလေးအနက် ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း ။ ။

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

# ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ် မင်းပြားမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**မင်းပြား အောက်တိုဘာ ၇**

ကမ္ဘောဇဘဏ်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မင်းပြားမြို့ ခုတင် (၅၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ကမ္ဘောဇဘဏ်(မင်းပြားဘဏ်ခွဲ) တာဝန်ခံ ဦးအောင်မင်းဇော်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ခုတင် (၅၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ပေးအပ်လှူဒါန်းရာ မင်းပြားမြို့နယ် ဆရာဝန်ကြီး ဒေါက်တာနေဝင်းထွန်းနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ကိုကျော်




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၅၀၀ | ၆၁၁ | ၆,၁၁၀,၅၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၃၂ | ၁၂၀,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂ | ၁၆,၂၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၂,၁၆၁ | ၄၇,၅၄၂,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၇၁ | ၁၉၅,၂၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁၀၀ | ၃၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၇

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ ကျပ် | ၆၆၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၃၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၀/၄၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၁.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၀.၂၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၃၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၀.၆၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၆၂၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၁.၉၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၀.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၈.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၅၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**○ ရှေ့ဖုံးမှ**

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများကို ကော်မတီများ အသီးသီးဖွဲ့စည်းကာ ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)ကို ရေးဆွဲဆောင်ရွက်ရာတွင် လည်းကောင်း၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာလိုအပ်ချက်များ လစ်ဟင်းမှုမရှိစေရေး အတွက်လည်းကောင်း၊ နိုင်ငံတကာမှချေးငွေများရယူရာတွင် လည်းကောင်း၊ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများလျှော့ချပေးခြင်းဖြင့် လည်းကောင်း၊ ဘဏ္ဍာငွေများအား ဘဏ္ဍာ နှစ်လွန် အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ စက်ရုံများမှ လူနာတင်ယာဉ်များ၊ ဆေးဝါးများနှင့် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံများ ထုတ်လုပ်ခြင်း တွင် လည်းကောင်း ပံ့ပိုးကူညီပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများအား လေးစားဂုဏ်ပြု သည့်အနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများက ပါဝင်လှူဒါန်းခြင်း ဖြစ်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက မိမိတို့ဦးစီးဌာနမှ ဆရာ ဆရာမများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ဆေးရုံများတွင် အသုံး ပြုရန် Robot Trolley များလည်း ပြုလုပ်လှူဒါန်းခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ယူလေးစားအားကိုးသည့်အနေဖြင့် မိမိတို့ ဦးစီးဌာနမှ ဝန်ထမ်းများက လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**အကျိုးရှိထိရောက်စွာ အသုံးချလျက်ရှိ**

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်စကားပြောကြားရာ ယခုကဲ့သို့ လှူဒါန်းမှုများအတွက် ကျန်းမာရေးဝန်ထမ်းများအားလုံး၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုများဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်ပြီး လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ဖြစ်သဖြင့် ယခု ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယ လှိုင်းနောက်တွင်လည်း ရောဂါကူးစက်မှုလှိုင်းများ ရှိလာနိုင်ပါကြောင်း၊ အဆိုပါ ရောဂါကူးစက်မှုလှိုင်းများ ကြီးမားခြင်းမရှိစေရန်အတွက် ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို အမြဲတစေဂရုပြုလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရရှိသောဘဏ္ဍာငွေနှင့်ရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် အဓိကမဏ္ဍိုင် တစ်ခုဖြစ်သော်လည်း အခြားသက်ဆိုင်ရာကဏ္ဍ လုပ်ငန်းများနှင့် ဆက်စပ် နီးနွှယ်နေသောကြောင့် သက်ဆိုင်ရာကဏ္ဍပေါင်းစုံ ပါဝင်ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့လှူဒါန်းမှု အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ငွေကျပ် သိန်း ၅၀၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ငွေကျပ် ၇၀၅ သိန်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ကောလိပ်၊ သိပ္ပံ နှင့်ကျောင်းများမှ ဆရာ ဆရာမများနှင့် ဝန်ထမ်းမိသားစုများကိုယ်စား ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက ငွေကျပ်သိန်း ၂၇၀ တို့ကို ပေးအပ် လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့အငှားအိမ်ရာ အခန်းပေါင်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်သူ့အငှားအိမ်ရာ Public Rental Housing အခန်း ပေါင်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမဆောင်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**ချိတ်ဆက်တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်း အတွင်းဝန်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှု၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မန္တလေး တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး ဝန်ကြီး ဦးဇာနည်အောင်၊ ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းချုပ် သုံးခုတို့မှ ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် ချိတ်ဆက် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြည်သူ့ အငှားအိမ်ရာစီမံကိန်း အခန်း ၁၀၀၀၀ စာချုပ်ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ယနေ့အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေများကို လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း။

ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ပန္နက်များချပြီးဖြစ်၍ လုပ်ငန်းများစတင်အကောင်အထည် ဖော်နိုင်ရန်နှင့် ယနေ့အစည်းအဝေးတွင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် ညှိနှိုင်း ဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများ အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေး ပေးကြစေလိုပါကြောင်း။

ပြည်သူ့အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများနေထိုင်ရန် အဆင်ပြေမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်း များလည်းရရှိလာမည် ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစွာ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင် ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ယနေ့အစည်းအဝေးသည် အိမ်ရာစီမံကိန်းများကို စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာချုပ်များကို အတည်ပြုနိုင်ရေး ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေး ဖြစ်ပါကြောင်း၊ စာချုပ်များကိုလည်း သက်ဆိုင်ရာအဖွဲ့ အစည်းများသို့ ပေးထားပြီးဖြစ်ပါကြောင်း၊ ယခုစာချုပ်ပါ အချက်များနှင့်ပတ်သက်၍ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို ဆွေးနွေးပေးကြစေလိုပါကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံ ငွေများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ချမှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ခွဲဝေပေး မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ် ပါကြောင်း၊ လုပ်ငန်းများအမြန်ဆုံး ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြော ကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်နှင့် ဦးဇာနည်အောင်၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝိတ်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်ဥက္ကဋ္ဌ ဦးကျော် ဝင်းနှင့် တာဝန်ရှိသူများက ပြည်သူ့အငှားအိမ်ရာစီမံကိန်း စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လိုအပ်ချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေး သဘောတူညီမှုရယူပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား သည်။

သတင်းစဉ်

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီ ရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့ နေရသည့် မြန်မာနိုင်ငံသား ၈၅ ဦးအား Air India လေကြောင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည် ခေါ်ဆောင်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၇ ဦးအား တိုကျိုမြို့ မြန်မာသံရုံးမှ စီစဉ်သည့် (၉)ကြိမ်မြောက် All Nippon Airways(ANA) လေကြောင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် တိုကျိုမြို့ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည် ခေါ်ဆောင်ခဲ့ရာ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိ ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင် စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

သတင်းစဉ်



ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ရေးစီမံချက်၏ ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးမြှင့်တင်ရေးစီမံချက်၏ ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး Riikka Laatu၊ Ms Sanna Takala, Counsellor (Development), Embassy of Finland၊ Ms Min Jeong Kim, Head of Office, UNESCO Myanmar နှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ UNESCO Myanmar Office မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ဆရာအတတ်ပညာရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ရေးအစီအစဉ်အား နည်းပညာအကူအညီ၊ ဘဏ္ဍာရေး အကူအညီတို့ ပံ့ပိုးပေးသည့် ဖင်လန်နိုင်ငံအစိုးရနှင့် ယူနက်စကိုတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ရေးစီမံချက် ဒုတိယအပိုင်း (STEM Project Phase II) ကာလအတွင်း ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်း၌ မူဝါဒနှင့် သင်ကြားသင်ယူမှုစွမ်းဆောင်ရည်များ တိုးမြှင့်ခြင်းတို့ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးဒီဂရီကောလိပ် သင်ရိုးသစ် ရေးဆွဲခြင်း၊ ကျား၊ မရေးရာ တန်းတူညီမျှမှု၊ ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆရာ့အခွင့်အလမ်းစသည်တို့တွင် နည်းပညာအကူအညီရယူဆောင်ရွက်ခဲ့ပါကြောင်း၊ (၂)နှစ်သင်ပညာရေးကောလိပ်များကို (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ဒုတိယနှစ်ဝက်နှင့် ဒုတိယနှစ် သင်ရိုးပုံနှိပ်စာအုပ်၊ ဆရာလမ်းညွှန်စာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ပြီးဟု သိရပါကြောင်း၊ အခြေခံပညာ၊ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ကို ရေးဆွဲရာတွင် ကူညီပံ့ပိုးမှုအား ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါအစီအစဉ်သည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)ကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။



**အကဲဖြတ်ဆွေးနွေး**

ထို့နောက် အစည်းအဝေးအား ဆက်လက်ကျင်းပရာ STEM Project ၏ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ဆောင်ရွက်ချက်များ၊ စီမံချက်၏ အပိုင်း(၂) အစီရင်ခံစာနှင့် ပညာရေးဒီဂရီကောလိပ် သင်ရိုးသစ် အကောင်အထည်ဖော်မှုကို အကဲဖြတ်ခြင်း အစီရင်ခံစာတို့ကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပန်းပု အထိမ်းအမှတ် ၂၀၀ ကျပ်တန် တံဆိပ်ခေါင်းသစ် ရောင်းချ




**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့ယဉ်ကျေးမှု သုခုမ အနုပညာရပ်များကို မျိုးဆက်သစ် လူငယ်များအကြား ပိုမိုသိရှိ အလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းပုအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၂၀၀ ကျပ်တန်) (၁)မျိုးအား အောက်တိုဘာ ၉ ရက်(သောကြာနေ့)၊ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၉ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် Firstday Cover များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ ညတိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ အောက်တိုဘာ ၉ ရက် ညပိုင်းတွင် ပွဲစဉ် ၁၀ အဖြစ် PLUS THREE တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် အကယ်ဒမီ နေအောင်၊ ဂျေမောင်မောင်၊ ချစ်ကောင်း၊ ဖြိုးကြီး၊ မိုးထက်မြင့်၊ Mဇော်ရိန်၊ မေခလာ၊ အိုင်ရင်းဇင်မာမြင့်၊ ပိုပိုဟေသာ၊ ပိုးမီ၊ မေ၊ ဝင်းပပသိန်းတန် တို့ကဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို အောက်တိုဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ မြန်မာ့ရုပ်ရှင်မှ

ယင်းအွန်လိုင်းရုပ်ရှင်ပွဲတော်တွင် Mahar Mobile Application ဖြင့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၅၀၀ ကျော်ကို Promo Code (102020) ဖြင့် အောက်တိုဘာ ၈ ရက်မှ ၃၁ ရက်အထိ လည်းကောင်း၊ Cookie Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားပေါင်း ၅၀ ကျော်၊ ရုပ်သံလိုင်းပေါင်း ၅၀ ကျော်နှင့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Movie Album များကို Promo Code (MMFILM 100) ဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ Pyone Play Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကား ၃၀ နှင့် ဇာတ်လမ်းတွဲများအား လည်းကောင်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျောင်းကုန်းမြို့နယ် ကိုဗစ်ကော်မတီသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် အလှူငွေများ လှူဒါန်း




**ကျောင်းကုန်း အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများနှင့် အလှူငွေ လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ကျင်းသည်။

အခမ်းအနားတွင် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ရရှိထားသောအလှူငွေများကို ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့တွင် We Love Yangon အဖွဲ့က တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅၀ လှူဒါန်းမှုကို ကိုယ်စား ဒေါက်တာသန်းနိုင်ဦးနှင့် ဦးဝင်းဝင်းထွန်းတို့က လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် Asian Crops Global စိုက်ပျိုးရေးဆေးကုမ္ပဏီ (ရန်ကုန်)နှင့် ဖူးသစ်လုပ်ငန်းစု (ကျောင်းကုန်း)တို့က အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေး အပ်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## လေးမျက်နှာမြို့နယ်၌ စာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

**လေးမျက်နှာ အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်း ၇၆ ဦးအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေဝဏ္ဏသူတို့က လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရပ်ကွက် /ကျေးရွာစာရေးဝန်ထမ်း ၇၆ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းကို ဝန်ထမ်းများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

# အနာကြီးရောဂါ နာတာရှည်ဝေဒနာခံစားနေရသူများနှင့် နောက်ဆက်တွဲ မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီနိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၇**

အနာကြီးရောဂါ နာတာရှည်ဝေဒနာခံစားနေရသူများနှင့် နောက်ဆက်တွဲ မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီနိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ဆွေးနွေးသည်။

**ပြည်သူနှင့်ပိုမိုနီးစပ်လာ**

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပဋိညာဉ်သန္နိဋ္ဌာန်တည်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ ဘဝစက်ဝန်းတစ်လျှောက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူများနှင့် ပိုမိုနီးစပ်လာသည်ဟု ခံစားရပါကြောင်း၊ နိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲတွင် လူတစ်ဦးချင်း၏ အခွင့်အရေးကို ဖော်ဆောင်ရာ၌ ဒီမိုကရေစီစံနှုန်းကို မြှင့်တင်ရန်နှင့် တရားဥပဒေစိုးမိုးမှုရှိရန် အဓိကကျပါကြောင်း၊ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများကို ကာကွယ်စောင့်ရှောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုရရှိရန် မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာများချမှတ်ပြီး စနစ်တကျဖော်ဆောင်မှသာ အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ အနာကြီးရောဂါခံစားရသူများသည် ကိုယ်အင်္ဂါမသန်စွမ်းကြသော်လည်း စိတ်သန်စွမ်းသူများဖြစ်အောင် မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်က ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ခွဲခြားဆက်ဆံခြင်းကင်းပြီး ကိုယ်ချင်းစာစိတ်ဖြင့် အသိပညာပေးခြင်း၊ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံအနာကြီးရောဂါခံစားနေရသူများအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောင်းလဲလာသော ဒီမိုကရေစီစနစ်ကြောင့် မိမိတို့ကို လူအများ၏နောက်ကွယ်တွင် နေထိုင်ကြရသောသူများဟု နောက်ချန်မထားခဲ့ဘဲ အသိအမှတ်ပြုခံရခြင်းအတွက် ကျေးဇူးတင်ဝမ်းသာမိပါကြောင်း၊ မိမိတို့အသင်းအဖွဲ့အနေဖြင့် မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့နယ်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်းနှင့် အနာကြီးရောဂါခံစားနေရသူများ၏ အရှက်၊ သိက္ခာများအတွက် မားမားမတ်မတ်ရပ်တည်ပေးနေခြင်းကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မိမိဘဝ၊ မိမိအသက်ကို ရှင်သန်အောင် ကြိုးစားနေထိုင်စဉ် ယခုကဲ့သို့ ထောက်ပံ့ခြင်းများကို ကြားရ ကြုံရခြင်းအတွက် ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားသည်။

**ထပ်မံထောက်ပံ့ရေး**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် အနာကြီးရောဂါခံစားနေရသူများရှိသည်ကို သိရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလအတွင်း ထောက်ပံ့မှုများဆောင်ရွက်ရာတွင် ကျန်ရှိနေသူများရှိနိုင်သည့်အတွက် ထပ်မံထောက်ပံ့နိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းရပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ The Leprosy Mission (မြန်မာ)၊ မြန်မာနိုင်ငံအနာကြီးရောဂါခံစားနေရသူများအသင်း၊ အနာကြီးနှင့် မသန်စွမ်းမှုကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ကျောက်ဖြူမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဖြူ အောက်တိုဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျောက်ဖြူမြို့နယ်အတွင်း မြေသားလမ်း (၂/၀)မိုင်၊ ဒီရေတော မြေဖို့ခြင်းလုပ်ငန်း(၀/၆)မိုင်၊ ကျောက်ချောလမ်း(၄/၁)မိုင်၊ ၂၅ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ရေထုတ်ပြွန်တံတားရှစ်စင်း၊ ပိုက်ပြွန်တံတားလေးစင်းနှင့် ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း နှစ်ခုတို့အား ခွင့်ပြုငွေကျပ် ၁၀၅၉ ဒသမ ၆၇၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရာနှုန်းပြည့်ပြီးစီး**

အဆိုပါ လုပ်ငန်းများအနက် ဆင်ဘုတ်ကျေးရွာအုပ်စု လူချေတောင်ရင်း ကျွန်းချောင်စပါးထားလမ်းနှင့် မော်ကြီး- ကြောင်တင်- မအူတော- ဝါးတော- လိပ်ပြင်ဒွန်- ငစိမ့်ပြင်- မော်ကြီး ကျွန်းပတ်လမ်းတို့ကို ဆက်သွယ်ပေးမည့် ဒီရေတော(၀/၆)မိုင်အား ရှစ်ပေထု မြေဖို့ခြင်းလုပ်ငန်းနှင့် ချောင်းဝကျေးရွာအုပ်စု ချောင်းဖျား- ကုလားဘာလမ်းပေါ်ရှိ ရေထုတ်ပြွန်တံတား လေးစင်း၊ ပိုက်ပြွန်တံတားနှစ်စင်း လုပ်ငန်းတို့မှာ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအားလုံး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**လျင်မြန်စွာသွားလာနိုင်မည်**

ယင်းဒီရေတော(၀/၆)မိုင်၊ အကျယ်၂၆ ပေ၊ အမြင့်ရှစ်ပေ မြေဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခင်က ရေလမ်းခရီးကိုသာ အားကိုးအားထားပြုနေရသော မော်ကြီးကျွန်းပေါ်ရှိ ဒေသခံပြည်သူများအနေဖြင့် မော်ကြီး- ကြောင်တင်- မအူတော- ဝါးတော- လိပ်ပြင်ဒွန်- ငစိမ့်ပြင်မော်ကြီးကျွန်း ပတ်လမ်းမှတစ်ဆင့် ဒီရေတောလမ်း၊ လူချေတောင်ရင်း- ကျွန်းချောင်- စပါးထားလမ်းတို့ကိုဖြတ်ကာ ကျောက်ဖြူမြို့သို့ လျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး မော်ကြီးကျွန်းပေါ်ရှိ ကျေးရွာပေါင်းကိုးရွာ၊ အိမ်ထောင်စု ၅၈၆ စုနှင့် လူဦးရေ ၂၇၀၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည့် အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုကြောင့် မြို့ပြနှင့်ကျေးလက် လူမှုဆက်ဆံရေးအားကောင်းလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရသေ့တောင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ငွေကျပ် ၂၅၈ သန်းကျော်ဖြင့် ဆောင်ရွက်ပြီးစီး

**ရသေ့တောင် အောက်တိုဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရသေ့တောင်မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု ရန်ပုံငွေကျပ် ၂၅၈ ဒသမ ၃၈၄ သန်းဖြင့် ကျောက်လမ်း(၁/၂)မိုင်၊ ပေ ၂၀ ဘေလီတံတားတစ်စင်းနှင့် မြေသားရေကန်တစ်ကန် တူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပန်းဖော်ပြင်ကျေးရွာမှ အငူမော်-ဘူးသီးတောင်လမ်းမအထိ (၁/၂)မိုင် ကျောက်ခင်းခြင်း၊ ယင်းလမ်းပေါ်တွင် ပေ ၂၀ ဘေလီတံတားတစ်စင်း တည်ဆောက်ခြင်းနှင့် အဝတာကျေးရွာတွင် (၁၀၀ x ၁၀၀ x ၆)ပေ မြေသားရေကန်တစ်ကန် တူးဖော်ခြင်းလုပ်ငန်းတို့ကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယင်းကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်ပေးခြင်းကြောင့် နယ်စပ်ဒေသရှိ ကျေးလက်နေပြည်သူများ စစ်တွေမြို့နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ရာသီမရွေး သွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(ပြန်/ဆက်)**

# ခရမ်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**ခရမ်း အောက်တိုဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကိုဗစ် -၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို မြို့နယ်နေပြည်သူများက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ခရမ်းမြို့နယ်တွင် ပိုးတွေ့လူနာ ၈၇ ဦးအထိရှိနေပြီး ၎င်းတို့နှင့် ထိစပ်သူများကို ခရမ်းမြို့မိုးကုတ်ရိပ်သာ၊ အောင်ဓမ္မရိပ်သာ၊ မဟာစည်သပြေကုန်းရိပ်သာနှင့် ခရမ်းမြို့အထက(၂) မြို့မကျောင်းတို့၌ အသွားအလာ ကန့်သတ်စောင့်ကြည့်စခန်းများ ဖွင့်လှစ်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးလျက်ရှိရာ အဆိုပါစခန်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို မြို့နေပြည်သူများက လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် ခရမ်းမြို့နယ် ပညာအားမာန် အောင်မြင်သူများ ပရဟိတအဖွဲ့က KN 95 နှာခေါင်းစည်း ၅၀၀ နှင့် ခွဲစိတ်ခန်းသုံးဝတ်စုံ ၁၀ စုံ၊ ခရမ်းမြို့အမှတ်(၈)ရပ်ကွက်နေ ဦးတင်မောင် - ဒေါ်ကြည်မိသားစုက အလှူငွေကျပ်နှစ်သိန်းနှင့်တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ စွယ်တော်ဆေးဆိုင်က ခွဲစိတ်ခန်းသုံးဝတ်စုံ ၅၀ နှင့် ခရမ်းမြို့နယ် အသင်း(ရန်ကုန်)အသင်းနာယက ဦးသန်းလွင် - ဒေါ်တင်တင်မိသားစုက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀ နှင့် KN 95 နှာခေါင်းစည်း ၁၀၀ တို့ကို လာရောက်လှူဒါန်းကြရာ ခရမ်းမြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ရင်နှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မျက်ခမ်းစပ်ကင်းစင် မြန်ပြည်တစ်ခွင်

ဒေါက်တာကိုဦး (လင်းသစ္စာ)
မျက်စိအထူးကုဆရာဝန်ကြီး

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်နေ့သည် နိုင်ငံတော်အစိုးရနှင့် မိမိတို့ဝန်ကြီးဌာနနှင့် မျက်စိရောဂါကုသပေးလျက်ရှိသော ဌာနအားလုံးအတွက် မင်္ဂလာရှိသောနေ့ရက်ဖြစ်ခဲ့ပေသည်။ အကြောင်းကား စက်တင်ဘာလ ၉ ရက်နေ့မှစတင်ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ၏ (၇၃) ကြိမ်မြောက် အစည်းအဝေး၏ ဒုတိယမြောက်နေ့ဖြစ်သော ဤနေ့တွင် အရှေ့တောင်အာရှဒေသများအတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ပေးအပ်ပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင်မျက်ခမ်းစပ်ရောဂါအားပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးအောင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh က မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါကင်းဝေးကြောင်း အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူခဲ့သည်။

ယခင်က ကမ္ဘာတစ်ဝန်းတွင် မျက်ခမ်းစပ်ရောဂါဖြစ်ပွားလျက်ရှိသော နိုင်ငံပေါင်း ၅၇ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်ပင် မျက်ခမ်းစပ်ရောဂါကာကွယ်ရေးစီမံချက်ကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်၍ ဖုန်ထူထပ်သောဒေသများဖြစ်သည့် ချောက်၊ မြင်းခြံ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မင်းဘူး၊ မကွေး အစရှိသော အပူပိုင်းဒေသများတွင် ကူးစက်နိုင်သော မျက်ခမ်းစပ်ဖြစ်ပွားမှု ၄၃ ရာခိုင်နှုန်းခန့်ရှိပြီး မျက်ခမ်းစပ်ရောဂါသည် မျက်မမြင်ခြင်းကို အဓိကဖြစ်စေသော ပြည်သူ့ကျန်းမာရေး ပြဿနာကြီးတစ်ခု ဖြစ်ခဲ့သည်။

မျက်ခမ်းစပ်ရောဂါသည် အသက် ၁၀ နှစ်အောက်ကလေးများတွင် အဖြစ်များပြီး တစ်ဦးမှတစ်ဦးသို့ ကူးစက်မှုဖြစ်တတ်ပါသည်။ ယင်းရောဂါ၏ နောက်ဆက်တွဲဖြစ်သော မျက်ခွံအတွင်းသို့ ကုပ်ဝင်၍ မျက်တောင်စိုက်ခြင်းနှင့် မျက်ကြည်လွှာပေါ်တွင် အပြင်တိမ်ဖြစ်သည်တို့ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုဖြစ်ပွားသည်ကို လေ့လာတွေ့ရှိရသည်။

မျက်ခမ်းစပ်ရောဂါသည် မျက်ခမ်းစပ်ရောဂါပိုး (Clamydiae အနွယ်ဝင် Trachomatis ပိုး) ကြောင့် ဖြစ်သည်။ ယင်းပိုးများ မျက်စိ၏ မျက်မြှေးပါးအတွင်းသို့ ဝင်ရောက်ခြင်းမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မျက်မြှေးပါး မျက်ကြည်များရောင်ရမ်းခြင်း၊ အထက်မျက်ခွံအတွင်းပိုင်း မျက်မြှေးပါးနှင့် မျက်ဝန်းအပေါ်ပိုင်းတို့တွင် ကြာဆူးလေးများ ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် ကြာဆူးနေရာ၌ အမာရွတ်များ ဖြစ်ပေါ်လာသည်။ ရောဂါလက္ခဏာများမှာ ရောဂါသက်တမ်းနှင့် ရောဂါပြင်းထန်မှုအခြေအနေများအပေါ်တွင် မူတည်ပြီး အနု၊ အရင့်ကိုလိုက်၍ အဆင့်များခွဲခြားထားပါသည်။ များသောအားဖြင့် မျက်စိ ယားယံခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ မျက်ရည်ယိုခြင်း၊ ခိုးလိုးခုလုခံစားရခြင်း စသောလက္ခဏာများကို ခံစားရပါသည်။ သန်းပေါင်းများစွာသော လူသားများသည် မျက်ခမ်းစပ်ရောဂါကြောင့်လည်းကောင်း၊ နောက်ဆက်တွဲဖြစ်သော မျက်တောင်စိုက် မျက်မွေးစူးကြောင့် မျက်စိမှုန်၊ မျက်စိကွယ်ခြင်း ဖြစ်ပေါ်ခံစားခဲ့ရပေသည်။

ထို့ကြောင့် ကူးစက်မျက်စိရောဂါဖြစ်သည့် မျက်ခမ်းစပ်ရောဂါကို ကာကွယ်ခြင်း၊ ထိရောက်စွာကုသပေးခြင်းတို့အား မျက်ခမ်းစပ်စီမံကိန်း (Trachoma Control Programme) ရှိ ကျန်းမာရေးဝန်ထမ်းများ၊ မျက်စိအထူးကုဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သကဲ့သို့ နိုင်ငံတော်အစိုးရကလည်း စီမံကိန်းများအရ ရေရရှိရေးအတွက် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး၊ ဆည်များ၊ ရေကာတာများ တည်ဆောက်ပေးခြင်း၊ ပညာရေးဌာနနှင့် ကျောင်းကျန်းမာရေးဌာန ပူးပေါင်းကာ မူလတန်းအဆင့် မှစတင်ကာ ပညာပေးဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများ၊ ဆေးဝါးနှင့် မျက်စဉ်းများ ဖြန့်ဝေပေးခြင်းတို့ကြောင့် မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားမှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာလျော့နည်းသွားခဲ့ပေသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါကင်းဝေးကြောင်း အသိအမှတ်ပြု ဂုဏ်ပြုလွှာလက်ခံရယူပြီး တွေ့ရစဉ်။

**မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ Tetracycline မျက်စဉ်းတောင့် ရှစ်သိန်းခွဲခန့် ပေးနိုင်ခဲ့ပါသည်။ ကူးစက်မျက်ခမ်းစပ်ဖြစ်ပွားသူ ၅၇၅၂၀ အား လည်းကောင်း၊ မျက်တောင်စိုက် မျက်မွေးစူး လူနာပေါင်း ၃၀၆၆၄ ဦးခန့်အား လည်းကောင်း ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်စာရင်းအရ ကူးစက်မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်း ၀ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် မျက်တောင်စိုက် မျက်မွေးစူးဖြစ်ပွားမှုနှုန်း ၀ ဒသမ ၀၇ ရာခိုင်နှုန်းသာ ရှိတော့သဖြင့် မျက်ခမ်းစပ်ရောဂါပပျောက်ကြောင်း ကြေညာရန် စံနှုန်းများ ပြည့်မီနေကြောင်း တွေ့ရှိရ။**

ထို့အတူ ၁၉၉၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံမှ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်မှ မျက်ခမ်းစပ်ရောဂါ ပပျောက်စေရန်အလို့ငှာ (Global Elimination of Trachoma G.E.T 2020) ကိုချမှတ်ပြီး ကုသရေးနည်းဗျူဟာအဖြစ် SAFE strategy ကို ချမှတ်ခဲ့ပါသည်။

**S = Surgery For Trichiasis**
**မျက်တောင်စိုက်ဝေဒနာ ခွဲစိတ်ကုသပေးခြင်း**
**A = Antibiotic to Treat**
**မျက်စဉ်းဆေးဝါးဖြင့်ကူးစက်မျက်ခမ်းစပ်ကို ကုသပေးခြင်း**
**F = Facial Clean Liness**
**မျက်စိနှင့်မျက်နှာအား သန့်ရှင်းမှုပေးခြင်း(မျက်နှာသစ်ခြင်း)**
**E = Enviromental Improvement**
**ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း တိုးမြှင့်ပေးခြင်း (ရေကောင်းရေသန့် ရရှိရေး၊ ယင်လုံအိမ်သာတည်ဆောက်ရေး၊ အမှိုက်စနစ်တကျ စွန့်ပစ်ရေး)**

မြန်မာနိုင်ငံအနေဖြင့် SAFE နည်းဗျူဟာကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ချက် (Primary Health Care– PHC )နှင့် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မျက်မမြင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကာကွယ်၊ ကုသ ဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။



World Health Organization
South-East Asia

Citation

Trachoma is the world's major infectious cause of blindness. The bacterial infection has for many years been endemic to Myanmar, primarily concentrated in the central 'dry zone' stretching through the Ayeyarwady river plain. Based on surveys undertaken in the 1960s and 1970s, Myanmar's Ministry of Health and Sports identified high levels of disease in 11 districts of the dry zone, which has a population of around 6.2 million people.

In 1964 the Ministry of Health and Sports initiated a trachoma control project with the support of WHO and UNICEF. The project provided people with trachomatous trichiasis access to surgery and people with active trachoma access to topical antibiotic treatment. The project applied proven community-based interventions focused on improving water, sanitation and hygiene and promoting health education and behavioural change. It expanded primary and secondary eye care interventions through village eye health examinations, school eye health examinations and outpatient services to reach the unreached in remote locations.

In 1985 the Ministry of Health and Sports renamed the project the 'Trachoma Control and Prevention of Blindness Programme'. Since the programme began more than 50 years ago it has provided 6.5 million people life-changing treatment with tetracycline eye ointment. In 2018, the programme made oral azithromycin available as an alternative therapeutic option for patients diagnosed with active trachoma.

Annual period prevalence data from between 2010 and 2015 demonstrated the programme's steady success, showing that active trachoma is no longer a public health problem in Myanmar. This was confirmed in a series of pre-validation surveys conducted in 2019 in districts where trachoma was once endemic. The survey demonstrated that all targets for the elimination of trachoma had been met, with each of the 11 once-affected districts reporting trachomatous inflammation follicular prevalence of less than 5% among 1–9-year olds and trachomatous trichiasis prevalence of less than 0.2% among those aged 15 years and above.

WHO deems it a great honour to acknowledge and congratulate the Republic of the Union of Myanmar for having eliminated trachoma as a public health problem. Myanmar's remarkable success was achieved through steadfast national commitment and the forging of sustained, effective partnerships among other strategic priorities. WHO congratulates Myanmar for its public health achievement, which advances the Region's Flagship Priority Programme on eliminating diseases on the verge of elimination.

Date: 10 September 2020

Dr Poonam Khetrapal Singh
Regional Director
WHO South-East Asia Region

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မျက်ခမ်းစပ်ရောဂါကင်းစင်ကြောင်းကြေညာရန် စံနှုန်းများသတ်မှတ်ထားပါသည်။ တစ်နှစ်မှ ကိုးနှစ်ကြား ကလေးငယ်များ၏ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်း ငါးရာခိုင်နှုန်းအောက်သို့ ကျဆင်းရန်နှင့် မျက်တောင်စိုက် မျက်မွေးစူးရောဂါဖြစ်ပွားမှုနှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်း အောက်သို့ကျဆင်းရန်တို့ ဖြစ်ပါသည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ Tetracycline မျက်စဉ်းတောင့် ရှစ်သိန်းခွဲခန့် ပေးနိုင်ခဲ့ပါသည်။ ကူးစက်မျက်ခမ်းစပ်ဖြစ်ပွားသူ ၅၇၅၂၀ အားလည်းကောင်း၊ မျက်တောင်စိုက် မျက်မွေးစူးလူနာပေါင်း ၃၀၆၆၄ ဦး ခန့်အား လည်းကောင်း ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ၂၀၁၇ခုနှစ်စာရင်းအရ ကူးစက်မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်း ၀ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် မျက်တောင်စိုက် မျက်မွေးစူးဖြစ်ပွားမှုနှုန်း ၀ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိတော့သဖြင့် မျက်ခမ်းစပ်ရောဂါပပျောက်ကြောင်း ကြေညာရန်စံနှုန်းများ ပြည့်မီနေကြောင်း တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် နေပြည်တော် ရွှေပြည်တော်ဟိုတယ်၌ Pre-survey workshop for Trachoma Elimination အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပကာ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်း စစ်တမ်းကောက်ယူရန် လိုအပ်သောအချက်အလက်များအား ဝိုင်းဝန်းအဖြေရှာပြီး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးနိုင်ခဲ့ပေသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ပထမအပတ်အတွင်း မြန်မာနိုင်ငံ၌ Trachoma Prevalence Survey စနစ်တကျကောက်ယူနိုင်ရေးအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဝန်ထမ်းအချို့ကို အီသီယိုးပီးယားနိုင်ငံသို့စေလွှတ်ပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျကိုက်ညီမှုရှိစေရန်အတွက် လေ့ကျင့်သင်ယူစေခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော တိုင်းဒေသကြီး သုံးခုမှ မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၄၂၀ တွင် Trachoma Prevalence Survey အား စနစ်တကျကောက်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်း၊ ရွှေဘိုနှင့် မုံရွာမြို့နယ်များ၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ ချောက်၊ တောင်တွင်းကြီး၊ မင်းဘူး၊ ပခုက္ကူ၊ မြိုင်၊ ဂန့်ဂေါမြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီးတွင် စဥ့်ကိုင်၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာမြို့နယ်များကို ရွေးချယ်ကာ တစ်နှစ်မှကိုးနှစ်အထိ ကလေးများအား မျက်ခမ်းစပ်ရောဂါပိုးရှာဖွေခြင်းနှင့် ဖြစ်ပွားမှုနှုန်းကို သိရှိနိုင်ရန်အတွက် တစ်မြို့နယ်တွင် ကလေး ၄၀၀ ခန့်စီအား Trachoma Follicle (TF) ခေါ် အပေါ်မျက်ခွံအတွင်း မျက်မြှေးပေါ်တွင် သာကူစေ့သဏ္ဍာန်ကြာဆူးများ ရှိ၊ မရှိနှင့် အသက် ၁၅ နှစ်နှင့်အထက်တွင် ဖြစ်ပွားသော နောက်ဆက်တွဲရောဂါဖြစ်သည့် မျက်ခွံအတွင်းသို့ ကုပ်ဝင်၍ မျက်တောင်စိုက်ခြင်း ရှိ၊ မရှိအား လူဦးရေ ၂၀၀၀ မှ ၂၅၀၀ ခန့်ကို လည်းကောင်း စစ်တမ်းကောက်ယူခဲ့ရာ ကူးစက်မျက်ခမ်းစပ်ရောဂါ ရှိသူ (TF) သည် ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် မျက်တောင်စိုက် မျက်မွေးစူးဖြစ်သူ TT သည် ၀ ဒသမ ၀၄ ရာခိုင်နှုန်းသာ တွေ့ရှိရသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိသည့်အပြင် ဖြစ်ပွားမှုနှုန်းမှာ ပို၍နည်းပါးကြောင်း လေ့လာတွေ့ရှိရပေသည်။ ထို့အပြင် မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းတစ်ခုဖြစ်သည့် ရေရှားပါးမှုကို သိစေရန်အတွက် ဖော်ပြပါ မြို့နယ် ၁၄ မြို့နယ်ရှိ အိမ်ထောင်စုဝင်ပေါင်း ၉၀၀ ခန့်စီအား သန့်ရှင်းသော ရေရရှိမှု၊ သုံးစွဲမှုနှင့် ယင်လုံအိမ်သာထားရှိ အသုံးပြုမှုတို့အား သတ်မှတ်ထားသော စံညွှန်းများနှင့်အညီ ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာဆန်းစစ်ခဲ့ရာ လုံလောက်သော စံနှုန်းများ ရရှိခဲ့ပေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကြီးက ချမှတ်ထားသော SAFE Strategy အရ လိုက်နာဆောင်ရွက်မှု ရှိခြင်းအပြင် မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်းသည် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိခဲ့ကြောင်း ဆန်းစစ်တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့်ယခင်က ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်ခဲ့သည့် မျက်ခမ်းစပ်ရောဂါသည် ယခုစစ်တမ်းများအရလည်းကောင်း၊ နှစ်စဉ်ကောက်ယူရရှိထားသောအချက်အလက်များကြောင့်လည်းကောင်း မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ကင်းစင်ကြောင်း ကြေညာရန်အတွက် အကျိုးတရားဖြစ်ခဲ့ပေသည်။ "လှိုင်းကြီးလှေအောက်"၊ "တောင်ကြီးဖဝါးအောက်" ဆိုတဲ့စကားကဲ့သို့ပင် တစ်ချိန်ကဖြစ်ပွားခဲ့သော ရောဂါဆိုးကြီးကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မျက်စိအထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ကြီးဌာနနှင့် အခြားနီးနွယ်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ (I.N.G.O) အပြင် မြန်မာနိုင်ငံအတွင်းမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ (N.G.O) နှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ အောင်မြင်ရခြင်းဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရပါမူ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ခန့်က မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် စာရင်းဝင်ခဲ့သော မျက်ခမ်းစပ်ရောဂါသည် ယခုအခါမှသာ ယင်းပြဿနာမှ ကင်းဝေးရခြင်းသည် "ပြည်သူသာလျှင်အဓိက" ဆိုသည့်အတိုင်း အမိမြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုမှာ ပဓာနကျပေသည်။ မျက်ခမ်းစပ်ရောဂါ ကင်းစင်ကြောင်း ကြေညာပြီးသော်လည်း ကျွန်ုပ်တို့၏တာဝန်က မပြီးဆုံးသေးပါ။ မျက်စိနှင့် ပတ်သက်သောရောဂါများ၊ အခြားရောဂါများကိုလည်း အချိန်မီပြသ၊ ကုသခြင်း၊ ကာကွယ်ခြင်းတို့ဖြင့် ရောဂါများမှ ကင်းစင်ကြောင်း အကျိုးတရားများ ရရှိစံစားရမည်ဖြစ်ကြောင်း သိရှိနားလည်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်ရပေဦးမည်ဖြစ်ကြောင်း ဆန္ဒပြုရေးသားအပ်ပါပေသည်။ ။

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်

## ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ

ကိုဗစ်ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတကာသတင်းတွေကို လေ့လာမယ်ဆိုရင်လည်း တခြားနိုင်ငံတွေမှာလည်း တော်တော်ပြန့်နေတယ်ဆိုတာတော့ သတိပြုမိမယ်လို့ ထင်ပါတယ်။ ဒုတိယလှိုင်းပေါ့။ တချို့က တတိယလှိုင်းတောင်ရောက်ပြီလို့ ခန့်မှန်းတဲ့သူတွေ ရှိပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဒုတိယလှိုင်း၊ တချို့နိုင်ငံတွေမှာတော့ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်။ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ ဘာကြောင့်ထိန်းထားနိုင်လဲလို့ ကြည့်လိုက်ရင် နိုင်ငံချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ နောက်ဆုံးကျတော့ ပြည်သူတွေ စည်းကမ်းရှိမှု၊ ပြည်သူတွေ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနဲ့ပဲ ဆိုင်တယ်ဆိုတာ ထပ်ပြီး ကျွန်မ သတိပေးပါရစေ။



(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၇-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ**

၁။ (၆-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၂၅၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ် | ၁၇၃ |
| | | မင်္ဂလာဒုံ | ၁၀၄ |
| | | မြောက်ဥက္ကလာပ | ၁၀၀ |
| | | ရွှေပြည်သာ | ၅၆ |
| | | လှိုင်သာယာ | ၅၄ |
| | | မရမ်းကုန်း | ၅၀ |
| | | အလုံ | ၄၀ |
| | | ကျောက်တံတား | ၃၉ |
| | | တောင်ဥက္ကလာပ | ၃၉ |
| | | သန်လျင် | ၃၇ |
| | | တွံတေး | ၃၃ |
| | | ကွမ်းခြံကုန်း | ၃၂ |
| | | သင်္ဃန်းကျွန်း | ၂၈ |
| | | လမ်းမတော် | ၂၄ |
| | | သာကေတ | ၂၂ |
| | | တာမွေ | ၂၁ |
| | | ကြည့်မြင်တိုင် | ၂၀ |
| | | မင်္ဂလာတောင်ညွန့် | ၁၇ |
| | | ဆိပ်ကြီးခနောင်တို | ၁၆ |
| | | ခရမ်း | ၁၅ |
| | | အင်းစိန် | ၁၄ |
| | | ထန်းတပင် | ၁၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၂ |
| | | စမ်းချောင်း | ၁၂ |
| | | လှိုင် | ၁၂ |
| | | ပန်းဘဲတန်း | ၁၁ |
| | | ဗိုလ်တထောင် | ၁၁ |
| | | ဒေါပုံ | ၉ |
| | | လသာ | ၉ |
| | | လှည်းကူး | ၉ |
| | | ရန်ကင်း | ၈ |
| | | ဒဂုံဆိပ်ကမ်း | ၇ |
| | | ဗဟန်း | ၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅ |
| | | ဒဂုံ | ၄ |
| | | ဒလ | ၃ |
| | | ပုဇွန်တောင် | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂ |
| | | တိုက်ကြီး | ၁ |
| | | မှော်ဘီ | ၁ |
| | | ထန်းတပင် | ၁ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၁၀၉၄ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၈ |
| | | ချမ်းမြသာစည် | ၆ |
| | | မိတ္ထီလာ | ၃ |
| | | ပြင်ဦးလွင် | ၂ |
| | | စဉ့်ကိုင် | ၂ |
| | | မဟာအောင်မြေ | ၂ |
| | | ပြည်ကြီးတံခွန် | ၂ |
| | | အမရပူရ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | ရမည်းသင်း | ၁ |
| | | စုစုပေါင်း | ၂၉ |
| ၃။ | ရခိုင်ပြည်နယ် | စစ်တွေ | ၇ |
| | | ကျောက်ဖြူ | ၇ |
| | | ကျောက်တော် | ၂ |
| | | တောင်ကုတ်* | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၉ |
| | | သနပ်ပင် | ၁၂ |
| | | သာယာဝတီ | ၇ |
| | | ညောင်လေးပင် | ၆ |
| | | ဒိုက်ဦး | ၅ |
| | | တောင်ငူ | ၁ |
| | | မိုးညို | ၁ |
| | | ဖြူး | ၁ |
| | | ရေတာရှည် | ၁ |
| | | စုစုပေါင်း | ၇၃ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဓနုဖြူ | ၂ |
| | | ကျုံပျော် | ၁ |
| | | ပန်းတနော် | ၁ |
| | | ပုသိမ် | ၁ |
| | | ဓနုဖြူ | ၁ |
| | | စုစုပေါင်း | ၆ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၄ |
| | | ဘီးလင်း | ၂ |
| | | သထုံ | ၂ |
| | | သံဖြူဇရပ် | ၁ |
| | | မုဒုံ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၇။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၃ |
| | | နတ်မောက် | ၁ |
| | | မအူ | ၁ |
| | | မြင်ပြင် | ၁ |
| | | စုစုပေါင်း | ၆ |
| ၈။ | နေပြည်တော် | ဇမ္ဗူသီရိ | ၅ |
| | | ဥတ္တရသီရိ | ၂ |
| | | ဒက္ခိဏသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၁ |
| | | တပ်ကုန်း | ၁ |
| | | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၉။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | နမ့်ဆန် | ၂ |
| | | ကလော | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၀။ | ကချင်ပြည်နယ် | မိုးကောင်း | ၁ |
| | | စုစုပေါင်း | ၁ |
| | (၆-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁၂၅၂) ဦး |

* ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူဖြစ်ပါသည်။

မှတ်ချက်။ (၆-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၅၂) ဦးတွင် အနံ့မရရှိသူ (၁၅၀) ပါဝင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

❂ ကိုဗစ်–၁၉ မှ

ခေတ္တညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဝင်း တို့နဲ့အတူ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်တို့က ပါဝင်ဆွေးနွေးဖြေကြားပေးသွားကြမှာ ဖြစ်ပါတယ်။

ဆရာကြီးတို့ အားလုံး မင်္ဂလာပါ။ ဒီနေ့အစီအစဉ်မှာ အချိန်ပေးပြီး ပါဝင်ဆွေးနွေးပေးတဲ့ ဆရာကြီးတို့အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ဒီနေ့ဆွေးနွေးမှုတွေ စတင်နိုင်ဖို့အတွက် ဆရာကြီး ဦးထွန်းမြင့်ကနေပြီး ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်လိုက်ပါတယ်။

**ဒေါက်တာထွန်းမြင့်**။ ။ ဒီအစီအစဉ်မှာ ပြည်သူတွေရဲ့ အသံကို နားထောင်ပြီးတော့ ပြည်သူတွေသိလိုတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ လေးစားရတဲ့ ဆရာကြီးတွေနဲ့ ဖြေဆိုခွင့်ပေးတဲ့ အစီအစဉ်ဖြစ်တဲ့အတွက် ပြည်သူတွေနဲ့လည်း ကျွန်တော်တို့ အတူတူ ရင်ဘတ်ချင်းနီးပြီးတော့ ပြည်သူတွေရဲ့ အပူတွေကို တစ်စိတ်တစ်ပိုင်း လျှော့ချပေးနိုင်မယ့် အစီအစဉ်ဖြစ်ပါတယ်။

သတင်းအမှန်တွေ ဒါတွေကိုလည်း တင်ပြနိုင်မယ့် အစီအစဉ်လည်း ဖြစ်နေတာပါ။ ဒီမှာတော့ မီဒီယာတွေ အားလုံးက မေးတာကိုပဲ ကနဦးဖြေဆိုခဲ့ကြတာ များပါတယ်။ ယခုဒီတစ်ခါမှာ လေးစားရတဲ့ ဆရာကြီးတွေနဲ့ အတူတူပေ့ါလေ၊ အစီအစဉ် တင်ဆက်သူအဖြစ် ပါဝင်ခွင့် ရနေတာလည်း ဆရာကြီးတွေကနေ သင်ယူနိုင်မယ့် အခွင့်အလမ်းရတာပါ။

ဆရာကြီးတို့ ခင်ဗျာ၊ ပြည်သူတွေက သိလိုပြီး မေးမြန်းထားတာတွေ၊ မေးခွန်းတွေ တချို့ရှိပါတယ်။ သူတို့ကိုယ်စား မေးမြန်းပေးမှာလဲ ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အခြေအနေအရဆိုရင်တော့ အောက်တိုဘာလ ၅ ရက်နေ့အထိဆိုရင် အားလုံးပေါင်း ၁၈၇၈၁ ဦးမှာ ပိုးတွေ့ရှိရတာ ဖြစ်ပါတယ်။

ရန်ကုန်ဆိုလို့ရှိရင် ၁၄၆၇၀ က ရန်ကုန်ကဖြစ်ပြီး တစ်နိုင်ငံလုံးရဲ့ ၇၈ ရာခိုင်နှုန်းဟာ ရန်ကုန်တိုင်းဒေသကြီးမှာ ပိုးတွေ့ခဲ့တာပဲ ဖြစ်ပါတယ်။ သေဆုံးသူတွေအနေနဲ့ ဆိုရင် တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့က ၄၄၄ ဦးရှိတဲ့ အထဲမှာ ရန်ကုန်က ၄၁၃ ဦးပါ။ ဒါကြောင့် သေဆုံးမှုမှာ တစ်နိုင်ငံလုံးရဲ့ ၉၃ ရာခိုင်နှုန်းက ကျွန်တော်တို့စီကပဲ ဖြစ်ပါတယ်။

အဲဒီတော့ ပြည်သူလူထုကလည်း သိချင်လာတဲ့ အထဲမှာ ရောဂါကူးစက်လာမှုတွေကလည်း များလာတယ်။ ဘာကြောင့်လဲဆိုတာလည်းပဲ ပါဝင်တာ ဖြစ်ပါတယ်ခင်ဗျာ။ ဒီနေရာမှာ စီမံခန့်ခွဲမှုမှာ လိုအပ်ချက်တွေ၊ ပြည်သူလူထု စည်းကမ်းလိုက်နာမှုတွေ၊ ဒီလိုအပ်ချက်တွေကိုလည်းပဲ ပြည်သူလူထုက သိချင်လာကြတာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး **ဒီရောဂါထိန်းချုပ်ရေး အခြေအနေနဲ့ပတ်သက်ပြီး ပညာရှင်တွေရဲ့အမြင်ကို ပြည်သူလူထုကလည်း သိချင်နေပါတယ်။** ဒါကြောင့် ကနဦး ဆွေးနွေးပေးဖို့ ဆရာကြီး ဦးသန်းဝင်းကို ကျွန်တော့် အနေနဲ့ ဖိတ်ခေါ်ပါရစေ။ ဆရာကြီး ဆွေးနွေးပေးပါခင်ဗျာ။

**ဒေါက်တာသန်းဝင်း**။ ။ ဒီနေ့အထိ အခုတစ်ခါကိုဗစ်–၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုမှာ ရန်ကုန်တိုင်းဒေသကြီးက ဖြစ်ပွားမှုကရော၊ သေဆုံးမှုရော အများအပြားဖြစ်နေတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားနေမှု၊ ဆောင်ရွက်ထားရှိမှုတွေကို နည်းပညာရှုထောင့်ကနေ သုံးသပ်ပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ အကုန်ပိုင်းနဲ့ စက်တင်ဘာလ လဆန်းပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ မြို့နယ်တချို့မှာ ကိုဗစ်–၁၉ ဗိုင်းရပ်စ် ကူးစက်ရောဂါ တစ်ခါပြန်ပြီး ကူးစက်ပြန့်ပွားလာတာပါ။ အဲဒီလို ကူးစက်ပြန့်ပွားလာမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်တချို့မှာ အခြေအနေ အကြောင်းအရာ တချို့ပေါ်ပေါက်ခဲ့ပါတယ်။

အားလုံးသိတဲ့အတိုင်း ရန်ကုန်မြို့ဟာ ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့အပြင် ပြည်တွင်း ပြည်ပကကော၊ တိုင်းတွင်း၊ တိုင်းပကကော အခြားနေရာက လူတွေလည်း အဝင်အထွက်များပါတယ်။ နောက်တစ်ခါ လူဦးရေကလည်း ထူထပ်ပါတယ်။

အဲဒီအချိန်မှာပဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ မြို့နယ်တချို့မှာ ကိုဗစ်–၁၉ ဗိုင်းရပ်စ် ကူးစက်ခံရပြီး သယ်ဆောင်ထားတဲ့ လူတချို့ကလည်း အကြောင်းကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ရောက်ရှိလာတာ ဖြစ်ပါတယ်။ အဲဒီအနေအထားမှာပဲ တစ်ဖက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းက လူတွေဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကူးစက်ရောဂါ ကာကွယ်ရေးအတွက် လိုက်နာမှု အပိုင်းမှာလည်း တော်တော်လေး အားလျော့လာတာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ဒီဘက်ကလည်း အားလျော့လာတယ်။ ဟိုဘက်ကလည်း ဗိုင်းရပ်စ်ပိုးသယ်ဆောင်လာတဲ့လူတွေ ရှိနေတဲ့အချိန်မှာပဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့မှာ စတင်ပြီးတော့ ကူးစက်ဖြစ်ပွားလာတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ မကြာသေးခင်က တွေ့ထားတဲ့ နည်းပညာဆိုင်ရာ အချက်အလက် တစ်ခုကလည်း ဒီကိုဗစ်–၁၉ ဗိုင်းရပ်စ် ကူးစက်ဖို့အတွက် အထောက်အကူပြုသလား၊ ပိုပြီးတော့များ ဖြစ်စေသလားဆိုပြီး ရှိတဲ့အတွက်ကြောင့် တင်ပြသွားမှာ ဖြစ်ပါတယ်။

အဲဒါက ကိုဗစ်–၁၉ ဗိုင်းရပ်စ်ရဲ့ Genetic Mutations လို့ခေါ်တဲ့ မျိုးရိုးဗီဇပြောင်းလဲမှုပါ။ ပိုပြီးတော့ ကူးစက်လွယ်တဲ့၊ ကူးစက်မြန်တဲ့ မျိုးရိုးဗီဇကို ပြောင်းသွားတယ်ဆိုတာကို ကျွန်တော်တို့နိုင်ငံမှာ ရှာဖွေတွေ့ရှိပြီး ဖြစ်ပါတယ်။

**ဗီတာမင်-ဒီ ဓာတ်ချို့တဲ့ရင် ရောဂါဒဏ်ခံနိုင်ရည် နည်းပါတယ်။ ကိုဗစ်ရောဂါကို ကာကွယ်နိုင်တယ်၊ ပျောက်စေနိုင်တယ်ဆိုတာတော့ မရှိပါဘူး။ နေကောင်းနေတဲ့သူတွေ၊ လူငယ်တွေ သောက်သုံးစရာ မလိုပါဘူး။ အသက်ကြီးတဲ့သူတွေ၊ အိမ်ထဲမှာနေတဲ့သူတွေ၊ ဒီလိုပဲ လူကြီးတွေ ဗီတာမင်-ဒီ နဲ့အတူ ဗီတာမင်-စီတို့၊ ဇင့်တို့ပါတဲ့ အားဆေးတွေ သောက်သုံးသင့်ပါတယ်။ သောက်သုံးတယ်ဆိုတဲ့ နေရာမှာလည်း ပမာဏပေါ့နော်၊ ဗီတာမင်-စီ ဆိုရင် များသောအားဖြင့် မီလီဂရမ် ၅၀ တို့၊ ၁၀၀ တို့လောက်၊ ဗီတာမင်-ဒီ ဆိုရင် ၅၀၀၀ IU အားတို့၊ ၁၀၀၀၀ IU အားတို့လောက်အထိ ဖြည့်စွက်တဲ့အနေနဲ့ သောက်တာရှိပါတယ်။ အားလုံးအနေနဲ့ ကတော့၊ အရေးကြီးဆုံးက မမြင်ရတဲ့ရန်သူကို ကာကွယ်နေရတာပါ။ အဲဒီတော့ အမြဲတမ်းသတိနဲ့နေဖို့၊ အားလုံးက Mask တပ်ဖို့၊ လမ်းမှာသွားမယ်ဆိုရင် မကြာခဏ လက်ဆေးဖို့၊ တတ်နိုင်ရင် အိမ်မှာနေဖို့၊ ဒီဟာတွေက ကာကွယ်တဲ့ နေရာမှာ အဓိကပဲဖြစ်ပါတယ်။**

ထိုနည်းအတိုင်းပဲ ကိုဗစ်–၁၉ ကူးစက်ခံရတဲ့ လူတချို့တွေကနေ ဘာရောဂါမှ ကြီးကြီးမားမားမဖြစ်ဘဲ၊ လူထဲမှာ လူကောင်းလို လျှောက်သွားပြီးတော့ ကျွန်တော်တို့ ဒါရောဂါကို တခြားသူတွေကို ကူးစက်စေလား၊ ကူးစက်နိုင်သလား ဆိုတဲ့ အချက် နှစ်ချက်ရှိပါတယ်။

အဲဒီအခြေအနေတွေအားလုံးကို ပေါင်းစပ်ပြီး၊ ပေါင်းဆုံသွားပြီးတဲ့အခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှာရှိတဲ့ မြို့နယ်တချို့မှာ ကူးစက်မှု စတင်ဖြစ်ပွားလာတာ ဖြစ်ပါတယ်။ ကူးစက်မှုစတင်ဖြစ်ပွားလာတာနဲ့ တစ်ပြိုင်နက်တည်း တာဝန်ရှိတဲ့ ကိုဗစ်–၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကော်မတီအဆင့်ဆင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်ပြီးတော့ တိုင်းကျန်းမာရေး၊ ကျန်တဲ့ အဖွဲ့အစည်းတွေနဲ့ အားလုံးပူးပေါင်းပြီးတော့ ရန်ကုန်တိုင်း ဒေသကြီးအတွင်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ညွှန်ကြားထားတဲ့ ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ရေးအတွက် လူတစ်ဦးချင်းလိုက်နာရမယ့် ကိစ္စရပ်တွေကို ပိုပြီးတော့ ထိထိရောက်ရောက် လိုက်နာနိုင် ရေးအတွက် ကြပ်မတ်မှုတွေ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်ခဲ့ပေမယ့်၊ ရက်တွေ နည်းနည်း ကြာလာတဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကူးစက်တာဆိုရင် မြို့နယ်တွေက တဖြည်းဖြည်းနဲ့ ပိုများ လာတယ်။ ဖြစ်တဲ့ဦးရေကလည်း တဖြည်းဖြည်းနဲ့ ပိုပြီး များလာပါတယ်။ အဲဒါကြောင့် စက်တင်ဘာလ အလယ်ပိုင်း ပေ့ါနော်၊ စက်တင်ဘာလ ၂၀ လို့ထင်ပါတယ်။

အဲဒီနောက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ၄၅ မြို့နယ် အနက် ကိုကိုးကျွန်းမြို့နယ် မပါ၊ ၄၄ မြို့နယ်မှာ Stay at Home အစီအစဉ် စတင်ဆောင်ရွက်ဖို့ဆိုပြီး အမိန့်ကြော်ငြာစာ ထွက်လာတာဖြစ်ပါတယ်။ အဲဒါက တစ်ဦးချင်းလိုက်နာဖို့ ဆောင်ရွက်နေတဲ့နေရာမှာ ကူးစက်မှုက မြင့်လာတဲ့အတွက် ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အားလုံး နီးပါး ကိုကိုးကျွန်းမပါ၊ လူဦးရေ ငါးသန်း လောက်ကို တစ်ပြိုင်နက်တည်း အကျိုးသက်ရောက်မှုရှိဖို့အတွက်ဆို ပြီးတော့ Stay at Home အစီအစဉ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်လိုက်တာပဲ ဖြစ်ပါတယ်။

တတ်နိုင်သမျှ အိမ်ထဲမှာပဲနေပါ။ လူစုလူဝေးလည်း တတ်နိုင်သမျှ မလုပ်ပါနဲ့၊ လူစုလူဝေးရှိလည်း မသွားပါနဲ့၊ မလွှဲသာလို့ ကျန်းမာရေးကြောင့်၊ အိမ်မှာလိုတဲ့ပစ္စည်း ဈေးသွားဝယ်တာမျိုး၊ တခြားမရှိမဖြစ် လုပ်ငန်းတွေကို သွားရတဲ့ လူတွေက၊ အပြင်ထွက်ရတဲ့ လူတွေကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြား ထားတဲ့ ကာကွယ်ရေး နည်းလမ်းတွေဖြစ်တဲ့ Mask ကို မဖြစ်မနေတပ်ရမှာ ဖြစ်ပါတယ်။ Hand Hygiene (လက် သန့်ရှင်းရေး)ပေ့ါနော် လက်ကို မဖြစ်မနေဆေးရမယ်။ လက်သန့်စင်အောင်ထားရမယ်။ တတ်နိုင်သမျှ Social Distancing တစ်ဦးနဲ့ တစ်ဦး ၆ ပေခွာပြီး နေရမယ် ဒါတွေ လည်း လိုက်နာဖို့အတွက် ကျွန်တော်တို့ကြပ်ကြပ်မတ်မတ်နဲ့ ကော်မတီ အဆင့်ဆင့်နဲ့ တာဝန်ရှိသူတွေက ဆောင်ရွက်ခဲ့ ကြတာ ဖြစ်ပါတယ်။

အဲဒီအတိုင်းပဲ ဒီဘက်မှာလည်း ထိန်းချုပ်ရေးကို ဆောင်ရွက်နေသလို၊ တစ်ဖက်မှာလည်း အားလုံးသိတဲ့ အတိုင်းပဲ ကူးစက်မှုကြောင့် သံသယလူနာတွေ ရှိလာတယ်။ အဲဒါတွေကို ပိုးစစ်တယ်။ ပိုးစစ်ပြီးတော့ ပိုးတွေ့လူနာတွေကို ရှိလာတယ်။ ပိုးတွေ့လူနာတွေကိုလည်း COVID – 19 Care Center လို့ခေါ်တဲ့ ကုသရေးစင်တာတွေ၊ သတ်မှတ်ထားတဲ့ ဆေးရုံကြီးတွေမှာ ကုသပြီးတော့ ပျောက်ကင်းသွားတာ တွေလည်း အများကြီးရှိပါတယ်။

အဲဒီလို ကုသမှုပေးနေတဲ့အပြင် Positive လူနာနဲ့ ထိတွေ့တဲ့ Prime Contact လို့ခေါ်ပါတယ်။ သူတို့ကိုလည်း Quarantine Center တွေမှာ ထားတယ်။ ထားပြီးတဲ့အခါ ကျတော့ သူတို့ကိုလည်း ပိုးစစ်တယ်။ စစ်လို့ပိုးတွေ့ရင် တွေ့တဲ့အတိုင်း ကုသပေးပြီး ပျောက်ကင်းအောင်ဆောင်ရွက် ပေးတာ ဖြစ်ပါတယ်။

သံသယလူနာတွေဟာ ထပ်ပြီးတော့ အကြောင်း အမျိုးမျိုးနဲ့ ထပ်ပြီးပေါ်နိုင်ပါတယ်။ အဲဒီလို ပေါ်လာခဲ့လို့ရှိရင် သက်ဆိုင်ရာကျန်းမာရေးက တာဝန်ရှိတဲ့သူတွေကလည်း သေသေချာချာ စုံစမ်းစစ်ဆေးပြီး Investigation လုပ်ပါ တယ်။ အစုအလိုက်၊ အပြုံလိုက်ဖြစ်တာလား၊ ဘယ်က ကူးနိုင်တယ်။ ပြီးတာနဲ့ တစ်ပြိုင်တည်း ထိတွေ့တဲ့လူ အားလုံးကို Quarantine Center ကို ပို့တယ်။ ပြီးရင် ပိုးတွေ့ အောင်စစ်တယ်။ ပိုးတွေ့လို့ရှိရင်လည်း ကုသပေးတာ ဖြစ်ပါ တယ်။

ကုသရေးဘက်မှာ အဲဒီလိုဆောင်ရွက်ပေးနေတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုရင် လူထုကြားထဲမှာ ပျံ့နှံ့နေတဲ့ ဗိုင်းရပ်စ်ပိုး၊ ကိုဗစ်–၁၉ သယ်ဆောင်တဲ့လူဦးရေ၊ သူကနေ တစ်ဆင့် တခြားသူတွေကို ကူးနိုင်တဲ့၊ ကူးစေတဲ့ လူဦးရေကို တတ်နိုင်သမျှ လျှော့ချတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နည်းပညာစကားအရ Community ထဲမှာ Circulate လုပ်နေတဲ့၊ ပျံ့နှံ့နေတဲ့ Viral Load ကို လျှော့ချတာ ဖြစ်ပါ တယ်။

အဲဒီတော့ ဒီပျံ့နှံ့နေတဲ့ Viral Load ကို လျှော့ချတာ ကလည်း ကူးစက်ရောဂါတစ်ခုကို ထိန်းချုပ်ဖို့အတွက် မရှိ မဖြစ် အင်မတန်အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ် ပါတယ်။ တစ်ဖက်မှာလည်း Stay at Home အစီအစဉ် ကြေညာထားတဲ့အတွက်ကြောင့် ရန်ကုန်မှာရှိတဲ့လူတွေ တော်တော်များများဟာ အိမ်ထဲမှာပဲနေရတယ်။ ဘယ်လို မှ ဗိုင်းရပ်စ်ပိုး သယ်ဆောင်လာတဲ့လူနဲ့ ထိတွေ့စရာ အကြောင်း အင်မတန်နည်းသွားတယ်။

အကယ်၍ ထိတွေ့၊ အပြင်ထွက်ပြီး မဖြစ်မနေ ထွက်ရတဲ့သူတွေကလည်း တစ်ကိုယ်ရေကာကွယ်ရေး လုပ်ငန်းတွေ လုပ်သွားတဲ့အတွက်ကြောင့် ထိတွေ့မှုရှိခဲ့ ရင် ကူးစက်မှုနည်းသွားတာ ဖြစ်ပါတယ်။ တစ်ပြိုင်နက် တည်း အချိန်ကိုက် ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ကြောင့် ဒါဘယ်ကပ်ရောဂါမဆို၊ ကူးစက်ရောဂါမဆို ကျွန်တော်တို့ ထိန်းချုပ်နိုင်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိလာမှာ ဖြစ်ပါတယ်။

Stay at Home အစီအစဉ်နဲ့ ပတ်သက်ပြီး ဒါက လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တတ်ကျွမ်းကြတဲ့ ပညာရှင်တွေက နိုင်ငံတကာ ကျန်းမာ ရေးနဲ့ပတ်သက်ပြီး နည်းပညာအထောက်အပံ့ပေးတဲ့ အဖွဲ့တွေဖြစ်တဲ့ WHO, US CDC တို့လို အဖွဲ့တွေက နည်းပညာအထောက်အပံ့ထဲက မြန်မာနိုင်ငံနဲ့ သင့်တော် မယ့်၊ ဒီအသွားအလာကန့်သတ်တဲ့ Stay at Home အစီ အစဉ်ကို ရေးဆွဲပြီးတော့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်နဲ့ ဒါကို အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါ တယ်။

**ဒေါက်တာထွန်းမြင့်**။ ။ ဆရာကြီး ဆွေးနွေးသွားတာ အထူးပဲ မှတ်သားရပါတယ်။ ပြည်သူလူထုကိုလည်း ကျွန်တော်တို့ မေတ္တာရပ်ခံချင်ပါ တယ်။ ဒီအချက်တွေက အခြေခံလိုအပ်ချက်တွေ ဖြစ်ပါ တယ်။

ဒါကြောင့်မို့ Stay at Home ကို ရန်ကုန်တိုင်း ဒေသကြီးမှာတော့ အားလုံး တစ်တိုင်းလုံးပဲ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၁ ကနေစခဲ့ကြတာ အခုဆိုလို့ရှိရင်လည်း နှစ်ပတ်ကျော်ခဲ့ပါပြီ။ ဒါပေမယ့် ဆက်လက်ပြီး သည်းခံ ပေးကြပါဦး။ သည်းခံပြီးတော့ ဆက်လက် Stay at Home နေပေးဖို့လည်း ပြည်သူလူထုကို ဒါလည်းပဲ အထူးမေတ္တာ ရပ်ခံချင်ပါတယ်။

ဆက်လက်ပြီး ဆရာကြီးပါမောက္ခဒေါက်တာဦးရဲမြ ကို မေးမြန်းချင်ပါတယ်။ ဒီနေရာမှာ ပြည်သူတွေက တချို့ဆေးတွေက ပြည်သူလူထုကို အကျိုးပြုတာ လည်းပဲ ရှိပါတယ်။ ဒီနေရာမှာ တန်ဆေးလွန်ဘေးဆိုတဲ့ စကားလည်းပဲ ရှိတာဖြစ်ပါတယ်။ အဲဒီတော့ **ပြည်သူလူထုက သိချင်နေတာ တစ်ခုကတော့ ဗီတာမင်–ဒီလို ဆေးမျိုးတွေကနေရလာမယ့် အကျိုးကျေးဇူးတွေ၊ နောက်တစ်ခါ ကာကွယ်ရေးနည်းလမ်းက လိုက်နာဖို့ လိုပါတယ် ဆရာကြီး။ အဲဒါကြောင့်မို့ ဒီအကျိုးကျေးဇူး တွေနဲ့ ကာကွယ်ရေး နည်းလမ်းတွေ ဒါတွေလိုက်နာတာ တွေနဲ့ ချိန်ထိုးပြီးတော့ ဆရာကြီးအနေနဲ့ ဆွေးနွေးပေးဖို့** မေတ္တာရပ်ခံလိုပါတယ်။

**ဒေါက်တာရဲမြ**။ ။ အဓိကတော့ ဒီဟာ ဗီတာမင်–ဒီနဲ့ ပတ်သက်ပြီး ဆေးတွေကို ဈေးကွက် ထဲမှာ ပြတ်လုသည်အထိ ဈေးကြီးပေးဝယ်ပြီး သောက်သုံးနေကြတယ်။ ဒီ ဗီတာမင်–ဒီ ဆိုတာ နေရောင်ခြည်ဖြင့်လည်း ရရှိနိုင်ပေမယ့် အသက်အရွယ် ကြီးတဲ့သူတွေက အိမ်ထဲမှာ အပြင်မထွက်ဘဲ အနေကြာ တယ်။ အစားအသောက် ပျက်တယ်၊ အခံရောဂါရှိတယ် ဆိုရင် ဗီတာမင်–ဒီ ဓာတ်နည်းတတ်လို့ သောက်သုံးဖို့ သင့်ပါတယ်။

ဗီတာမင်–ဒီ ဓာတ်ချို့တဲ့ရင် ရောဂါဒဏ်ခံနိုင်ရည် နည်းပါတယ်။ ကိုဗစ်ရောဂါကို ကာကွယ်နိုင်တယ်၊ ပျောက်စေနိုင်တယ် ဆိုတာတော့ မရှိပါဘူး။ နေကောင်း နေတဲ့သူတွေ၊ လူငယ်တွေ သောက်သုံးစရာ မလိုပါဘူး။ အသက်ကြီးတဲ့သူတွေ၊ အိမ်ထဲမှာနေတဲ့သူတွေ၊ ဒီလိုပဲ လူကြီးတွေ ဗီတာမင်–ဒီ နဲ့အတူ ဗီတာမင်–စီတို့၊ ဇင့်တို့ ပါတဲ့ အားဆေးတွေ သောက်သုံးသင့်ပါတယ်။ သောက်သုံး တယ်ဆိုတဲ့နေရာမှာလည်း ပမာဏပေ့ါနော်၊ ဗီတာမင်– စီ ဆိုရင် များသောအားဖြင့် မီလီဂရမ် ၅၀ တို့၊ ၁၀၀ တို့လောက်၊ ဗီတာမင်–ဒီ ဆိုရင် ၅၀၀၀ IU အားတို့၊ ၁၀၀၀၀ IU အားတို့လောက်အထိ ဖြည့်စွက်တဲ့အနေနဲ့ သောက်တာရှိပါတယ်။ အားလုံးအနေနဲ့ကတော့၊ အရေး ကြီးဆုံးက မမြင်ရတဲ့ရန်သူကို ကာကွယ်နေရတာပါ။ အဲဒီတော့ အမြဲတမ်းသတိနဲ့နေဖို့၊ အားလုံးက Mask တပ်ဖို့၊ လမ်းမှာ သွားမယ်ဆိုရင် မကြာခဏ လက်ဆေးဖို့၊ တတ်နိုင်ရင် အိမ်မှာနေဖို့၊ ဒီဟာတွေက ကာကွယ်တဲ့ နေရာမှာ အဓိကပဲ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့ »»**

# ကိုဗစ်-၁၉ အမေး/အဖြေ



»»» စာမျက်နှာ ၈ မှ

**ဒေါက်တာထွန်းမြင့်။** ။ ဆရာကြီး ဖြေပေးသွားတဲ့အတွက် ပြည်သူလူထု အနေနဲ့လည်း မှတ်သားလိုက်နာဖို့ လိုပါတယ်။ ဒီအတွက်လည်း ဆရာကြီး ကျေးဇူးတင်ပါတယ်။ နောက်မေးခွန်းလေး တစ်ခုကို ဆရာကြီးပဲ ဆက်လက်ဖြေကြားပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

ယခုပြည်သူလူထုကြားထဲမှာ သတိထားမိတာ တစ်ခုက အနံ့ပျောက်တာပါ။ ဒီအနံ့ပျောက်တာကလည်း ကိုဗစ် – ၁၉ ရဲ့ အဓိကလက္ခဏာတစ်ခုဖြစ်နေတယ်ဆိုတာ တွေ့ရပါတယ်။ အဲဒါအပြင် ရောဂါလက္ခဏာတွေမပြဘဲ ကူးစက်ခံရသူတွေကလည်း မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ၇၅ ရာခိုင်နှုန်းကျော်က တွေ့နေရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ အနံ့ပျောက်တာ၊ ရောဂါလက္ခဏာမပြဘဲနဲ့ ကူးစက်တာတွေနဲ့ပတ်သက်ပြီး ပြည်သူလူထု သိစေလိုတာလေး ဆွေးနွေးပေးဖို့အတွက် တင်ပြလိုပါတယ်။

**ဒေါက်တာရဲမြ။** ။ ဒီကပ်ရောဂါ ဖြစ်နေတဲ့အချိန်မှာတော့ ရက်ပိုင်းအတွင်းမှာ အနံ့ပျောက်သွားပြီဆိုရင် အခြားရောဂါရှိ/ မရှိ ဒီရောဂါကူးစက်ခံရတယ်လို့ ယူဆလို့ရပါတယ်။ အနံ့ပျောက်ရင် ကိုယ့်အိမ်မှာ နေရမလား၊ ဆေးရုံသွားရမလားဆိုတာ ရှိလာပါတယ်။

အနံ့ပျောက်တယ်ဆိုရင်ပဲ ကူးစက်ခံရဖို့နှုန်းက သိပ်များနေတဲ့အတွက်ကြောင့် ဆေးရုံ၊ ဆေးခန်းပြဖို့ ရှိ/ မရှိလည်း စစ်ဆေးဖို့လိုပါတယ်။ အဲဒါနဲ့အတူ ရောဂါလက္ခဏာမပေါ်ဘဲနဲ့ ကူးစက်ခံနေရတဲ့လူတွေ တော်တော်လေးများပါတယ်။ သူတို့ မေးတဲ့အထဲမှာလည်း ပါပါတယ်။ မသိဘဲနဲ့ရော ဒီရောဂါပိုးဝင်ပြီးတော့ သူ့ဘာသာသူ ပျောက်သွားနိုင်လားတဲ့ ပျောက်သွားနိုင်ပါတယ်။

သူက ရောဂါပိုးကူးစက်တယ်၊ ပိုးကူးစက်ပြီးရင် ဆိုပါစို့ ၄၀ ရာခိုင်နှုန်းလောက်က သူတို့မှာ ရှိမှန်းမသိဘဲနဲ့ သူတို့မှတစ်ဆင့် သူများတွေကို ကူးစက်နေပါတယ်။ အဲဒီတော့ သူတို့တွေဟာ များသောအားဖြင့် နှစ်ပတ်လောက်နေရင် သူ့ဟာသူ ရောဂါက ပျောက်သွားတယ်။ ဒါပေမယ့် ဒီအချိန်ကာလအတွင်းမှာ သူများကို ကူးစက်နေပါတယ်။ ဒါကြောင့် အမြဲတမ်းကာကွယ်မှု ယူနေဖို့ လိုပါတယ်။

ထိတွေ့နေတဲ့လူတွေက လူကောင်းတွေလို့ ထင်နေပေမယ့် အဲဒီအထဲမှာ ပိုးရှိတဲ့သူတွေ ပါနေနိုင်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဒီပိုးတွေဟာ ရောဂါလက္ခဏာ မပေါ်တဲ့သူတွေဟာ သယ်ပြီးသွားနေနိုင်တော့၊ ကိုယ်နဲ့ အထိအတွေ့ရှိနေနိုင်တော့ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့ မရပါဘူး။ ဒါကြောင့် အပြင်သွားပြီဆိုရင် အမြဲတမ်း Mask တပ်ဖို့ လိုပါတယ်။ အစစအရာရာ ကိုင်တွယ်မိ၊ ထိမိတယ်ဆိုရင် လက်ဆေးဖို့ လိုပါတယ်။

နောက်တစ်ခုက ဒီရောဂါလက္ခဏာမပြတဲ့သူတွေဟာ အများစုက ကောင်းသွားတယ် ဆိုပေမယ့် ရောဂါလက္ခဏာမပြတဲ့သူတွေထဲကပဲ ဆိုလိုတာက ရောဂါလက္ခဏာ နည်းနည်းလေးပဲ ပေါ်တယ်။ ရောဂါလက္ခဏာ မပြတဲ့သူတွေထဲကမှ ၁၀ ရာခိုင်နှုန်း၊ တစ်ခါတလေ ၂၀ ရာခိုင်နှုန်းက ဖြုန်းခနဲ ရောဂါပြင်းထန်လာနိုင်ပါတယ်။

အဲဒီတော့ အမြဲတမ်းစောင့်ကြည့်နေဖို့ လိုပါတယ်။ အရေးကြီးဆုံးက စောစောစီးစီး မသက်ာတာနဲ့ ဆေးရုံ၊ ဆေးခန်းပြရင် စိတ်အချရဆုံးပါ။ ဒီမှာဖြစ်နေတာက အချို့ဆိုရင် အဖျားဝင်တယ်၊ အဲဒါနဲ့ နေပြန်ကောင်းလို ကောင်းငြား ပါရာစီတမောလ်လေးသောက်ပြီး နေကြတယ်။ မသက်သာတဲ့အခါကျမှ ခုနစ်ရက်တို့၊ ၁၀ ရက်တို့ ကြာပြီး အဲလောက်အချိန်မှာ ဆေးရုံ၊ ဆေးခန်းကို လာတဲ့အခါကျတော့ စစ်လိုက်တဲ့အခါ ကိုရိုနာဗိုင်းရပ်စ် တွေ့တယ်ဆိုရင် တော်တော်လေးနောက်ကျနေတဲ့ အခြေအနေမှာ ရှိပါတယ်။

ဒီတော့ ဖျားပြီဆိုရင် ဒီကပ်ရောဂါကာလမှာ မသက်ာဖြစ်ရမှာပါ။ စစ်ဆေးဖို့လိုပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေပြဖို့ လိုပါတယ်။ အခက်ခဲဆုံးအပိုင်းက သိပ်နောက်ကျပြီး ရောက်လာရင် ကုသရတာ သိပ်ခက်ပါတယ်။ ဥပမာ– ၁၀ ရက်လောက်မှ ရောက်လာတယ်။ ဖျားနေတာလည်း နည်းနည်းကြာတယ်။ အသက်ကလည်း ကြီးတယ်။ အခံရောဂါရှိတယ်ဆိုရင် တော်တော်လေးကို ကုသရတာ ခက်တဲ့အပိုင်းမှာရှိပါတယ်။ အသက်ကြီးတဲ့သူတွေ ဖြစ်တယ်ဆိုပေမယ့် အချို့လည်း ပြင်းပြင်းထန်ထန် ဖြစ်ပါတယ်။ နည်းတော့ နည်းတာပေါ့လေ။

အချို့လည်း မေးနေကြပါတယ်။ သတင်းစာထဲမှာ တွေ့လို့ အသက် ၁၄ / ၁၅ နှစ် အရွယ်လေးတွေ သေတဲ့ ကိစ္စရော ဘာကြောင့်သေတာလဲ။ အခံရောဂါရှိသလား ဆိုတာ ကျွန်တော်သိသလောက်တော့ ၁၅ နှစ်၊ ၁၆ နှစ်နဲ့ ဆုံးသွားတဲ့ကလေးတွေမှာ ကျောက်ကပ်ရောဂါရှိပါတယ်။ နောက်တစ်ခါ သွေးလေးဖက်နာ ရှိပါတယ်။ ၁၃ နှစ် မိန်းကလေးတစ်ယောက် ဆုံးသွားတာဆိုရင် သွေးကင်ဆာနဲ့ ဆုံးသွားတာပါ။ စစ်လိုက်တော့ ကိုဗစ်ပိုး တွေ့နေတာ ဖြစ်ပါတယ်။

ဒီတော့ ကလေးတွေအများစုက များသောအားဖြင့် ရောဂါလက္ခဏာ ပြင်းထန်တယ်ဆိုတာ မရှိပါဘူး။ တော်တော်များများတော့ ရှိမှန်းတောင်မသိပါဘူး။ ဒါပေမယ့် အခံရောဂါရှိရင် တော်တော်လေးကို ပြင်းထန်ပါတယ်။ ဒါကြောင့် လူကြီးတွေရော၊ လူငယ်တွေရော အခံရောဂါရှိရင် ဒီအခံရောဂါကနေ စနစ်တကျ ကုသဖို့လိုပါတယ်။

အထူးသဖြင့် ဆီးချိုရောဂါ၊ နှလုံးရောဂါရှိနေတဲ့သူတွေ သွေးတိုးရောဂါထိန်းထားဖို့ လိုပါတယ်။ ဆီးချိုရောဂါ ထိန်းထားဖို့လိုပါတယ်။ ဆရာတွေ ပြောသလိုပဲ ကျွန်တော် ပြန်ပြောချင်တာက ကာကွယ်ရေးက အရေးကြီးဆုံးပါ။ အချို့ဖြစ်တယ်ဆိုရင်လည်း သံသယဖြစ်ဖြစ်ခြင်းကို ပြကြပါ။

**ဒေါက်တာထွန်းမြင့်။** ။ တစ်ဆက်တည်းပဲ ဆရာကြီး ဆွေးနွေးသွားတဲ့ အချက်တွေ အပေါ်မှာမူတည်ပြီး အနံ့ပျောက်လူနာတွေ ပြည်သူလူထု ကြားထဲမှာလည်း များပါတယ်။

ဒီအတွက်လည်း ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ သိချင်နေတဲ့ အချက်တွေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဌာနက ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒါတွေကို ပြည်သူလူထုကိုလည်း အသိပေးတင်ပြလိုပါတယ်။

**အိမ်မှာပဲနေမယ်၊ လက္ခဏာကလည်း မပြသေးဘူး၊ ကျန်းမာရေးကလည်း ကောင်းသေးတယ်၊ ပိုးကတော့ တွေ့တယ်၊ အနံ့ကတော့ ပျောက်တယ်၊ အိမ်မှာပဲ နေမယ်ဆိုရင် ရုတ်တရက် အောက်ဆီဂျင် ကျတဲ့ ပြဿနာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သေဆုံးနိုင်တဲ့ အခြေအနေတွေလည်းရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုဗစ်စင်တာတွေမှာ စောစောစီးစီးကုသမှု လာရောက်ခံယူဖို့ အသိပေးမေတ္တာရပ်ခံချင်ပါတယ်။**

အနံ့ပျောက်တဲ့သူတွေအတွက်ကို မြို့နယ်တွေမှာ အနံ့ပျောက်စင်တာတွေကို ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ နောက်ပြီး Call Center တွေက တစ်ဆင့် တယ်လီဖုန်းနဲ့ သတင်းပို့ဆက်သွယ်ပြီး အနံ့ပျောက်စင်တာတွေကို သွားရောက်ပြီး အစစ်ဆေးခံဖို့၊ အဲဒီမှာသွားပြီး ကွာရန်တင်းလို သီးခြားနေဖို့လည်း ပြင်ဆင်ထားတာ ရှိပါတယ်။ ဒါလည်း အလွန်အရေးကြီးပါတယ်။

နောက်တစ်ခုကလည်း ဆေးရုံတွေသွားပြမယ်ဆိုရင် Test Kit နဲ့ အဖြေထုတ်ပြီး အနံ့ပျောက်စင်တာတွေကို မြို့နယ် ကိုဗစ်ကော်မတီဝင်တွေနဲ့ ဆက်သွယ်ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် ပို့ဆောင်ပြီး ကွာရန်တင်းထားရှိ ဆောင်ရွက်ပေးနေတာရှိပါတယ်။

ပြည်သူလူထုအနေနဲ့က အမြဲ Mask တပ်ရမှာပါ။ ယခု Mask မတပ်ထားဘူးဆိုတာက ကိုယ့်အိမ်၊ ကိုယ့်အခန်းကနေ သီးခြားပြောနေကြလို့သာလျှင် Mask မတပ်ထားတာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့က မိသားစုတွေထဲမှာပဲနေနေ Mask တပ်ထားဖို့က အမြဲလိုအပ်ပါတယ်။ အိမ်မှာနေရင်လည်း ယခု ကျွန်တော်တို့ နေသလို အခြားသူတွေနဲ့ခွဲနေဖို့ လိုအပ်ပါတယ်။ အပြင်ကိုလည်း လုံးဝမထွက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်။ အနံ့ပျောက်ပြီဆိုတာ သေချာပြီဆိုရင် ခုနကတင်ပြခဲ့တဲ့အတိုင်း တာဝန်ရှိတဲ့သူတွေကို ဆက်သွယ်ဆောင်ရွက်ဖို့လိုပါတယ်။ အနံ့ပျောက်စင်တာတွေကလည်း ဆက်သွယ်ခေါ်ယူမှာ ဖြစ်ပါတယ်။

ပြည်သူတွေ သိချင်တဲ့မေးခွန်းတွေထဲမှာ တစ်ခု တွေ့တာကတော့ ပြည်သူလူထုအခြေပြု အသွားအလာကန့်သတ်စောင့်ကြည့်တဲ့ စင်တာတွေနဲ့ပတ်သက်တဲ့ အချက်အလက်တွေကိုလည်း သိချင်တာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးလိုတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေနဲ့ ပိုးတွေ့တဲ့လူနာတွေ၊ အနီးကပ် ထိတွေ့မှုရှိတဲ့သူတွေ ဒါတွေကို အသွားအလာကန့်သတ်တာတွေ ဆောင်ရွက်ပါတယ်။ ကွာရန်တင်းထားရှိဆောင်ရွက်တာကတော့ Facility နဲ့ Hotel ဆိုပြီး နှစ်ခုရှိတာကို သိပြီးလည်းဖြစ်ပါတယ်။ ဒီတော့ တိုးလာတာက Community Base Quarantine Center တွေ ဖြစ်ပါတယ်။ ဒါတွေကလည်း မြို့နယ်တွေကနေ လိုအပ်ချက်အရ ပေါ်ပေါက်လာတာလည်း ဖြစ်ပါတယ်။

ဒါတွေကို မြို့နယ်တွေမှာရှိတဲ့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကော်မတီတွေကနေ တာဝန်ယူဆောင်ရွက်လာတာပါ။ ဒါကလည်း ပိုးတွေ့လူနာတွေ များလာတယ်။ အနီးကပ်ထိတွေ့မှုတွေကလည်း များလာတယ်။ ဒါတွေကို အသွားအလာကန့်သတ်ဖို့အတွက် လိုအပ်ချက်အရ ပေါ်ပေါက်လာတာလည်း ဖြစ်ပါတယ်။

ပိုးတွေ့တဲ့လူနာတွေနဲ့ အနီးကပ်ထိတွေ့သူတွေက တစ်ဆင့် အခြားသူတွေကို ကူးစက်မှုမရှိဖို့ အမြန်ခွဲထားနိုင်ရေးက နေရာအခက်အခဲတွေကြောင့်၊ အလျင်အမြန်ဆောင်ရွက်ရတာကြောင့် လိုအပ်ချက်တွေကတော့ ရှိနေမှာပဲ ဖြစ်ပါတယ်။

ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးများကလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ တတ်နိုင်သလောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတွေရဲ့ နည်းပညာအကြံပေးချက်တွေနဲ့ အနီးစပ်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရတာပါ။ ဒီလို ဆောင်ရွက်ပေးမယ့်လည်း လိုအပ်ချက်တွေကတော့ ရှိနေတာပါ။ ဥပမာ – နေရာလွတ်တွေကို သုံးရပါတယ်။ အများစုက အခြေခံကျောင်းတွေ သုံးရပါတယ်။ အဲဒီနေရာတွေမှာ သီးသန့်ခန်းတွေ ထားရှိနိုင်တာလည်း နည်းပါးပါတယ်။ နောက်တစ်ခုက အိမ်သာ၊ ရေချိုးခန်းတွေကအစ မလုံမလောက်ဖြစ်တာတွေ ဒီလို လိုအပ်ချက်တွေရှိနေတဲ့ အတွက် ပြည်သူလူထုကလည်း ကြောက်ရွံ့စိုးရိမ်မှုတွေ ရှိပါတယ်။

ဒီအတွက် သတင်းပို့ဖို့ ပျက်ကွက်တာတွေလည်း တွေ့ရပါတယ်။ နောက်ပြီး ပုန်းရှောင်မှုတွေလည်း ကြုံနေရတာ ဖြစ်ပါတယ်။ ဒီတော့ ပြည်သူလူထုတွေအနေနဲ့ ဒီလို လိုအပ်ချက်တွေရှိပါလျက်နဲ့ နားလည်မှုပေးပြီး ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ပူးပေါင်းဆောင်ရွက်ပေးဖို့ အထူးတင်ပြလိုတဲ့အချက်ဖြစ်ပါတယ်။

အများနဲ့အတူနေရပေမယ့်လည်း ကိုယ့်ဘာသာကိုယ် စကားမပြောဘဲနဲ့ ကိုယ်ဝါသနာပါရာကို အချိန်ပေးထားမယ်။ Mask ကိုလည်း အမြဲတပ်ထားမယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာလည်း အကာအရံတွေမရှိဘူးဆိုရင် ကိုယ့်ရဲ့ ကန့်လန့်ကာတွေ ယူဆောင်သွားကြမယ်။ ပြီးရင် ခြားထားကြမယ်။ ရေချိုးချိန်မှာလည်း အလှည့်ကျချိုးမယ်။

နောက်ပြီး ဘာနဲ့ထိထိ၊ အိမ်သာက ပြန်လာရင်လည်း လက်ဆေးဖို့လိုတယ်။ ဘာကိုကိုင်ကိုင် ကိုင်ပြီးရင် လက်ဆေးကြမယ်။ ဒါတွေကိုလည်း လိုက်နာပေးဖို့ လိုပါတယ်။ စင်တာတွေမှာ စည်းကမ်းတွေ လိုက်နာဖို့ ထုတ်ပြန်ထားတာတွေလည်း ရှိပါတယ်။ ဒါတွေကိုသာ လိုက်နာခဲ့မယ်ဆိုရင်တော့ ကိုယ်ချစ်တဲ့မိသားစုတွေကို ကိုဗစ်ရန်ကနေ ကာကွယ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။

ယခုအချိန်အထိ ဒီနေရာမှာ ပြည်သူလူထုသိချင်တဲ့ မေးခွန်းတစ်ခုက Swab စစ်ဆေးတာနဲ့ ပတ်သက်တာပါ။ အိမ်ထောင်စုအားလုံးကို အလှည့်ကျ လိုက်လံစစ်ဆေးပေးဖို့ အစီအစဉ်ရှိလားဆိုတဲ့ မေးခွန်းပါ။ ဒါအတွက်တော့ ကျွန်တော်တို့မှာ လတ်တလော မရှိသေးပါဘူး။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ကလည်း Resource တွေကအစ Limitation ရှိနေပါတယ်။ သံသယလူနာတွေကလည်း များပါတယ်။ Contact တွေကလည်း များပါတယ်။ နိုင်ငံရပ်ခြားကနေ ကိုယ့်နိုင်ငံကို ပြန်လာတဲ့လူတွေကလည်း တအားများပါတယ်။ ဒီလိုလူတွေကို ဦးစားပေး စစ်ဆေးပေးနေရပါတယ်။ ကျန်းမာရေး ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ ဒီလိုလူတွေကို ဦးစားပေးစစ်ဆေးရတဲ့အတွက် အိမ်ထောင်စုအားလုံးကို အလှည့်ကျစစ်ဆေးပေးဖို့ကတော့ မဖြစ်နိုင်ပါဘူး။ နောက်တစ်ခုက Swab ကလည်း တစ်ခါစစ်ဆေးပေးပြီးရုံနဲ့ကို ပိုးမရှိပါဆိုရင် အဲဒီအချိန်မှာပဲ ပိုးမရှိတာ ဖြစ်ပါတယ်။ လိုက်နာရမယ့် စည်းကမ်းတွေကို မလိုက်နာဘူးဆိုရင် နောင်တစ်ချိန်မှာ ကူးစက်ခံရနိုင်တဲ့ အခြေအနေ ရှိပါတယ်။

ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးမှာလည်း ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေ စစ်ဆေးပေးနေတာတွေလည်း ဆောင်ရွက်ပေးနေရတာ ရှိပါတယ်။ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ အဲဒီတော့ ပိုးတွေ့ပြီဆိုတာနဲ့ တချို့လည်း ဆေးရုံ မသွားချင်တာတွေ၊ နောက်ကျပြီးမှ ရောက်လာတာတွေ ဒါတွေကတော့ မဖြစ်သင့်ပါဘူး။ စောစောစီးစီးသွားမယ်၊ အိမ်မှာ မနေဘူး၊ စင်တာတွေ၊ ဆေးရုံတွေမှာ စောစော သွားပြီးတော့ ကွာရန်တင်းထားမယ်၊ စောစောကုသမှု ခံယူမယ်ဆိုရင်တော့ ကုသရေးမှာ အလွန်အောင်မြင် လာမယ့် အချက်ဖြစ်ပါတယ်။

အိမ်မှာပဲနေမယ်၊ လက္ခဏာကလည်း မပြသေးဘူး၊ ကျန်းမာရေးကလည်း ကောင်းသေးတယ်၊ ပိုးကတော့ တွေ့တယ်၊ အနံ့ကတော့ ပျောက်တယ်၊ အိမ်မှာပဲ နေမယ် ဆိုရင် ရုတ်တရက် အောက်ဆီဂျင်ကျတဲ့ ပြဿနာရှိပါ တယ်။ ဒါနဲ့ပတ်သက်ပြီး သေဆုံးနိုင်တဲ့ အခြေအနေတွေ လည်းရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုဗစ် စင်တာတွေမှာ စောစောစီးစီးကုသမှု လာရောက်ခံယူဖို့ အသိပေးမေတ္တာရပ်ခံချင်ပါတယ်။

နောက်တစ်ခုက ပြည်သူလူထုရဲ့ အမေးအများဆုံး မေးခွန်းတစ်ခုပါ။ ကိုဗစ် – ၁၉ ကပ်ရောဂါကြီး ဘယ်တော့ အောင်မြင်မလဲဆိုတာ မေးကြတာရှိပါတယ်။ ဒါဟာဆိုရင် ဆရာကြီး ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းရဲ့ အဆိုအရ တော့ အဖွဲ့အစည်းအားလုံး စည်းစည်းလုံးလုံးနဲ့ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမယ်၊ နောက်ပြီး ပြည်သူလူထု အနေနဲ့လည်း အရေးကြီးပါတယ်။

ပြည်သူလူထုအနေနဲ့ကလည်း ဆရာကြီးတွေ တိုက်တွန်းသွားသလို အရင်အပတ်ကလည်း ဒုတိယ ဝန်ကြီး(ငြိမ်း) ဆရာကြီးဦးဝင်းမြင့် ဆွေးနွေးသွားတာ ရှိပါတယ်။ စပ်ဆေးကြီး ငါးမျိုးဖြစ်တဲ့ လူစုလူဝေး ရှောင်တာ၊ အိမ်မှာနေတာ၊ ခပ်ခွာခွာ ခြောက်ပေအကွာမှာ နေတာ၊ Mask တပ်တာ၊ လက်ကို မကြာခဏဆေးတာ ဒီစပ်ဆေးကြီး ငါးမျိုးကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် မကြာခင်ကာလမှာ ကိုဗစ်–၁၉ ကပ်ရောဂါဘေးဆိုးကြီးကို ကျော်ဖြတ်အောင်မြင်ကြမှာပါ။

ဒီအတွက် ကျန်းမာရေးဝန်ထမ်းတွေ ရှေ့တန်းမှာ ရှိနေတာကို တစ်နိုင်ငံလုံးက ဂုဏ်ပြုအားပေးနေတာကို အထူးကျေးဇူးတင်ပါတယ်။ ဒီတော့ ရှေ့တန်းကို ကျန်းမာရေးဝန်ထမ်းတွေသာမက ဌာနဆိုင်ရာတွေ အားလုံး၊ အဖွဲ့အစည်းတွေအားလုံး၊ ကူညီပေးကြတဲ့ သူတွေအားလုံး၊ လုပ်ငန်းရှင်တွေအားလုံး၊ ပြည်သူ လူထုအားလုံးက ရှေ့တန်းကိုထွက်လာပြီး တစ်သား တည်းဖြစ်တဲ့အချိန်မှာ ကိုဗစ် – ၁၉ ကပ်ရောဂါဘေးဆိုး ကြီးကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်မယ့်အချိန်က မဝေးမယ့်အချိန်ဖြစ်တယ်လို့ တင်ပြချင်ပါတယ်။

အားလုံး ကိုဗစ် – ၁၉ ကပ်ရောဂါဘေးဆိုးကြီးကနေ ကာကွယ်ပြီး အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ကြပါစေ လို့ ဆုမွန်ကောင်းတောင်းပါတယ်။ ဆရာကြီးတို့ အပါအဝင် တစ်နိုင်ငံလုံးက ပြည်သူလူထုအားလုံး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ နှလုံးစိတ်ဝမ်း အေးချမ်းသာယာရှိကြပါစေလို့ မေတ္တာပို့ရင်း နိဂုံးချုပ်အပ် ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၄၀၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၁၄၃၃ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၇

အောက်တိုဘာ ၆ ရက် ည ၈ နာရီမှ အောက်တိုဘာ ၇ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၁၂၃၂၂ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၄၀၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၁၄၃၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၁၄၃၃ ဦးအနက် သေဆုံးသူ ၅၁၀ နှင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၆၀၈၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၂၄၂၀၇ | ၄၉၃၆၅၀၁ | ၂၁၅၈၄၉ |
| ၂။ | အိန္ဒိယ | ၆၇၅၇၁၃၁ | ၅၇၄၄၆၉၃ | ၁၀၄၅၉၁ |
| ၃။ | ဘရာဇီး | ၄၉၇၀၉၅၃ | ၄၃၅၂၈၇၁ | ၁၄၇၅၇၁ |
| ၄။ | ရုရှား | ၁၂၄၈၆၁၉ | ၉၉၅၂၇၅ | ၂၁၈၆၅ |
| ၅။ | ကိုလံဘီယာ | ၈၆၉၈၀၈ | ၇၇၀၈၁၂ | ၂၇၀၁၇ |
| ၆။ | စပိန် | ၈၆၅၆၃၁ | စိစစ်ဆဲ | ၃၂၄၈၆ |
| ၇။ | ပီရူး | ၈၃၂၉၂၉ | ၇၁၈၀၆၅ | ၃၂၉၁၄ |
| ၈။ | အာဂျင်တီးနား | ၈၂၄၄၆၈ | ၆၆၀၂၇၂ | ၂၁၈၂၇ |
| ၉။ | မက္ကဆီကို | ၇၉၄၆၀၈ | ၅၇၇၄၇၈ | ၈၂၃၄၈ |
| ၁၀။ | တောင်အာဖရိက | ၆၈၃၂၄၂ | ၆၁၆၈၅၇ | ၁၇၁၀၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၂၉၆၃၇ | ၂၇၃၇၂၃ | ၅၉၂၅ |
| ၂။ | အင်ဒိုနီးရှား | ၃၁၅၇၁၄ | ၂၄၀၂၉၁ | ၁၁၄၇၂ |
| ၃။ | စင်ကာပူ | ၅၇၈၄၀ | ၅၇၆၁၂ | ၂၇ |
| ၄။ | မြန်မာ | ၂၁၄၃၃ | ၆၀၈၄ | ၅၁၀ |
| ၅။ | မလေးရှား | ၁၃၉၉၃ | ၁၀၅၀၁ | ၁၄၁ |
| ၆။ | ထိုင်း | ၃၆၁၅ | ၃၃၉၁ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၉၉ | ၁၀၂၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၀ | ၂၇၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

# (၅)ကြိမ်မြောက် ASEAN Ministerial Conference on Cybersecurity နှင့် Singapore International Cyber Week သို့ ဒုတိယဝန်ကြီး ဦးသာဦး အွန်လိုင်းစနစ်ဖြင့် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၇**

(၅)ကြိမ်မြောက် ASEAN Ministerial Conference on Cybersecurity နှင့် Singapore International Cyber Week (SICW) များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အောက်တိုဘာ ၆ ရက်တွင် Singapore International Cyber Week ဖွင့်ပွဲအခမ်းအနားနှင့် အောက်တိုဘာ ၇ ရက်တွင် ကျင်းပသည့် ASEAN Ministerial Conference on Cybersecurity ဖွင့်ပွဲအခမ်းအနားများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်ခဲ့ပြီး ဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ Rule-based Regional Norm အဖြစ် သတ်မှတ်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား အခြား ASEAN နိုင်ငံများမှ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မျှဝေဆွေးနွေးခဲ့ကြသည်။

အဆိုပါ SICW ကို စင်ကာပူနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ၍ Virtual စနစ်ဖြင့် အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိပြီး အဆိုပါ အခမ်းအနားများသို့ ASEAN နိုင်ငံများမှ ဆိုက်ဘာလုံခြုံရေးနှင့်သက်ဆိုင်သော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ASEAN အတွင်းရေးမှူးချုပ်နှင့် ဆွေးနွေးဘက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အပြင် GovWare ပြပွဲအစီအစဉ်အဖြစ် ICT Solution များကို Virtual Platform ဖြင့် လေ့လာနိုင်ကြောင်း သိရသည်။

ယခင် ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ASEAN Ministerial Conference on Cybersecurity နှင့် Singapore International Cyber Week ကို စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အင်းစိန်မြို့နယ် ပညာရေးမှူးရုံး ပညာရေးဝန်ထမ်းများ ငွေကျပ် ၃၉ သိန်းကျော် လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်စေရန် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အင်းစိန်မြို့နယ် ပညာရေးမှူးရုံး မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ၏ စုပေါင်းဒါန အဖြစ် အလှူငွေများကို ယမန်နေ့ညနေ ၃ နာရီတွင် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်းမကြီးရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ လှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းရာတွင် အင်းစိန်မြို့နယ်ရှိ ပညာရေးဝန်ထမ်း ဆရာ ဆရာမများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးကျော်ဦးနှင့် တာဝန်ရှိသူများက မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီသို့ အလှူငွေကျပ် ၃၉ သိန်းကျော်ကို ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ နာယကများဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် ကော်မတီဝင်များက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့အတူ အင်းစိန်မြို့နယ် စီမံကိန်းဦးစီးဌာန ဝန်ထမ်းများကလည်း အလှူငွေနှင့် ရေသန့်ကတ်များ ပါဝင်လှူဒါန်းခဲ့ပြီး အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က အလှူရှင်များနှင့် အဖွဲ့အစည်းများအား မြို့နယ်ကိုဗစ်-၁၉ ကော်မတီကိုယ်စား မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။

မြင့်ဦး

# ကမ္ဘာ့စီးပွားရေး မျှော်မှန်းထားသလောက် ကျဆင်းခြင်းမရှိဟု IMF အကြီးအကဲပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၇**

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF) အကြီးအကဲ ဂျော်ဂျီဗာက ကမ္ဘာ့စီးပွားရေးမှာ ၎င်းတို့ခန့်မှန်းထားသည့် အနေအထားလောက် ဆိုးရွားခြင်းမရှိခဲ့ဘဲ ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှု အဆိုးဆုံးအနေအထားမှ ပြန်လည်ဦးမော့လာခဲ့ပြီဖြစ်ကြောင်း ယနေ့ပြောကြားသည်။

အွန်လိုင်းမှ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ဂျော်ဂျီဗာက "ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွင်း တစ်ဦးချင်းဝင်ငွေ ဆိုးဆိုးရွားရွား ကျဆင်းလာတဲ့အပေါ် ဇွန်လက စီမံချက်တစ်ရပ် ဖော်ဆောင်ခဲ့ပါတယ်။ ဒီအတွက် ရလဒ်က စီးပွားရေးကျဆင်းမှုနှုန်း လျော့နည်းသွားတာပါ" ဟု ထည့်သွင်းပြောကြားခဲ့သည်။ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့သည် အစောပိုင်းက ကမ္ဘာ့စီးပွားရေးမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဟု ခန့်မှန်းထားခဲ့ပြီး အဆိုပါပမာဏမှာ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကာလပြီးနောက် အနိမ့်ဆုံးကျဆင်းမှုလည်း ဖြစ်သည်။

တရုတ်နိုင်ငံမှာ မျှော်မှန်းထားသည်ထက် စီးပွားရေး နာလန်ထမှု လျင်လျင်မြန်မြန်ဖော်ဆောင်နိုင်ခဲ့သော်လည်း အခြားနိုင်ငံအတော်တော်များများကမူ ပြန်လည်နိုးထရန် ရုန်းကန်နေရဆဲဖြစ်ကြောင်း ဂျော်ဂျီဗာက ဆိုသည်။ စီးပွားရေး ပြန်လည်တိုးတက်လာရေးအတွက် လုပ်ငန်းခွင်တွင် အလုပ်သမားများ ဆက်လက်ရှိနေစေရေး ဆောင်ရွက်ခြင်း၊ လုပ်ငန်းများ ဒေဝါလီခံခြင်းမှ ရှောင်လွှဲနိုင်အောင် ဘဏ္ဍာရေးပိုင်း အထောက်အပံ့ပေးခြင်းစသည်ဖြင့် အစိုးရများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းပံ့ပိုးပေးရန် လိုအပ်နေသည်။ ထို့ပြင် ဂျော်ဂျီဗာက ကိုဗစ်-၁၉ ဒုတိယလှိုင်း ပြန်လည်ရိုက်ခတ်မှုကြောင့် နိုင်ငံအများစု၏ စီးပွားရေးပိုင်းတိုးတက်ရေး ပြန်လည်ကုစားမှု စီမံချက်များမှာ မရေရာသည့်အခြေအနေတွင် ရှိနေဆဲဖြစ်ကြောင်း သတိပေးထားသည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**



အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ဂျော်ဂျီဗာ




# ကိုဗစ်-၁၉ ရောဂါကြောင့် အမေရိကန်နိုင်ငံသား သုံးသိန်းမှ လေးသိန်းကြား သေဆုံးနိုင်ကြောင်း ခန့်မှန်း

**နယူးယောက် အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် လူဦးရေ သုံးသိန်းမှ လေးသိန်းကြား သေဆုံးနိုင်ကြောင်း နိုင်ငံ၏ ဆေးဘက်ဆိုင်ရာ ထိပ်တန်းပညာရှင် အန်သိုနီဖူစီက ခန့်မှန်းချက်ထုတ်ခဲ့သည်။ ဖူစီမှာ အိမ်ဖြူတော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်ကာ အမေရိကန်တက္ကသိုလ်မှ ကြီးမှူးကျင်းပသည့် အခမ်းအနား၌ လူထုမေးမြန်းမှုကို ဖြေကြားစဉ်အတွင်း ယခုကဲ့သို့ ခန့်မှန်းမှုပြုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ပိုမိုအေးတဲ့ ဆောင်းဦးနဲ့ ဆောင်းရာသီကို ရောက်လာဦးမှာ ဖြစ်တဲ့အတွက် သေဆုံးသူအရေအတွက်က သုံးသိန်းကနေ လေးသိန်းကြားအထိ တက်လာနိုင်ပါတယ်။ ဒီလိုဆိုရင် နိုင်ငံအတွက် တကယ်ကို စိတ်မကောင်းစရာပါ" ဟု ဖူစီက ပြောကြားခဲ့သည်။

သမ္မတ ထရမ့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် နိုင်ငံသား ၂၀ ရာခိုင်နှုန်းကျော်က နှာခေါင်းစည်း ဝတ်ဆင်ခြင်းနှင့် ခြောက်ပေအကွာ ခပ်ခွာခွာနေခြင်း စသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာရန် ဆန္ဒရှိလာကြသော်လည်း အများစု ၇၈ ရာခိုင်နှုန်းက ၎င်းတို့၏ နေထိုင်မှုပုံစံကို ပြောင်းလဲပစ်ရန် လိုလားခြင်းမရှိကြောင်း လူထုစစ်တမ်းတစ်ရပ်က ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုတွင် လက်ရှိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၀၀၀၀ အထိ ရှိနေပြီး ရောဂါကူးစက်မှုနှင့် သေဆုံးမှုနှစ်ရပ်စလုံးတွင် ထိပ်ဆုံး၌ ရှိနေခြင်းဖြစ်သည်။

**ကိုးကား - စီအင်န်အင်န်**
**ဘာသာပြန် - မေလွဲ့သင်း**

# အမေရိကန်ပြည်သူ သန်း ၃၀ အတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ရရှိမည်

**ဝါရှင်တန် အောက်တိုဘာ ၇**

စမ်းသပ်မှုများက ဘေးအန္တရာယ်ကင်းမှုနှင့် ထိရောက်မှုကို အတည်ပြုပါက ယခုနှစ်အကုန်တွင် ပြည်သူ သန်း ၃၀ အတွက် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံအလောက်ရရှိမည်ဟု အမေရိကန်အစိုးရ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်ရေး အစီအစဉ်၏ အကြီးအကဲက ပြောကြားလိုက်သည်။

ကာကွယ်ဆေး ထုတ်လုပ်ရေးအစီအစဉ်၏ အကြီးအကဲ အကြံပေးချုပ် မွန်ဆက်ဖ်ဆလာအိုယီက ယမန်နေ့က ကျင်းပသည့် ဆွေးနွေးပွဲတစ်ခု၌ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဆေးဝါးကုမ္ပဏီများဖြစ်သော Moderna နှင့် Pfizer တို့က နောက်ဆုံးအဆင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခြင်းဖြင့် ကာကွယ်ဆေးများ၏ အကျိုးသက်ရောက်မှု အချက်အလက်များ ဖော်ထုတ်နေပြီး လာမည့်သီတင်းပတ်များအတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိမည်ဟု မျှော်မှန်းရကြောင်း ၎င်းက ဆိုသည်။

ဗိုင်းရပ်စ်ကာကွယ်ဆေးများ၏ ဘေးအန္တရာယ်ကင်းမှုနှင့် အကျိုးသက်ရောက်မှုကို အတည်ပြုပါက နိုဝင်ဘာလနှင့် ဒီဇင်ဘာလကြား ပြည်သူသန်း ၃၀ ကို ကာကွယ်ဆေးထိုးပေးရန် အလုံအလောက် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ အမေရိကန်ကုမ္ပဏီထုတ် ဂျွန်ဆင်အင်န်ဂျွန်ဆင် ကာကွယ်ဆေးကို လာမည့်နှစ်အစောပိုင်းတွင် ရရှိနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

စံသတ်မှတ်ချက်များပြည့်မီသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ အရေးပေါ်အသုံးပြုခွင့်ကို တရားဝင်ခွင့်ပြုမည်ဟု အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အင်ဒိုနီးရှားနိုင်ငံ၏ အဓိကပြည်နယ်ခြောက်ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်နှုန်း လျော့ကျမှုရှိလာ

**ဂျကာတာ အောက်တိုဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ၏ အဓိကပြည်နယ်ခြောက်ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ပြီးခဲ့သည့်တစ်ပတ်အတွင်းက လျော့ကျလာခဲ့ကြောင်း ကိုဗစ်-၁၉ ရောဂါ အထူးလုပ်ငန်းအဖွဲ့၏ ကျွမ်းကျင်အဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ပြည်နယ်ခြောက်ခုမှာ မြောက်ဆူမတြား၊ ဂျကာတာ၊ အနောက်ဂျာဗား၊ အရှေ့ဂျာဗား၊ တောင်ကာလီမန်တန်နှင့် တောင်ဆူလာဝေစီပြည်နယ်တို့ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါအထူးလုပ်ငန်းအဖွဲ့၏ ကျွမ်းကျင်အဖွဲ့ဝင် ဒီဝီနာအေရှားက ပြောကြားခဲ့သည်။

ယခုလို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့နည်းကျဆင်းလာခြင်းဟာ ကောင်းမွန်သည့် စတင်ခြင်းဖြစ်ကြောင်းနှင့် လာမည့်သီတင်းပတ်များတွင်လည်း ကူးစက်သူအရေအတွက် ဆက်လက်ကျဆင်းမည်ဟု မျှော်လင့်ပါကြောင်း ကိုဗစ်-၁၉ ရောဂါ အထူးလုပ်ငန်းအဖွဲ့၏ ကျွမ်းကျင်အဖွဲ့ဝင် ဒီဝီနာအေရှားက အွန်လိုင်းသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ကူးစက်သူအရေအတွက် ၄၅၃၈ ဦးရှိခဲ့ကာ စုစုပေါင်း ၃၁၅၇၁၄ ဦးအထိရှိလာခဲ့ကြောင်းနှင့် သေဆုံးသူ ၉၈ ဦးရှိခဲ့ကာ စုစုပေါင်းသေဆုံးသူ ၁၁၄၇၂ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးတွင် ကူးစက်ပျံ့နှံ့ခဲ့ပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူအရေအတွက် ၂၄၀၂၈၁ ဦး ရှိလာခဲ့ကြောင်းလည်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**




# နာဂေါ်နို-ကာရာဘက်ခ်ဒေသ အပစ်အခတ်ရပ်စဲရေး ရုရှား၊ ပြင်သစ်နှင့် အမေရိကန်တို့ တောင်းဆို

**မော်စကို အောက်တိုဘာ ၇**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လီဒရီယန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့သည် အဇာဘိုင်ဂျန်နှင့် အာမေနီးယားတို့၏ အငြင်းပွားဒေသဖြစ်သည့် နာဂေါ်နို-ကာရာဘက်ခ်ဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် အောက်တိုဘာ ၅ ရက်တွင် တောင်းဆိုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဖြစ်သည့် မင့်စ်ဂရုပူးတွဲဥက္ကဋ္ဌ နိုင်ငံများအား ကိုယ်စားပြုသော နိုင်ငံခြားရေးဝန်ကြီးများဖြစ်သည့် လက်ရော့ဗ်၊ လီဒရီယန်နှင့် ပွန်ပီယိုတို့က နာဂေါ်နို-ကာရာဘက်ခ် ပဋိပက္ခဇုန်နှင့် အပြင်ဘက်တို့၌ အကြမ်းဖက်မှုများမှာ ပြင်းထန်သည့်အခြေအနေတွင် ရှိနေခြင်းကို ပြစ်တင်ရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများသည် နာဂေါ်နို-ကာရာဘက်ခ် ပဋိပက္ခဇုန်အတွင်းနှင့် အဇာဘိုင်ဂျန်နှင့် အာမေနီးယားနယ်စပ်မျဉ်းတစ်လျှောက်တို့တွင် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း လက်ရော့ဗ်၊ လီဒီရီယန်နှင့် ပွန်ပီယိုတို့က ပြောကြားခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှစတင်ကာ နာဂေါ်နို-ကာရာဘက်ခ်တောင်တန်းဒေသတွင် အာမေနီးယားနှင့် အဇာဘိုင်ဂျန်တို့ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အာဇာဘိုင်ဂျန်နှင့် အာမေနီးယားတို့အကြား အပစ်အခတ်ရပ်စဲရေးရရှိခဲ့သည့် ၁၉၉၄ ခုနှစ်နောက်ပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သော်လည်း မကြာခဏဆိုသလို အသေးစားတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**




# သမ္မတထရမ့် ရေးသားခဲ့သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းစကား ဖေ့စ်ဘွတ်က ပယ်ဖျက်ခဲ့ပြီး တွစ်တာက ဖုံးကွယ်ပစ်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၇**

ကိုဗစ်-၁၉ ရောဂါသည် တုပ်ကွေးရောဂါလောက်ပင် ပိုမိုသေနိုင်လောက်သည့်အန္တရာယ် မရှိကြောင်း အခိုင်အမာပြောကြားထားသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းစကားကို ဖေ့စ်ဘွတ်က ပယ်ဖျက်ခဲ့ကြောင်း သိရသည်။

**နေသားတကျဖြစ်စေ**

အမေရိကန်နိုင်ငံသည် တုပ်ကွေးရာသီနှင့်အတူ မည်သို့နေထိုင်ရမည်ကို နေသားတကျဖြစ်အောင် သင်ယူထားခဲ့ပြီး လက်ရှိတွင်လည်း လူဦးရေအများအပြားသေဆုံးစေခဲ့သည့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ မည်သို့နေထိုင်ရမည်ကို သင်ယူလျက်ရှိကြောင်း သမ္မတထရမ့်က ရေးသားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တွစ်တာကလည်း အထင်အမြင်မှားစေခြင်းနှင့် မမှန်ကန်သော သတင်းအချက်အလက် ဖြန့်ဝေခြင်းကြောင့် ထရမ့်၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းစကားကို ဖုံးကွယ်ပစ်ခဲ့ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်းသည့် မမှန်ကန်သော သတင်းအချက်အလက်များကို ဖယ်ရှားခဲ့ပြီး ထရမ့်၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ရေးသားချက်ကိုလည်း ဖယ်ရှားပစ်ခဲ့ကြောင်း ဖေ့စ်ဘွတ်၏ မူဝါဒဆိုင်ရာဆက်သွယ်ရေးမန်နေဂျာ အန်ဒီစတုန်းက ပြောကြားခဲ့သည်။

သမ္မတထရမ့်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းကြောင့် ဆေးရုံတွင် ဆေးဝါးကုသမှု သုံးရက်ကြာ ပြုလုပ်ခဲ့ပြီးနောက် ပြန်လည်သက်သာလာသည့်အတွက် လက်ရှိတွင် အိမ်ဖြူတော်၌ ရောက်ရှိနေပြီဖြစ်သည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**

# ထရမ့်တွင် ကိုဗစ်-၁၉ ရောဂါ ရှိနေဆဲဆိုပါက ဒုတိယအကြိမ် စကားစစ်ထိုးပွဲတွင် ထရမ့် ပါဝင်ရန်မသင့်ဟု ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင် ပြောကြား

**မေရီလန်း အောက်တိုဘာ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမည့်အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် စကားစစ်ထိုးပွဲ၌ ပါဝင်နိုင်ရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့ပြီး နာရီပိုင်းအကြာမှာပင် ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်က ထရမ့်တွင် ကိုဗစ်-၁၉ ရောဂါ လုံးဝပျောက်ကင်းခြင်းမရှိသေးပါက အဆိုပါပွဲတွင် ထရမ့်မပါဝင်သင့်ကြောင်း ဆိုခဲ့သည်။

ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသသည့် စကားစစ်ထိုးပွဲများမှာ နိုဝင်ဘာရွေးကောက်ပွဲအတွက် လူထုထောက်ခံမှုရရှိရေးတွင် အရေးပါဆုံး စည်းရုံးရေး လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်သည်။ ထရမ့်က ဆေးရုံမှ ဆင်းပြီး နောက်တစ်ရက်မှာပင် သူ၏ တွစ်တာစာမျက်နှာပေါ်ကတစ်ဆင့် "ကျွန်တော် အောက်တိုဘာ ၁၅ ရက် ကြာသပတေးနေ့ ညနေ မိုင်ယာမီမှာ လုပ်မယ့်ပွဲကို မျှော်လင့်နေပါတယ်။ ဒါက အင်မတန် ကောင်းပါတယ်" ဟု ရေးသားခဲ့ခြင်းဖြစ်သည်။ ဆရာဝန်က သမ္မတတွင် ရောဂါလက္ခဏာ ပြသခြင်းမရှိတော့သလို ဆေးစစ်မှုပြုလုပ်ရာတွင် အောက်ဆီဂျင် ရရှိမှုအခြေအနေ ၉၅ မှ ၉၇ ကြား ရှိနေပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်နေပြီဖြစ်ကြောင်း ထောက်ခံချက်ပေးထားသည်။ သို့ရာတွင် ဆေးစစ်ရာတွင် ရောဂါပျောက်ကင်းမှု ရှိ၊ မရှိဆိုသည်ကို ဖော်ပြခဲ့ခြင်းမရှိခဲ့ပေ။

ဘိုင်ဒင်က "သူ့မှာ ကိုဗစ်-၁၉ရောဂါ ဆက်ရှိနေရင် ကျွန်တော်တို့ စကားစစ်ထိုးပွဲ မလုပ်သင့်ဘူး" ဟု ပင်ဆယ်ဗေးနီးယား စည်းရုံးပွဲအပြီး သတင်းထောက်များကို ပြောကြားခဲ့သည်။ ဘိုင်ဒင်၏ မှတ်ချက်စကားအပေါ် ထရမ့်မဲဆွယ်စည်းရုံးပွဲ ပြောခွင့်ရပုဂ္ဂိုလ် တင်မ်မားတာက သမ္မတမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း အောက်တိုဘာ ၂ ရက်ကတည်းက ကြေညာခဲ့ပြီးဖြစ်သောကြောင့် အောက်တိုဘာ ၁၅ ရက်တွင် သမ္မတမှ အခြားသူများထံ ရောဂါကူးစက်နိုင်တော့မည်မဟုတ်ကြောင်း တုံ့ပြန်ခဲ့သည်။ **ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**



အမေရိကန်သမ္မတထရမ့်(ဝဲ)နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်တို့ စက်တင်ဘာ ၂၉ ရက်က အိုဟိုင်းအိုပြည်နယ် ကလိဗ်လန်းတွင် ပထမအကြိမ် စကားစစ်ထိုးကြစဉ်။

# သီရိလင်္ကာနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာခြင်းကြောင့် လူစုလူဝေးပြုလုပ်မှုအားလုံးကို ပိတ်ပင်တားမြစ်

**ကိုလံဘို အောက်တိုဘာ ၇**

သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘို၏ ဆင်ခြေဖုံးနေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာမှုကြောင့် လူစုလူဝေးပြုလုပ်မှုအားလုံးကို ပိတ်ပင်တားမြစ်ရန် သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ မီမူဝန်ဂိုဒါဒေသရှိ အဝတ်အထည်စက်ရုံတစ်ခု၏ အလုပ်သမား ၇၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းကြောင့် ပါတီပွဲများ၊ ကွန်ဖရင့်များ၊ အစည်းအဝေးများ၊ ဟောပြောပွဲများ၊ ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ ပွဲတော်များ၊ စီတန်းလှည့်လည်ခြင်းများ၊ ဆန္ဒပြပွဲများနှင့် အခြားသောမလိုအပ်ဘဲ လူစုလူဝေးပြုလုပ်ခြင်းအားလုံးကို နောက်တစ်ကြိမ်သတိပေးချက်မထုတ်ပြန်မချင်း တားမြစ်ပိတ်ပင်ခဲ့ခြင်း ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံ ဂမ်ပါဟာခရိုင် မီမူဝန်ဂိုဒါဒေသ အဝတ်အထည်စက်ရုံမှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၀ ကျော်အထိ တိုးလာခဲ့ခြင်းကြောင့် သီရိလင်္ကာနိုင်ငံတစ်ဝန်းလုံးတွင် ယမန်နေ့ ညနေပိုင်းအထိ ကူးစက်ခံရသူစုစုပေါင်း ၄၀၀၀ ကျော်အထိ ရှိလာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကူးစက်သူမြင့်တက်လာခဲ့ခြင်းကြောင့် ဂမ်ပါဟာခရိုင်တွင် ယမန်နေ့ ညနေပိုင်းမှစတင်ကာ ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဂမ်ပါဟာခရိုင်အတွင်း လှုပ်ရှားမှုအားလုံးကို ကန့်သတ်ထိန်းချုပ်ထားလျက်ရှိကြောင်းနှင့် ဒေသခံများကိုလည်း နောက်တစ်ကြိမ်သတိပေးချက်မထုတ်ပြန်မချင်း နေအိမ်မှ မထွက်ခွာကြရန် တိုက်တွန်းထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် အပူချိန် စံချိန်သစ်တင်

**လန်ဒန် အောက်တိုဘာ ၇**

ယခုနှစ် စက်တင်ဘာလတွင် ကမ္ဘာတစ်ဝန်း မြေမျက်နှာပြင်အပူချိန်သည် ၂၀၁၉ ခုနှစ် အလားတူကာလကထက် သုည ဒသမ ဝ၅ ဒီဂရီစင်တီဂရိတ်မြင့်တက်လာခဲ့သဖြင့် အပူချိန်စံချိန်သစ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂရာသီဥတုပြောင်းလဲခြင်းအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ယခုနှစ် အပူချိန်သည် အပူဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့သည့် ၂၀၁၈ ခုနှစ်ထက် သုည ဒသမ ၂ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့သည်။ အာတိတ်ဒေသရှိ ရေခဲပြင်များလျင်လျင်မြန်မြန်နှုန်းဖြင့် အရည်ပျော်နေသလို တောမီးလောင်ကျွမ်းမှုများနှင့် အခြားရာသီဥတု ပြောင်းလဲမှုလက္ခဏာရပ်များကို စက်တင်ဘာလအတွင်း ဆက်တိုက်ဆိုသလို မြင်တွေ့ခဲ့ရသည့်အပြင် အရှေ့အလယ်ပိုင်း၊ တောင်အမေရိကနှင့် ဩစတြေးလျတို့တွင်လည်း ပျမ်းမျှအပူချိန်ထက် သိသိသာသာမြင့်တက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-စကိုင်းနယူးစ်၊ ဘာသာပြန်-မေလွဲ့သင်း**

# သမ္မတထရမ့် စီးပွားရေးနိုးထရေးဆိုင်ရာသဘောတူညီချက်များ ရွှေ့ဆိုင်းထားမည်ဟု ကြေညာအပြီး အာရှစတော့ဈေးနှုန်းအချို့ ပြန်ကျ

**နယူးယောက် အောက်တိုဘာ ၇**

အမေရိကန်သမ္မတ ထရမ့်က စီးပွားရေးသဘာတူညီချက်များကို နိုဝင်ဘာရွေးကောက်ပွဲပြီးဆုံးမှသာ ပြန်လည်ဆောင်ရွက်မည်ဖြစ်ပြီး ယခုကြားကာလတွင် ယင်းကိစ္စရပ်များကို ရပ်ဆိုင်းထားဦးမည်ဖြစ်ကြောင်း အတည်ပြုခဲ့ပြီးနောက် နောက်ဆက်တွဲအနေဖြင့် အာရှစတော့ဈေးနှုန်းများ ချက်ချင်းဆိုသလို ပြန်လည်ကျဆင်းသွားခဲ့သည်။

ထရမ့်ဆေးရုံမှ ဆင်းလာခဲ့ပြီးနောက် ဂျပန်အပါအဝင် အာရှဒေသ စတော့ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သော်လည်း နောက်တစ်ရက်အကြာ ထရမ့်၏ ယခုလို ကြေညာချက်ထွက်လာခဲ့ပြီးနောက် ဂျပန်၏ စတော့စံနှုန်း နစ်ခေးမှာ သုည ဒသမ ၁၇ ရာခိုင်နှုန်းနှင့် ဩစတြေးလျ၏စံနှုန်း အေအက်စ်အိတ်စ်မှာ သုည ဒသမ ၂၉ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်း အမေရိကန်ဒေါ်လာ ဝယ်လိုအားမြင့်တက်နေပြီး အမေရိကန်ဒေါ်လာဈေးနှုန်းမှာလည်း သုည ဒသမ ၄၆၈ ရာခိုင်နှုန်းအထိ တက်လာခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-မေလွဲ့သင်း**

# ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အဆင်သင့်ဖြစ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ပြောကြား

**ဂျီနီဗာ အောက်တိုဘာ ၇**

ယခုနှစ်အကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုး အဆင်သင့်ဖြစ်နိုင်ဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အကြီးအကဲက ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်ကာကွယ်ဆေးများ ရရှိလာချိန်တွင် အညီအမျှ ခွဲဝေဖြန့်ဖြူးရေးလုပ်ဆောင်နိုင်ရန်အတွက် ကမ္ဘာ့ခေါင်းဆောင်များက စည်းလုံးညီညွတ်ကြရန်၊ နိုင်ငံရေးကတိကဝတ်ပြုလုပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အဒါနွမ်ဂီဘရီယီဆပ်က အမှုဆောင်ဘုတ်အဖွဲ့အစည်းအဝေး၌ ပြောကြားခဲ့သည်။ "ကျွန်တော်တို့ ဗိုင်းရပ်စ်ကာကွယ်ဆေးတွေ လိုအပ်ပါတယ်။ ဒီနှစ်အကုန်မှာ ကျွန်တော်တို့ ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုး ရရှိနိုင်ဖွယ်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

၂၀၂၁ ခုနှစ်အကုန်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံအထိ ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းထားသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗက် ကမ္ဘာ့ကာကွယ်ဆေး ထုတ်လုပ်ရေး အစီအစဉ်အရ လက်ရှိအချိန်တွင် ကာကွယ်ဆေးကိုးမျိုးကို စမ်းသပ်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံများ၏ ကပ်ရောဂါတုံ့ပြန်မှုကို ဆန်းစစ်သည့် အဆိုပါနှစ်ရက်ကြာအစည်းအဝေး၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ပိုမိုအားကောင်းလာစေရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ဂျာမနီ၊ ဗြိတိန်၊ ဩစတြေးလျနိုင်ငံတို့က တိုက်တွန်းခဲ့သည်။ အရေးပေါ် အခြေအနေများတွင် ကုန်သွယ်မှုနှင့် ခရီးသွားလာမှု ကန့်သတ်ချက်များအတွက် လမ်းညွှန်ချက်များ သတ်မှတ်သည့် ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းကို လွတ်လပ်သောအဖွဲ့သုံးဖွဲ့က ဆောင်ရွက်ချက်များ ထုတ်ပြန်လျက်ရှိသည်။

နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဟဲလင်ကလပ်ခ်နှင့် လိုက်ဘေးရီးယား သမ္မတဟောင်း ဂျွန်ဆင်ဆာလိဖ်တို့ ဦးဆောင်သော ကပ်ရောဂါပြင်ဆင်ရေးနှင့်တုံ့ပြန်ရေးအဖွဲ့က ပြီးခဲ့သည့်လအတွင်း ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - ကျော်ထိုက်စိုး






# စင်ကာပူနိုင်ငံ၌ အလုပ်လက်မဲ့နှုန်း မြင့်တက်နေပြီး ဆက်လက်မြင့်တက်ရန် အလားအလာရှိ

**စင်ကာပူ အောက်တိုဘာ ၇**

စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ဩဂုတ်လအတွင်း ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး လာမည့်လအနည်းငယ်အတွင်း ဆက်လက်မြင့်တက်လာနိုင်ဖွယ် အလားအလာများရှိနေဆဲဟု စင်ကာပူ ပြည်သူ့အင်အားဝန်ကြီးက ခန့်မှန်းချက်ထုတ်ခဲ့သည်။ ဩဂုတ်လတွင် ဇူလိုင်လကထက် အလုပ်လက်မဲ့နှုန်း သုည ဒသမ ၄ ရာခိုင်နှုန်းအထိ တက်လာခဲ့သလို ယခုနှစ်အလုပ်လက်မဲ့နှုန်းမှာ ချက်ချင်းမြင့်တက်လာခြင်းမျိုးမဟုတ်ဘဲ တရိပ်ရိပ်တက်လာသည့် အနေအထားဖြင့် မြင့်တက်နေခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

အဆိုးဆုံးစံချိန်ဖြစ်သည့် ၂၀၀၃ ခုနှစ် စက်တင်ဘာလ ဆားစ်ရောဂါဖြစ်ပွားသည့်ကာလတွင် အလုပ်လက်မဲ့နှုန်း ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီးနောက် ယခုနှုန်းမှာ အမြင့်ဆုံးနှုန်းလည်း ဖြစ်သည်။ စင်ကာပူအစိုးရက အလုပ်ရှာဖွေနေသူများကို လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးခြင်း၊ အရည်အသွေး လိုအပ်နေသူများကို လုပ်ငန်းခွင်အကြို သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အစီအစဉ်အရ လုပ်သားသုံးသောင်းကျော်ကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့သည်။

သို့ရာတွင် အစိုးရ၏ အစီအစဉ်များက အလုပ်လက်မဲ့နှုန်း မြင့်တက်နေခြင်းကို တားဆီးပေးသည့် အနေအထားတွင်သာရှိနေပြီး သိသိသာသာလျော့ကျသွားအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ အစိုးရဘက်က လုပ်သားထုခြောက်သောင်းကို ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်အောင် စီမံထားသဖြင့် ယခု အလုပ်လက်မဲ့ဖြစ်သွားသူများသည် တစ်ချိန်တည်းမှာပင် အလုပ်အကိုင်ရရှိနိုင်ရန် အခွင့်အရေးရှိဆဲဖြစ်ကြောင်း ပြည်သူ့အင်အားဝန်ကြီးက ဆိုသည်။

စင်ကာပူ ငွေကြေးဆိုင်ရာအာဏာပိုင်အဖွဲ့က နိုင်ငံသားတို့၏ တစ်ဦးချင်းဝင်ငွေကျုံ့လာမှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ်တွင် ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ယင်းအခြေအနေကို ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ကတိပြုထားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - မေလှဲ့သင်း

# ကမ္ဘာ့ကုန်သွယ်ရေး ၂၀၂၀ ပြည့်နှစ်အတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်း

**ဂျီနီဗာ အောက်တိုဘာ ၇**

ကမ္ဘာ့ကုန်သွယ်ရေးသည် ၂၀၂၀ ပြည့်နှစ်အတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ကြောင်းနှင့် ၂၀၂၁ ခုနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းကျဆင်းမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အောက်တိုဘာ ၆ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာကြိုတင်ခန့်မှန်းချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါက ကမ္ဘာတစ်ဝန်းရှိ လူ့အသက်ပေါင်းများစွာနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အနှောင့်အယှက်ဖြစ်စေခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးပမာဏကျဆင်းမှုသည် ၁၃ ရာခိုင်နှုန်းနှင့် ၃၂ ရာခိုင်နှုန်းအကြားရှိမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဧပြီလအတွင်းက ခန့်မှန်းထားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့ကုန်သွယ်ရေးကျဆင်းမှုကို ဖြစ်ပေါ်စေရာမှ ပြန်လည်ဦးမော့လာမည့် လက္ခဏာများပြသနေကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ စီးပွားရေးပညာရှင်များက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ရှင်းပြထားသည်။

သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးကျဆင်းမှုသည် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းနှင့် ပမာဏချင်းတူညီသော်လည်း စီးပွားရေးအခြေအနေတွင်မူ အလွန်ခြားနားနေကြောင်းလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ စီးပွားရေးပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၆၀၉၇၀၈၃ | ဦး |
| သေဆုံးသူ | ၁၀၅၅၆၃၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၇၁၇၈၅၀၈ | ဦး |

# လူ ၁၂ ဦးပါ အင်ဒိုနီးရှား ငါးဖမ်းသင်္ဘောတစ်စင်း အဆက်အသွယ် ပြတ်တောက်နေ

**ဂျကာတာ အောက်တိုဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ အပန်းဖြေကျွန်း ဘာလီကျွန်းအလွန် ရေပိုင်နက်အတွင်း လူ ၁၂ ဦးပါ ငါးဖမ်းသင်္ဘောတစ်စင်း အဆက်အသွယ် ပြတ်တောက်သွားခဲ့ရာ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေကြောင်း ကယ်ဆယ်ရေးသမားတစ်ဦးက ယနေ့ ပြောကြားသည်။

ငါးဖမ်းကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည့် အဆိုပါငါးဖမ်းသင်္ဘောသည် အောက်တိုဘာ ၅ ရက် ဒေသစံတော်ချိန် ည ၉ နာရီတွင် ကုမ္ပဏီနှင့် နောက်ဆုံးအကြိမ် ဆက်သွယ်ခဲ့ကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့အကြီးအကဲ ဆူပါတာနာက ပြောသည်။ "ကုမ္ပဏီရဲ့အဆိုအရ ငါးဖမ်းသင်္ဘောထဲကို ပင်လယ်ရေတွေ ဝင်ရောက်လာပြီလို့ အမှုထမ်းတစ်ဦးက အဆက်အသွယ်ပြုလုပ်ချိန်မှာ အကြောင်းကြားခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။ ငါးဖမ်းသင်္ဘောထဲ ရေဝင်မှုဖြစ်ပွားခဲ့သည် သို့မဟုတ် ကြီးမားသော လှိုင်းများက ငါးဖမ်းရေယာဉ်ကို ရိုက်ခတ်ခဲ့သည်ဆိုသည်မှာ မရှင်းလင်းဟု ၎င်းက ဆက်လက်ပြောသည်။

ငါးဖမ်းသင်္ဘောမှာ အဆက်အသွယ်မပြတ်တောက်မီ ဘာလီကျွန်းတောင်ဘက် ဘာဒန်းရေလက်ကြားအတွင်း ငါးဖမ်းဆီးခဲ့သည်။ ပြီးခဲ့သော ရက်အနည်းငယ်ကတည်းက အဆိုပါဒေသ၌ ရာသီဥတုအခြေအနေ ဆိုးရွားနေသည်ဟု သိရသည်။ "ငါးဖမ်းဆီးမှုရပ်ဆိုင်းဖို့ သင်္ဘောသားအားလုံးကို မိုးလေဝသဌာနက သတိပေးခဲ့ပြီးသားဖြစ်ပါတယ်" ဟု သူက ဆိုသည်။ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ရန် ရဟတ်ယာဉ်တစ်စင်း၊ သင်္ဘောနှစ်စင်း၊ ကယ်ဆယ်ရေးသမားများ၊ ရေတပ်နှင့် ရဲတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဒေသအချို့၌ လာနီညာကြောင့် မိုးရွာသွန်းမှုများ ရှိနိုင်ကြောင်း ပြီးခဲ့သည့်ရက်များအတွင်း မိုးလေဝသအေဂျင်စီက သတိပေးခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက မြစ်ကြီးနား မြို့နယ် မြစ်ကြီးနား-မိုးကောင်းသွား ကားလမ်း ၂၁မိုင်ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် လထွဲမောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၇၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဆီးရီးအိုင်စစ်ဆေးရေးဂိတ်နှင့် မရမ်း ကထောင်စစ်ဆေးရေးဂိတ်ကြားတွင် ကျော်ကျော်စိုး၊ မဂျာအောင်၊ မျိုးအောင် တို့ကိုလည်းကောင်း၊ ဆက်လက်၍ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နေ မအေးပိန်(ခ)မရှမ်းမ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွ ရူးသွပ်ဆေးပြား လေးပြားနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု ကျောင်းချယ် ကျေးရွာအနီး ကျောင်းချယ်-ဖက်နံ ကျေးရွာသွားကားလမ်းတွင် တနိုင်(ခ) မောင်နိုင် မောင်းနှင်ပြီး ခွန်တလယ်(ခ) မောင်လယ် လိုက်ပါလာသော မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။

ထို့အတူယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံ မြို့နယ် ကတ်ဖကျေးရွာအုပ်စု ပါခမ် ကျေးရွာနေ မနန်းပိုးတစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၃၀၀၀ ကို လည်းကောင်း။

ထို့အတူ ထိုနေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လွိုင်လင် မြို့နယ် ပင်လုံမြို့ ပင်လုံ-လဲချားသွား ကားလမ်း မိုင်တိုင်အမှတ်(၉/၁) အနီးတွင် စိုင်းစံညွှန့်မောင်းနှင်လာ သော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မအေးပိန်(ခ)မရှမ်းမ၊ မျိုးအောင်၊ လထွဲ၊ မဂျာအောင်၊ ကျော်ကျော်စိုး တို့အားသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တောင်တရုတ်ပင်လယ်ပြင်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်နှင့် ပတ်သက်သည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

ယနေ့မြန်မာစံတော်ချိန် ၆ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်းတိုင်းငယ်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်းကမ်းခြေကို နာထရန်းမြို့(Nha Trang)အနီးမှ ဖြတ်ကျော်လျက်ရှိပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အောက်တိုဘာ ၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံကို ဖြတ်ကျော်၍ ထိုင်းပင်လယ်ကွေ့သို့ ရောက်ရှိပြီး ညပိုင်းတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများကို လေဖိအားနည်းရပ်ဝန်းအဖြစ် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အောက်တိုဘာ ၉ ရက်တွင် ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိနိုင်သည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အပူပိုင်းမုန်တိုင်းငယ်ကြောင့် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်ကြောင့် မိုးသည်းထန်စွာ ထစ်ချုန်း ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်သူများ အနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီး တွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၁၇ စီး၊ သွင်းကုန် ၁၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၁၈ သန်း)တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် Electric Kettle (216 U၊ Electric Rice Cooker (500 W)(35 U)၊ Electric Rice Cooker (300 W)(72 U)၊ Detergent Powder (806 kgs)အား သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြစ်သားမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများက နှနွှင်းနှင့် ကြက်သွန်နီများ စိုက်ပျိုးလျက်ရှိ

**မြစ်သား အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းများက နနွင်းစိုက်ဧက ၁၀၀၀ ပေါ်၌ နနွင်းများကို မတ်လတွင် စိုက်ပျိုးပြီးစီးခဲ့ကြောင်းနှင့် ကြက်သွန်နီစိုက်ဧက ၁၀၀ ပေါ်တွင် မြစ်သား ကြက်သွန်နီ ၂၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးခဲ့ကာ ၈၀ ရာခိုင်နှုန်း စိုက်ပျိုးဆဲဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့နှင့် ဘုတ်ပြင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် အောက်တိုဘာ ၇**

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူး ရုံးမှ ရဲအုပ်အောင်သူဦးစီးသည့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် ည ၉ နာရီက ထားဝယ်မြို့ ရှင်မုတ္ထီး ကျေးရွာထားဝယ်-မြိတ်ကားလမ်း ရွှေဂူတံတား၌ မူးယစ် ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မင်းလွင်မောင်းနှင် လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၅ပြား တွေ့ရှိသိမ်းဆည်းရမိပြီး ၎င်းနေအိမ်ကို ထပ်မံရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၉ ပြား ထပ်မံသိမ်းဆည်းရမိသဖြင့် မင်းလွင်အား ထားဝယ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ကော့သောင်းမြို့ အမှတ်(၃၄)မူးယစ် ရဲတပ်ဖွဲ့စုမှ ရဲအုပ် အောင်လင်းဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့ သည် မူးယစ်ဆေးဝါးသတင်းအရ ယမန်နေ့ မွန်းလွဲ ၁ နာရီ က ဘုတ်ပြင်းမြို့နယ် ချောင်းကဖီးကျေးရွာနေ မစန်းမူနေအိမ် သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ အား တွေ့ရှိသိမ်းဆည်းရမိသည်။ ၎င်းအား စစ်မေးရာ အဆိုပါ ဆေးပြားများအား တစ်ရွာတည်းနေ မဇင်မာလတ်ထံမှ ဝယ်ယူရရှိကြောင်း သိရှိရပြီး ၎င်းအားနေအိမ်တွင် ထပ်မံ ဖမ်းဆီးရမိသဖြင့် မစန်းမူပါ နှစ်ဦးအား ဘုတ်ပြင်းမြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**သတင်းစဉ်**




## တက်လမ်းအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားများသက်သာချောင်ချိရေး ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ်ရှိ တက်လမ်းအသေးစား ချေးငွေလုပ်ငန်း သမဝါယမအသင်း လီမိတက်သည် အသင်းသား ၅၀၉ ဦး၏ အစုထည့်ဝင်ငွေကျပ် ၂၅ ဒသမ ၄၅ သိန်း၊ စုဆောင်းငွေကျပ် ၁၁၈ ဒသမ ၆၀၅ သိန်းရှိပြီး ထုတ်ချေး ငွေကျပ် ၅၉၉ ဒသမ ၀၂ သိန်းအား ထုတ်ချေးပေးလျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားများထံမှ ချေးငွေကောက်ခံမှုကို ခေတ္တရပ်နား ပေးသည့်အပြင် အသင်းသားများမှ အသင်းသို့ ပေးရန်ရှိသောအတိုးငွေ များအား ကောက်ခံခြင်းမရှိဘဲ ဖြေလျှော့ပေးခြင်း၊ ချေးငွေအသစ် ထပ်မံထုတ်ချေးပေးခြင်း၊ စုဆောင်း ငွေအပေါ်ချီးမြှင့်ငွေများ ထုတ်ပေးခြင်း နှင့် အသင်းသားများအား နှာခေါင်း စည်းများ အခမဲ့ဝေငှပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
**၃၁**
ရက်သာ
လိုတော့သည်။

# တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တို့၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ စတင်ပေးပြီး မြန်မာသံရုံး ငါးရုံး၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး


တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။


စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် တောင်အာဖရိကနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ယနေ့တွင် ပရီတိုးရီးယားမြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲ စတင်ပေးကြရာ မဲဆန္ဒရှင်ကိုးဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ မဲဆန္ဒရှင် ၁၇ ဦး လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာသံရုံးငါးရုံး၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးကြရာ မြန်မာသံရုံး ဗန်ကောက်မြို့၌ မဲဆန္ဒရှင် ၇၉၁ ဦး၊ မြန်မာသံရုံး ကိုင်ရိုမြို့၌ မဲဆန္ဒရှင် ၇၁ ဦး၊ မြန်မာသံရုံး စင်ကာပူမြို့၌ မဲဆန္ဒရှင် ၁၇၀၀ ကျော်ခန့်၊ မြန်မာသံရုံး ဆိုးလ်မြို့၌ မဲဆန္ဒရှင် ၉၃ ဦးနှင့် မြန်မာသံရုံး တိုကျိုမြို့၌ မဲဆန္ဒရှင် ၄၀၂ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။

ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံးများသို့ရောက်ရှိလာသည့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ ချမှတ်ထားရှိသည့် သတ်မှတ်ချက်များနှင့်အညီ သံရုံးအဝင်ဝများတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ မျက်နှာအကာဖြန့်ဝေတပ်ဆင်စေခြင်းတို့ကို ဆောင်ရွက်ကြပြီး သက်ဆိုင်ရာနိုင်ငံအလိုက် ကိုဗစ်-၁၉ရောဂါ တားဆီးကာကွယ်ရေး အစီအမံကိုလည်း အလေးထားလိုက်နာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် မြန်မာသံရုံးခြောက်ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတစ်ရုံးတို့တွင် ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြသည်။

နိုင်ငံပြင်ပသို့ရောက်ရှိနေသာ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ နေ့ရက်အလိုက် စီစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးများတွင် မဲရုံများ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် အောက်တိုဘာ ၉ ရက်တွင် မလေးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ဂျပန်နိုင်ငံ နာဂိုယာမြို့တို့တွင် မဲရုံများ စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပင်းတယမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပင်းတယ အောက်တိုဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်း၌ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုအခြေအနေများကို ပြည်သူများသိရှိနိုင်စေရန်အတွက် လက်ကိုင်အသံချဲ့စက်ဖြင့် နှိုးဆော်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ယနေ့နံနက် ၈ နာရီက ပင်းတယမြို့ ယာယီဈေးနှင့် လမ်းဆုံနေရာများ၌ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးထွေး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်စုစုမွန်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမာသိန်းတို့က ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုများတွင် မိမိအမည်စာရင်း ပါ၊ မပါ ကြည့်ရှုကြရန်၊ အချက်အလက်များ မှန်ကန်မှုမရှိပါက အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြန်လည်ဖြည့်စွက်မှုများ ပြုလုပ်နိုင်ကြောင်း နှိုးဆော်အသိပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေသည့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ခင်မျိုးနွယ်(ပြန်/ဆက်)

## မုဒုံမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ၁၇၇၁၂၇ ဦးနှင့် မဲရုံ ၁၀၃ ရုံရှိ

**မုဒုံ အောက်တိုဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာလျက်ရှိသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် မဲဆန္ဒရှင်ပြည်သူများမှ ကိုဗစ်-၁၉ ကာကွယ်ရေးအစီအမံနှင့်အညီ လာရောက်ကြည့်ရှုနိုင်ရေး ပိုစတာများနှင့် လက်ကမ်းစာစောင်များဖြင့် အသိပညာပေးပြီး မဲစာရင်းလာရောက်ကြည့်ရှုရာတွင် မိမိတို့၏အမည်များ ပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး အချက်အလက်များ မှားယွင်းနေပါက ပြန်လည်ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ပေးရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်သည်။

မုဒုံမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၈၄၈၅၆ ဦး၊ အမျိုးသမီး ၉၂၂၇၁ ဦး စုစုပေါင်း ၁၇၇၁၂၇ ဦးရှိပြီး မဲရုံ ၁၀၃ ရုံရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

# အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၇

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ လူငယ်ရေးရာကော်မတီဝင် ဦးမျိုးမင်းထွန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါခင်ဗျာ**

မြန်မာပြည်သူ တိုင်းရင်းသားအားလုံးအချင်းချင်း အပြန်အလှန် နားလည်မှုနှင့်အတူ စစ်မှန်သောနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ လူငယ်ရေးရာကော်မတီဝင် ဦးမျိုးမင်းထွန်းဖြစ်ပါတယ်။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီကို ၂၀၁၉ ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့မှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်ကတော့ (၁၂၄)ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာနေထိုင်ကြတဲ့ ညီအစ်ကို တိုင်းရင်းသားများကြားမှာ အပြန်အလှန် နားလည်တတ်၊ လေးစားတတ်တဲ့စိတ်ဓာတ်တွေနဲ့ တစ်ဦးချင်း၊ တစ်စုချင်း စိတ်ဓာတ်အရည်အသွေးစွမ်းရည်တွေ မြင့်တက်လာစေဖို့ပဲ ဖြစ်ပါတယ်။ အဲဒီလို မြင့်တက်လာတဲ့ စွမ်းရည်တွေ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မယ့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အရေးကြီးအချက်တစ်ချက် တင်ပြချင်ပါတယ်။

ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းတည်ထောင်ရခြင်းရဲ့ အဓိကအချက်က ကျွန်တော်တို့အင်းသားလူမျိုးများရဲ့ နိုင်ငံရေးစင်မြင့် ရရှိနိုင်ရေးပဲဖြစ်ပါတယ်။ သမိုင်းကြောင်းအရကြည့်ရင် ပြည်ထောင်စုတည်ဆောက်ရေးရဲ့ အဓိကအုတ်မြစ်ဖြစ်တဲ့ ပင်လုံစာချုပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်တို့အင်းသားလူမျိုးခေါင်းဆောင်တွေရဲ့ ဦးဆောင်ပါဝင်မှုအခန်းကဏ္ဍဟာ ထင်ထင်ရှားရှားပဲဖြစ်ခဲ့ပါတယ်။ သို့သော် ၂၀၁၅ ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာလည်း ကျွန်တော်တို့အင်းသားလူမျိုးစုကို ကိုယ်စားပြုတဲ့ပါတီက ကိုယ်စားလှယ်တွေ ရွေးချယ်တင်မြှောက်ခြင်းမခံရတဲ့အတွက် ၎င်းကာလအတွင်းမှာကျင်းပတဲ့ ၂၁ ရာစုပင်လုံညီလာခံ (၄)ကြိမ်တိုင်တိုင် ကျင်းပခဲ့သော်လည်း ကျွန်တော်တို့ အင်းသားလူမျိုးကိုယ်စားပြုတဲ့ ပါတီအနေနဲ့ရော အင်းသားလူမျိုးစုအနေနဲ့ရော တက်ရောက်ဖိတ်ကြားခြင်းမခံရတဲ့အတွက် ဒီအရေးကြီးတဲ့ညီလာခံမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုအနေနဲ့ ပါဝင်ဆွေးနွေးတင်ပြခွင့်တွေ ဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အင်းသားလူမျိုးစုတွေအနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲအလွန် နိုင်ငံတော်အဆင့် ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ ပါဝင်နိုင်ရေးအတွက် ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေကို ထောက်ခံရွေးချယ်ပေးဖို့ မလွဲမသွေလိုအပ်နေပါပြီ။ ဒါမှသာလျှင် ကျွန်တော်တို့ အင်းသားလူမျိုးတွေကလည်း အခြားလူမျိုးများနဲ့ တန်းတူရည်တူ နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ လူမျိုးအကျိုး ပါဝင်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် အလေးအနက်ထား စဉ်းစားဆုံးဖြတ်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ။

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်များကတော့.....

- ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စု၊ ပြည်နယ်တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး၊
- အင်းသားတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ လူမှုစီးပွားရေးဘဝများ စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်နှင့် တိုးတက်မြင့်မားလာစေရန်၊
- အင်းလေးကန်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး၊
- ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ စည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စုတိုင်းရင်းသားများအားလုံးနှင့် ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေးတို့ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ အင်းသားများ တစုတဝေးတည်းနေထိုင်တဲ့ အင်းလေးကန်တစ်ဝိုက်ကို အခြေတည်ပြီး အတူနေ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာ စတာတွေအားလုံး စုပေါင်းပါဝင်မှာဖြစ်တဲ့အတွက် အင်းအမျိုးသားအဖွဲ့ချုပ်လို့ အမည်မှည့်တာ ဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး၊ နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့ အခက်အခဲလိုအပ်ချက် စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်သိရှိနားလည်ရမှာဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာတဲ့ နည်းလမ်းကို အသုံးပြု ဝေဖန်သုံးသပ် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်တဲ့ ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ အလေးအနက်ထားယုံကြည်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ အင်းသားလူမျိုးဟာ လက်ရှိအခြေအနေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးများနဲ့ လူဦးရေ၊ နေရာ၊ အကျယ်အဝန်းများဟာ အတူတူလောက်ပဲဆိုပေမယ့် ကျွန်တော်တို့လူမျိုးဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရခဲ့သဖြင့် ဒေသခံများအတွက် ဘတ်ဂျက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အားနည်းခဲ့ရပါတယ်။ ကလေးများရဲ့ပညာသင်ကြားရေးဆိုင်ရာမှာလည်း အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဆောင်ရွက်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့်တိုင်းရင်းသားများ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ ခံစားရရှိသင့်တဲ့ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ လက်တွဲဖော်ဆောင်သွားနိုင်ဖို့ကို အလေးအနက် ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေ ပိုမိုများပြားလာသလို သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့ စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန်သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံဖြတ်ကျော်လွှားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ပေးချင်ပါတယ်။

အင်းတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာ နေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနဲ့အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုပြီးဆိုးရွားလာနေပါတယ်။ အဲဒီဆိုးရွားတဲ့ အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်တဲ့အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးမြှင့်တင်ရေးကို ဟန်ချက်ညီညီဖြစ်ထွန်းစေဖို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့ အင်းလေးဒေသ အင်းလေးကန်ရဲ့ ထူးခြားတဲ့ မြေပြင်အနေအထားအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များမရရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှ ဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များ ရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့်ဇီဝအဝန်းနယ်မြေ(Man and Biosphere Reserve)အဖြစ် အသိအမှတ်ပြုပြီးဖြစ်တဲ့အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့ အကျိုးစီးပွား ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးဟာ အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်တဲ့အတွက်ဖြစ်ပါတယ်။

အဲဒီလိုအင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီစေဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့် အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ် စိုက်ပျိုးထုတ်လုပ်မှုတွေကို လျော်ညီသောနည်းလမ်း၊ တွက်ခြေကိုက်သော စနစ်များကို ပြုပြင်ဖော်ဆောင်သွားနိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဒေသခံများအနေဖြင့် တရားဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်း၊ မိမိတို့ အင်းလေးကန်ဒေသကြီးအတွက် မိမိတို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အား အသိတရားတို့ကို မလွဲမသွေအပြည့်အဝပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက်ယုံကြည်ပါတယ်။

ထို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိတဲ့အကူအညီများကို ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာ အသုံးပြုနိုင်ရေး မိမိတို့ပါတီဝင်များအားလုံးက ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ထိုကဲ့သို့ ဆောင်ရွက်မှုများမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဆောင်ရွက်နိုင်ရင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်နိုင်ရေး လိုအပ်သော ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တင်ပြညှိနှိုင်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် အင်းလေးဒေသဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ခရီးသွားဒေသဖြစ်တဲ့အပြင် သဘာဝအခြေအနေအရ ကမ္ဘာကျော်ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအကောင်းဆုံးရဖို့နဲ့ ဒေသခံမိမိတို့တိုင်းရင်းသားများကလည်း ခရီးသွားလုပ်ငန်းကို အမှီပြုပြီး ဝင်ငွေတိုးတက်လာစေဖို့အတွက်လည်း အထူးအလေးပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ....**

ကျွန်တော်တို့အင်းအမျိုးသားအဖွဲ့ချုပ်ပါတီအနေဖြင့် အရည်အသွေးပြည့်ပြည့် စိတ်ဓာတ်မြင့်မြင့်မားမားနှင့် လူမျိုး၊ ဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာ ထောက်ခံအားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာ ယုံကြည်မိပါကြောင်းတင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျာ.....။

ရာကျော်တဲ့ဆွဲလှေလာပါပြီ
အဝါရောင်အဝိုင်းကို အင်းသားတိုင်းမဲပေးကြနော်
အဝါအဝိုင်းနော် အဝါဝိုင်း

## စည်းလုံးချိန်ပြီ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ

တော့အမျိုးဆားကိုယ်စားပြုမယ် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပီလာပီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့
ရေရှည်တည်တံ့စေဖို့ ရေရှည် ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့
ဒီအင်းလေးက အလှအပတွေ ဒီအင်းလေးက သဘာဝတွေ
ရေရှည်ထိန်းထားတို့အင်းဆား အင်းဆားအလုပ် တို့အလုပ်
အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာ သွားဖို့ရာ သေသေချာချာ
မဲပေးကြစို့ အင်းပါတီကို မဲပေးကြစို့..... အင်းလေးဒေသ သဘာဝ
အင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်းဖို့ တို့အမျိုးတွေ
ဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့... ကြည်ကြည်သာသာဖြစ်ဖို့ရာ
သွားပါစားပါ လက်ရေတစ်ပြင်တည်း ဖွဲ့စည်းလိုက်ပြီး
အင်းပါတီအမျှားသူငှါ မနှိမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့
(အင်းပါတီကို မဲပေးကြစို့)၂ စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ
ဝမ်းစာပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့
(အင်းပါတီကို မဲပေးကြစို့)၂ တိုးတက်နေတဲ့ ခေတ်ကြီးမှာ ပညာရေးက
အဓိကပါပဲ တန်းတူအခွင့်အရေးရဖို့ရာ အင်းဝန်ကြီးမှာ အဓိက
အင်းဆားကိုယ်စားပြုမည့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ လာပီလာပီ
အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့ တို့အင်းလေးကန်ကြီး
မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့ ရေရှည်တည်တံ့စေဖို့
ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့ ဒီအင်းလေးက
အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထား
တို့အင်းဆား အင်းဆားအလုပ် တို့အလုပ် အင်းဆားအရေး တို့အရေး
တည့်တည့်တွေးကာ သွားဖို့ရာ သေသေချာချာ မဲပေးကြစို့ အင်းပါတီကို
မဲပေးကြစို့..... အင်းလေးဒေသ သဘာဝ အင်းရေပြင်လည်းတည်ဖို့
အင်းရေပြင်လည်း ဘေးကင်းဖို့ တို့အမျိုးတွေ ဝန်းရံကြလို့
အင်းပါတီကိုမဲပေးကြစို့... ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ
လက်ရေတစ်ပြင်တည်း ဖွဲ့စည်းလိုက်ပြီး အင်းပါတီအမျှားသူငှါ
မနှိမ်စားစေဖို့ အပြန်အလှန်ဆောင်ရွက်စေဖို့ (အင်းပါတီကို မဲပေးကြစို့)၂
စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာပဲမို့
ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို
မဲပေးကြစို့)၂ အင်းဆူအင်းဆား လူခဲများ ဦးဆောင်ပြုမည့် အင်းပါတီ၊
အမျိုးသားရေးလက်မနေး မြှင့်တင်ပေးမည် အင်းပါတီ၊
စည်းလုံးအင်အားရှေ့ကထား ညီညွတ်စေမည် အင်းပါတီ၊ လိုတာဖြည့်ပေး
ကျန်းမာရေး ထောက်ကူပြုမည် အင်းပါတီ၊ တို့အင်းဆားတွေ ညီစေဖို့
အင်းပါတီကို မဲပေးစို့၊ စိတ်ဓာတ်အင်အားမြှင့်တင်ဖို့ အင်းပါတီကို မဲပေးစို့၊
(အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ)၃

## ရေဝတီတိုင်းဒေသကြီးရှိ Quarantine Center များနှင့် ကုသရေးစင်တာများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ပုသိမ် အောက်တိုဘာ ၇**

ရေဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၃၅/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ် ၂၆ မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ စားစရိတ်ထောက်ပံ့ငွေကျပ် သိန်းတစ်ထောင်ကို တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းသို့ လည်းကောင်း၊ မြို့နယ် ၂၆ မြို့နယ်ရှိ ကုသရေးစင်တာ Second Hospital များ၏ ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၅၉ ဒသမ ၅၂ အား တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်သို့ လည်းကောင်း ပေးအပ်သည်။



ရေဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ လုပ်ငန်းများတွင်အသုံးပြုရန် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဝန်ထမ်းများ၏ လှူဒါန်းငွေကျပ် တစ်သိန်းအား တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက ပေးအပ်ရာ ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ကိုဗစ်-၁၉ ကော်မတီအနေဖြင့် ခရိုင်နှင့် မြို့နယ်များရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ စားသောက်စရိတ်အဖြစ် ငွေကျပ် ၃၅၅ ဒသမ ၂၆၀ သန်း၊ Quarantine ဝင်ရောက်သူများ တစ်ကိုယ်ရေသုံးပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ၃၁၆ ဒသမ ၉၁၀ သန်း၊ ပြည်တွင်းပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ သယ်ယူပို့ဆောင်ခြင်းနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာများအတွက် ငွေကျပ် ၃၇၈ ဒသမ ၅၅၀ သန်းနှင့် တိုင်းဒေသကြီးအတွင်း ဝင်/ထွက် စစ်ဆေးရေးဂိတ်များ တည်ဆောက်ခြင်းနှင့် လုံခြုံရေးစနစ်များဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၃၅၅ ဒသမ ၀၅၅ သန်း စုစုပေါင်း ငွေကျပ် ၁၄၀၅ ဒသမ ၇၇၅ သန်းကို ကဏ္ဍအလိုက် လိုအပ်ချက်များအတွက် ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ မသန်စွမ်းသူများအား ထောက်ပံ့ငွေများပေးအပ်

**ကျိုက်ထို အောက်တိုဘာ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုဗစ်-၁၉ရောဂါကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်အရ ကျိုက်ထိုမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ကို အောက်တိုဘာ ၆ ရက်မှ စတင်ကာ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများသို့ လာရောက်မထုတ်ယူနိုင်သည့်မသန်စွမ်းသူများအား အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကျိုက်ထိုမြို့နယ်ရှိ မသန်စွမ်းသူ ၁၇၈၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ငွေကျပ် ၅၃၅၂၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာများ၌ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

---

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၃၃) ရပ်ကွက်ဈေးအတွင်း နှာခေါင်းစည်းဝတ်ဆင်ရေးလှုံ့ဆော်

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အမှတ်(၁၃၃) ရပ်ကွက် ဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ နှာခေါင်းစည်း ဝတ်ဆင်သွားလာစေရန် နှာခေါင်းစည်းဝတ်ဆင်ရေး လှုံ့ဆော်အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးအတွင်းရှိ ဈေးရောင်းသူများနှင့် ဈေးဝယ်သူများ မဖြစ်မနေ နေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်း ဝတ်ဆင်ကြရန်၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း လိုက်နာကြရန် အသိပေးနှိုးဆော်ခြင်းနှင့် နှာခေါင်းစည်းများဝေငှပေးခြင်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ We Love East Dagon အဖွဲ့တို့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ရောဂါအတည်ပြုလူနာများ နေ့စဉ် တိုးပွားလာသည့်အလျောက် မြို့နယ်အလိုက် ကန့်သတ်စောင့်ကြည့်စခန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကိုလည်း လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖောင်ဒေးရှင်းက အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် အသုံးပြုနိုင်ရန် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ငွေကျပ် ၁၄ သိန်းကျော်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးခဲ့သည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကန့်သတ်စောင့်ကြည့်စခန်းများတွင် အသုံးပြုနိုင်ရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သော မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင်၊ ဂွမ်းကပ် အစုံ ၁၀၀၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာတုံး သုံးမျိုးတွဲအစုံ ၁၀၀၊ ရေချိုးခွက်၊ သောက်ရေခွက်၊ ဆပ်ပြာခွက် အစုံ ၁၀၀၊ Surgical Gown အထည် ၅၀၊ Face Shield အခုရေ ၁၅၀၊ Surgical Mask အခုရေ ၁၀၀၀၊ လက်အိတ် (၁၀၀ ခုပါ)သုံးဘူး၊ ရေမလို လက်သန့်ဆေးရည်(၅၀၀ မီလီ) ငါးဘူး၊ လက်ဆေးဆပ်ပြာရည် (၅၀၀ မီလီ) ၁၀ ဘူး၊ အရက်ပြန် (၅၀၀ မီလီ) ငါးဘူး စုစုပေါင်း တန်ဖိုးအားဖြင့် ငွေကျပ် ၁၄၇၇၉၀၀ ဖိုးအား အောက်တိုဘာ ၅ ရက်က တာဝန်ရှိသူများထံ လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ မည်သူမဆို တတ်စွမ်းသရွေ့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြင့်မောင်**



## အင်းစိန်မြို့နယ်၌ Stay at Home ကာလအတွင်း နေအိမ်ပြင်ပသို့သွားလာခြင်းမရှိစေရေး အဖွဲ့စုံဖြင့်စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် Stay at Home ကာလအတွင်း ပြည်သူများနေအိမ်ပြင်ပသို့ မလိုလားအပ်ဘဲသွားလာခြင်းမရှိစေရေးအတွက် အဖွဲ့စုံဖြင့်စစ်ဆေးမေးမြန်းမှုများကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် တည်ငင်းကုန်းရပ်ကွက် ပုလဲလမ်းမ (၁၄)လမ်းဆုံအနီး ရွှေပြည်သာတံတားအဆင်း၌ ပြုလုပ်ခဲ့သည်။

အင်းစိန်မြို့နယ်အတွင်းသွားလာနေသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများကိုစစ်ဆေးမေးမြန်းမှုများပြုလုပ်ပြီး Stay at Home စည်းကမ်းများနှင့်အညီ ထောက်ခံချက်မပါ၊ အကြောင်းပြချက်မခိုင်လုံသော လမ်းပေါ်ထွက်လာသူများအား လာရာအရပ်သို့ပြန်လှည့်ခိုင်းခြင်း၊ ကျန်းမာရေးနှင့် စားသောက်ရေးအတွက် ဈေးဝယ်ခြင်းကိစ္စများမှလွဲ၍ မလိုလားအပ်ဘဲ သွားလာမှုများမရှိစေရန်တို့ကို အသိပညာပေးစစ်ဆေးကြရာ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် Stay at Home အမိန့်ညွှန်ကြားချက်များကို ပြည်သူများလိုက်နာစေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**ဉာဏ်ဟိန်း**

## အသွားအလာကန့်သတ်ထားသည့်လမ်းများရှိ အိမ်ထောင်စုများအား စားသောက်ကုန်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီက (၂၀)ရပ်ကွက်နှင့် (၁၀)ရပ်ကွက်များရှိ အသွားအလာကန့်သတ်ထားသည့် လမ်းများမှ အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲများနှင့် နှာခေါင်းစည်းများကို ယမန်နေ့ မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ ကိုယ်စား လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၁)၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက်ရှိ အသွားအလာကန့်သတ်ထားသည့် လမ်းများမှ အိမ်ထောင်စု ၈၄ စု၊ (၁၀)ရပ်ကွက်ရှိ အသွားအလာကန့်သတ်ထားသည့် လမ်းများမှ အိမ်ထောင်စု ရှစ်စု စုစုပေါင်း



အိမ်ထောင်စု ၉၂ စုတို့အား ပေးအပ်လှူဒါန်းသည်။

အဆိုပါ ပေးအပ်လှူဒါန်းရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား တစ်ဘူး၊ ကြက်ဥ ၁၀လုံး၊ ကုလားပဲတစ်ထုပ်နှင့် နှာခေါင်းစည်းများကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **မြသန္တာဝင်း(ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသားများအား ထောက်ပံ့ငွေပေးအပ်

**မတ္တရာ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမှုထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းသည် အသင်းပိုင်ငွေများဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း အသင်းသားများ၏ စားဝတ်နေရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ပံ့ပိုးငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ခဲ့ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် အမှုဆောင်အဖွဲ့များပူးပေါင်း၍ အမှုထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အမှုဆောင်ဟောင်း ၁၂ ဦးတို့အား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခြောက်သိန်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသော အမှုဆောင်အဖွဲ့ ခြောက်ဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းကျပ် သုံးသိန်း၊ အသင်းဝန်ထမ်း သုံးဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းကျပ် ၁၅၀၀၀၀၊ အသင်းသား ၇၇၄ ဦးတို့အား တစ်ဦးလျှင်ကျပ်၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းကျပ် ၇၇၄၀၀၀၀ ဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် ၈၇၉၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **မောင်မောင်ဇော်**

# စီးဆင်းနေမည့် အလင်းတန်းများ

ဦးဘတင်(မင်းလာမြေ)



ဖဖကေဗ္ဗီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း သွယ်တန်းထားမှုကို တွေ့ရစဉ်။

**(ယမန်နေ့မှ အဆက်)**

ဓာတ်အားထုတ်လုပ်နိုင်မှုသည် အရေးကြီးသလို ဓာတ်အားပို့လွှတ်နိုင်မှုသည်လည်း လွန်စွာအရေးပါလှပါသည်။ ဓာတ်အားပေးစက်ရုံကြီးများက ဓာတ်အား ထုတ်လုပ်ပေးနိုင်သော်လည်း ဓာတ်အားပို့လွှတ် မဟာဓာတ်အားလိုင်းများက အဆင်သင့်မဖြစ်ခြင်း၊ မပို့လွှတ်နိုင်ခြင်း၊ ပြတ်တောက်ခြင်းများကြုံတွေ့ပါက ထုတ်လုပ်မှုအပိုင်းသည် အချည်းနှီးဖြစ်နေဦးမည်ဖြစ်သည်။ ထို့ကြောင့် ဓာတ်အားသုံးစွဲမှု မြင့်မားကျယ်ပြန့်လာတိုင်း ဓာတ်အားထုတ်လုပ်ရေးနှင့် ဓာတ်အားပို့လွှတ်ရေး အဆောက်အအုံတို့သည် ပိုမိုတိုးချဲ့ တည်ဆောက်ပေးရမည်ဖြစ်သည်။ ကြိုတင်တည်ဆောက်ထားကြရမည် ဖြစ်ပါသည်။

ယခု ၂၀၂၀ ပြည့်နှစ်တွင် ဓာတ်အားထုတ်လုပ်မှု၌ နိုင်ငံတစ်ဝန်း စက်ရုံအားလုံးက 3824MW အထိ တိုးမြှင့်ထုတ်လုပ်ပေးခဲ့ရပြီး ယင်းပမာဏ၏ တစ်ဝက်နီးပါးမျှကို ရန်ကုန်ဒေသက သုံးစွဲနေခြင်းဖြစ်ကြောင်းလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင်လည်း မြို့ပြ၊ ရပ်ရွာ၊ လူနေဒေသများသို့ လျှပ်စစ်ဓာတ်အားကို အရည်အသွေးပြည့်ပြည့်နှင့် မပြတ်မတောက် တည်ငြိမ်စွာ ဓာတ်အားပေးနိုင်ရန် ဓာတ်အားဖြန့်ဖြူးဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည်။ 66 kV၊ 33 kV၊ 11 kV၊ 6.6 kV၊ 400V စသည့် ဓာတ်အားလိုင်းများဖြင့် လူနေဒေသတွင်းသို့ ဓာတ်အားဖြန့်ဖြူးခြင်းဖြစ်သည့်အတွက် သတ်မှတ်စံချိန်စံညွှန်း ပြည့်ဝပြီး အန္တရာယ်ကင်းရှင်းစွာ ဖြန့်ဖြူးနိုင်သည့် အရည်အသွေးများရှိရန် လိုအပ်ပါသည်။ သစ်ပင်သစ်ကိုင်း၊ အဆောက်အအုံများဖြင့် ကင်းလွတ်ကာ ဥတုသုံးပါးစလုံး ကောင်းမွန်စွာ ဓာတ်အားဖြန့်ဖြူးနိုင်သော ဓာတ်အားလိုင်းများဖြစ်ရန် အရေးကြီးပါသည်။ ထို့အတူ ဓာတ်အားဖြန့်ဖြူး ထရန်စဖော်မာများသည်လည်း အကာအကွယ်စနစ် အပြည့်အစုံဖြင့် လူနေရပ်ကွက်များအတွင်း အန္တရာယ်ကင်းရှင်းသည့်အခြေအနေဖြင့် တည်ဆောက်ဖြန့်ဖြူးရန်လိုအပ်ပါသည်။ သို့မှသာ အန္တရာယ်ကင်းရှင်းပြီး တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အားဖြန့်ဖြူးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သည့်နိုင်ငံတစ်ခုအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဓာတ်အားကွန်ရက်မှ ဓာတ်အားပေးနိုင်မှုသည် မြို့ပြဒေသအတွက်သာပေးနိုင်ခဲ့ပြီး ကျေးလက်ဒေသအများစုမှာ နိုင်ငံတော်ဓာတ်အားစနစ်၏ ဓာတ်အားဖြန့်ဖြူးရေးလိုင်းမှ ဓာတ်အားရယူသုံးစွဲနိုင်ခြင်းမရှိခဲ့ပေ။ တစ်နိုင်တစ်ပိုင် ဓာတ်အားထုတ်လုပ်သည့်စက်များဖြင့်သာ ထုတ်လုပ်သုံးစွဲနေခဲ့ကြရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အတိတ်ခေတ်ကာလများက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှေးကွေးပြီး ဓာတ်အားအခြေခံအဆောက်အအုံများ မတည်ဆောက်နိုင်ခြင်း၊ နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများ မရရှိခြင်းနှင့် အမျိုးသားစည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်ခြင်း စသည့်အကြောင်းရင်းတို့ကြောင့်ပင်ဖြစ်သည်။ ထိုအချိန်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကို ဧရိယာတိုးချဲ့နိုင်ဖို့ထက် လက်ရှိဖြန့်ဖြူးနေသည့် ဓာတ်အားသုံးသူများသို့ ၂၄ နာရီအချိန်ပြည့်ဓာတ်အားပေးနိုင်ရေးကိုပင် မဖြည့်ဆည်းနိုင်ဘဲ အလှည့်ကျဓာတ်အားပေးရသည့် အခြေအနေအထိ ဆိုက်ရောက်ခဲ့ရသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ထွန်းလာမှသာ နိုင်ငံရေးဖြစ်စဉ်များနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး အခွင့်အလမ်းများ ရရှိဖော်ဆောင်နိုင်ခဲ့ကြသည်။ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍအတွက်လည်း ရေရှည်၊ ရေတိုစီမံကိန်းများ ချမှတ်ပြီး လူမှုစီးပွားဘဝတစ်ခုလုံးအတွက် ဓာတ်အား အပြည့်အဝပေးနိုင်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးဧရိယာ ပိုမိုတိုးချဲ့ဓာတ်အားပေးနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ခေတ်အဆက်ဆက်ဖော်ဆောင်ပေးရမည့် သမိုင်းကြွေးကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားဖော်ဆောင်နေကြောင်းကိုလည်း တွေ့မြင်နေကြရသည်။ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ဓာတ်အားပေးခြင်း၊ မဟာဓာတ်အားလိုင်းကြီးများ နိုင်ငံတစ်နံတစ်လျား တိုးချဲ့တည်ဆောက်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဝေးလံသည့် နေရာဒေသများအထိ တိုးချဲ့ဓာတ်အားပေးခြင်း စသည်တို့ကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်အစိုးရကလည်း ပြည်ထောင်စုရန်ပုံငွေမှ လျှပ်စစ်ကဏ္ဍအတွက် ဘတ်ဂျက်ပိုမိုသုံးစွဲခွင့်ပြုခဲ့ပြီး နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများပါ ရယူနိုင်ခဲ့သဖြင့် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားခွဲရုံကြီးများနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နိုင်ခဲ့ကာ နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးလက်ဒေသများအထိ တိုးချဲ့ဓာတ်အား ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး မီးသုံးသူအိမ်ထောင်စု အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ၅ ဒသမ ၈ သန်းအထိ တိုးတက်ရောက်ရှိလာခဲ့ကြောင်း တွေ့ရသည်။

စာမျက်နှာ ၁၉ သို့ ❖



ဖဖကေဗ္ဗီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း သွယ်တန်းထားမှုကို တွေ့ရစဉ်။

**ယခင်က တစ်ပြည်လုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု (ER%) သည် ၃၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိလာနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့် ၁၀၀ ရာခိုင်နှုန်းသို့လည်းကောင်း ရောက်ရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ။**

❖ စာမျက်နှာ ၁၈ မှ

ယခင်က တစ်ပြည်လုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု (ER%) သည် ၃၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိလာနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့် ၁၀၀ ရာခိုင်နှုန်းသို့လည်းကောင်း ရောက်ရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားကို ကျေးလက်ဒေသအတော်များများအထိ သုံးစွဲလာနိုင်မှုကြောင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လူမှုရေးစသည့် လူမှုစီးပွားဘဝများလည်း အပြောင်းလဲကြီးပြောင်းလဲကာ ပိုမိုတိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်။ ကျေးလက်နေပြည်သူတို့၏ဘဝသည် အိပ်မက်အလားပြောင်းလဲခဲ့ပြီး လျှပ်စစ်မီးရောင်များဖြင့် ထိန်လင်းနေသော ကျေးလက်ညများကို မြင်တွေ့ကြရပြီဖြစ်သည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစ၍ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လာသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ယခုအခါ ပြည်သူများအနေဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် အခက်အခဲများ ဖြစ်ပေါ်စေခဲ့ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကိုပါ ရိုက်ခတ်စေခဲ့ပါသည်။

ထိုသို့ ပြည်သူတို့ လူမှုဘဝအခက်အခဲများ ခံစားကြရသည့်အချိန်တွင် နိုင်ငံတော်အစိုးရ၏ စီစဉ်ပေးမှုဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် မီးသုံးသူ ပြည်သူများအတွက် ဓာတ်အားခပေးဆောင်ရမှုများ သက်သာစေရန် စီးပွားရေးလုပ်ငန်းများမှအပ နေအိမ်သုံးမီတာများကို ဧပြီလမှစ၍ ဒီဇင်ဘာလအထိ လစဉ်လျှပ်စစ်ယူနစ် ၁၅၀ အား အခမဲ့သုံးစွဲခွင့်ပြုခဲ့သည်။ ပုံမှန်ဝင်ငွေမရှိသော ဓာတ်အားသုံးစွဲသူများအနေဖြင့် လျှပ်စစ်ဓာတ်အားခ အတွက် ပူပင်ရန်မလိုတော့ဘဲ ကြောင့်ကြကင်းစွာ ကပ်ရောဂါဘေးကို ရင်ဆိုင်နိုင်ခဲ့ကြသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းဇယားများအရ ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုပေါင်း ၅ ဒသမ ၈ သန်းရှိသည့်အနက် ၃ ဒသမ ၄ သန်းတို့သည် အဆိုပါ သက်သာခွင့်ကို ခံစားခွင့်ရရှိခဲ့ကြောင်းလည်း သိရသည့်အတွက် သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှမရှိခဲ့ဖူးသော ဖြေလျှော့ဝန်ဆောင်မှုမျိုးကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍လည်း ခေတ်မီမီတာသုံးစွဲမှုစနစ်ဖြစ်သည့် အလိုအလျောက်ဖတ်မှတ်ကြည့်ရှု၍ အွန်လိုင်းမှပေးချေနိုင်သော ဒစ်ဂျစ်တယ်မီတာစနစ်(Advance Metering Infrastructure-AMI)ကိုလည်း မြို့ကြီးများတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ မီးသုံးသူများအနေဖြင့် မိမိသုံးစွဲနေသော မီတာယူနစ်အခြေအနေကို အချိန်မရွေး တယ်လီဖုန်းဖြင့် ချိတ်ဆက်ကြည့်ရှုနိုင်ကာ ဘဏ်အကောင့်မှတစ်ဆင့် မီတာခကိုလည်း အွန်လိုင်းဖြင့် ပေးချေနိုင်တော့မည်ဖြစ်ကြောင်းလည်းသိရသည်။




လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုကို ဆောင်ရွက်ပေးရသည့်ဌာနဖြစ်သည့်အားလျော်စွာ ပြည်သူကိုဗဟိုပြုသည့် ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးလာသည်ကို တွေ့မြင်ကြရသည်။ ဓာတ်အားပြတ်တောက်မှုနှင့် သိရှိလိုမှုများရှိပါက Call Center ကဲ့သို့ ပြန်ကြားဆောင်ရွက်ပေးသည့် ဌာနတို့လည်း ပေါ်ထွန်းလာခဲ့ရာ ယခင်ခေတ်အဆက်ဆက် ပြည်သူနှင့် လျှပ်စစ်ဌာနတို့အကြား အလှမ်းကွာခြားမှုများကို နီးစပ်အောင် ဆောင်ရွက်လာနိုင်ခဲ့သည်။ ထို့အတွက် ပြည်သူတို့၏ အခက်အခဲ၊ ဌာန၏ အခက်အခဲတို့ကို နှစ်ဦးနှစ်ဖက် သိရှိဖလှယ်နိုင်ခဲ့ကြပြီလည်းဖြစ်သည်။

လျှပ်စစ်သည် ပြည်သူတို့၏ လူမှုဘဝအစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အညီ လျှပ်စစ်ကဏ္ဍ၏ ဖြစ်ထွန်းပြောင်းလဲမှုတိုင်းသည် ပြည်သူတို့အား နိုင်ငံရေးအရ ရိုက်ခတ်သက်ရောက်မှုများ ရှိစေနိုင်ပါသည်။ ထိုအခြေအနေကို အသုံးချ၍ နိုင်ငံရေးအခြေအနေပြောင်းလဲလိုသူများက လျှပ်စစ်နှင့်ကိုင်လှုပ်ရန် ကြိုးစားမှုကိုလည်း ခေတ်အဆက်ဆက် ကြုံခဲ့ကြရသည့်ဌာနတစ်ခုလည်း ဖြစ်ပါသည်။ သို့သော် ပြည်သူတို့ အကျိုးစီးပွားအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသော လျှပ်စစ်ဌာန၏ ဦးတည်ချက်ကို ပြည်သူလူထုက လက်ခံအားပေးလျက်ရှိကြောင်းလည်း တွေ့နေကြရပြီဖြစ်သည်။ နိုင်ငံတော်၏ စေတနာ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့၏ ကြိုးပမ်းမှုများသည် ပြည်သူလူထုထံသို့ ဓာတ်အားများနှင့်အတူ ဆက်လက်စီးဆင်းနေမည်ဟု ယုံကြည်ပါသည်။

**ခေတ်မီ မီတာသုံးစွဲမှုစနစ်ဖြစ်သည့် အလိုအလျောက်ဖတ်မှတ် ကြည့်ရှု၍ အွန်လိုင်းမှပေးချေနိုင်သော ဒစ်ဂျစ်တယ်မီတာစနစ်ကိုလည်း မြို့ကြီးများတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ မီးသုံးသူများအနေဖြင့် မိမိသုံးစွဲနေသော မီတာယူနစ်အခြေအနေကို အချိန်မရွေး တယ်လီဖုန်းဖြင့် ချိတ်ဆက်ကြည့်ရှုနိုင်ကာ ဘဏ်အကောင့်မှတစ်ဆင့် မီတာခကိုလည်း အွန်လိုင်းဖြင့် ပေးချေနိုင်တော့မည်ဖြစ်။**

ပြည်မ၊ ပြည်နယ်၊ တောင်ပေါ်မြေပြန့် ခရီးဆန့်လျက် အခက်အခဲစိန်ခေါ်မှုများကြားမှ ရုန်းကန်တည်ဆောက်အလင်းပေးလျက်ရှိသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများကို လေးစားအသိအမှတ်ပြုကြရမည်သာဖြစ်ပြီး ၎င်းတို့၏စွမ်းဆောင်နိုင်မှုများကို ကျေးလက်ဒေသရှိ လျှပ်စစ်မီးအလင်းရောင်များက သက်သေခံလျက်ရှိကြောင်း ခံစားတွေ့မြင်မိသမျှကို ရေးသားတင်ပြအပ်ပါသည်။ ။



ဖဖ ကေဗွီ ရေတ်ကောင်း-ရေတ်ကောင်းတောင် ဓာတ်အားခွဲရုံ။



ဖဖ ကေဗွီ ရေတ်ကောင်း-ရေတ်ကောင်းတောင် ဓာတ်အားလိုင်းသွယ်တန်းထားမှုကို တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ သွားရောက်၍ အားပေးစကားပြောကြား

**ရန်ကုန်  အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် ယမန်နေ့ နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ်ရှိ Community Based Facility Quarantine Center များသို့ သွားရောက်၍ Quarantine ဝင်နေသူများကို အားပေးစကား ပြောကြားခဲ့သည်။

ထိုသို့သွားရောက်ခဲ့ရာတွင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ သဃ်န်းကျွန်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတို့က မိမိတို့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် Quarantine ဝင်ရောက်နေထိုင်သူများအတွက် အစားအသောက်၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ကန့်သတ်စောင့်ကြည့်စခန်းတွင် နေထိုင်သူများ၏ လိုအပ်ချက်များ ပြည့်စုံစေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

သဃ်န်းကျွန်းမြို့နယ်တွင် ဆောက်လုပ်ရေးဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၊ သဃ်န်းကျွန်းပညာရေးကောလိပ်၊ အထက (သုဝဏ္ဏ)နှင့် အထက(၂) သဃ်န်းကျွန်းတို့တွင် ကန့်သတ်စောင့်ကြည့်စခန်းများဖွင့်လှစ်ထားရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကုသရေး ခုတင် (၅၀၀) ဆံ့ အင်းယားစင်တာ ပြင်ဆင်ဆောင်ရွက်နေမှု တာဝန်ရှိသူများ လာရောက်ကြည့်ရှု

**ရန်ကုန်  အောက်တိုဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် ကမ္ဘာ့ဘဏ်မှ ငွေကျပ်သိန်း ၇၀၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်းမတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၀ ဖြင့် မရမ်းကုန်းမြို့နယ် အမှတ် (၁၀)ရပ်ကွက်ရှိ Yangon Convention Center (YCC) အင်းယားစင်တာအား စက်တင်ဘာ ၂၉ ရက်တွင် စတင်တည်ဆောက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်နှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ကြသည်။

တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ယူဆောင်ရွက်နေကြသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ၊ ရှေ့လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါ အင်းယားစင်တာ၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်သူလူနာများအား အောက်တိုဘာ ၉ ရက် ညနေပိုင်းမှ စတင်ထားရှိကုသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ငါးဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော်  အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ ငါးဦးအား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ငါးဦးမှာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ဖြစ်ကြပြီး ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် သုံးဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၆၆ ဦးနှင့် အမျိုးသမီး ၆၉၂၄ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၅၄၉၀ တို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန၏ ကိုဗစ်ထောက်ပံ့ငွေ အားကစားမီဒီယာများအဖွဲ့ချုပ်သို့ ခွဲဝေလှူဒါန်း

**ရန်ကုန်  အောက်တိုဘာ ၇**

မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂက ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုဗစ်- ၁၉ ရောဂါကာလအတွက် ထောက်ပံ့ခဲ့သော ငွေကျပ် သိန်း ၅၀ ထဲမှ ငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်သို့ ခွဲဝေလှူဒါန်းခဲ့သည်။

အဆိုပါအလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏ (ဆရာမာဂျေ)က အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် ပေးအပ်ရာ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဖေဒီက လက်ခံရယူခဲ့သည်။

**မြင့်စိုး**



## သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**မိုးကောင်း  အောက်တိုဘာ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုဗစ်-၁၉ ကုစားမှုအစီအစဉ်အရ မိုးကောင်းမြို့နယ်အတွင်းရှိ အသက် (၈၀) နှစ်နှင့် (၈၅) နှစ်အကြား သက်ကြီးအဘိုးအဘွား ၆၉၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၀၉ သိန်းကျော်ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါထောက်ပံ့ငွေများကို မြို့နယ်အတွင်းရှိ ရပ်/ကျေး ၅၀ မှ အသက် (၈၀) နှစ်နှင့် (၈၅) နှစ်အကြား အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သက်ဆိုင်ရာ ရပ်/ကျေးအလိုက် ကွင်းဆင်းထောက်ပံ့ရေးအဖွဲ့များက တစ်အိမ်တက်ဆင်းစနစ်ဖြင့် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်ရှိ ပညာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ငွေကျပ် သိန်း ၃၀ ကျော် လှူဒါန်း

**ဝါးခယ်မ  အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ စုပေါင်းပြီး မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ အလှူငွေများ လှူဒါန်းမှုကို ယနေ့ နံနက် ၁၀ နာရီက စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ၌ ပြုလုပ်ခဲ့သည်။

ဝါးခယ်မမြို့နယ် ပညာရေးမှူး ဒေါ်သင်းသင်းလှ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ စုပေါင်းပြီး အလှူငွေကျပ် ၃၁၄၄၅၀၀ ကို ဒုတိယအကြိမ်အဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်တွင် အလှူငွေကျပ် ၂၁ သိန်းအား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**လက်ခံရယူ**

မြို့နယ်အတွင်းရှိပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ထိန်းချုပ်ရေးလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်ရေးနှင့် အတည်ပြုလူနာများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် ပညာရေးဝန်ထမ်းများ စုပေါင်းလှူဒါန်းသော အလှူငွေအား မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်နှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

■

# ကွမ်းခြံကုန်းမြို့နယ်၌ ၂၂ ခုမြောက် ဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လှစ်

**ရန်ကုန်  အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာကု အခမဲ့ဆေးခန်း ၂၂ ခုမြောက်ကို ကွမ်းခြံကုန်းမြို့နယ်၌ ယမန်နေ့က စတင်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးခန်းကို အပတ်စဉ် (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ)နေ့များတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မင်းသုဝဏ်ဖောင်ဒေးရှင်းခြံဝင်းထန်းတောရပ်ကွက် ကွမ်းခြံကုန်းမြို့၌ ဖွင့်လှစ်ထားသည်။

"ဒီလို ဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လိုက်တဲ့အတွက် ဆေးခန်းလာပြချင်တဲ့လူနာတွေအတွက် အထောက်အကူ အများကြီးဖြစ်ပါတယ်။ ဆေးခန်းမလာရဲလို့ အိမ်မှာကြိတ်ကုတာထက် ဒီကိုလာရင် မြန်မြန်ဖော်ထုတ်နိုင်တာပေါ့"ဟု We Love ကွမ်းခြံကုန်းပရဟိတအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ဦးအောင်ခိုင်ထွန်းက ပြောကြားသည်။




ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ပုဂ္ဂလိကဆေးခန်းအများအပြား ပိတ်ခဲ့ပြီး ယခုလို ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာလူနာများကို ဖျားနာကုဆေးခန်းတွင် ကြည့်ရှုကုသပေးနိုင်မည်ဖြစ်ရာ ကိုဗစ်မဟုတ်သည့် အခြားရောဂါများအတွက် ပုဂ္ဂလိကဆေးခန်းများအနေဖြင့် ပြန်လည်ဖွင့်လှစ်ကုသပေးနိုင်မည်ဖြစ်သည့်အတွက် လူနာများ အဆင်ပြေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အဆိုပါဆေးခန်း၌ စေတနာ့ဝန်ထမ်းဆရာဝန်၊ သူနာပြု၊ ကြက်ခြေနီ အင်အား ၁၀ ဦးခန့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စေတနာ့ဝန်ထမ်းဆောင်ရွက်လိုသူများအနေဖြင့် ဆက်သွယ်လုပ်အားပေးကူညီနိုင်ကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းသို့ လာရောက်ပြသသူ ဖျားနာလူနာ ၁၉ ဦးရှိပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ယနေ့ ပိုးတွေ့လူနာ ၈၉ ဦး အထိရှိပြီဖြစ်ကြောင်း ဦးအောင်ခိုင်ထွန်းက ပြောပြသည်။

**အေးမင်းသူ**

# ကျောက်တံတားမြို့နယ်၌ မဲဆန္ဒရှင်ဦးရေ ၂၂၇၂၇ဦး ရှိပြီး မဲရုံပေါင်း ၂၈ ရုံ ထားရှိမည်

**ရန်ကုန်  အောက်တိုဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ကျောက်တံတားမြို့နယ်ရှိ ရပ်ကွက်ကိုးရပ်ကွက်မှ မဲဆန္ဒရှင်ဦးရေ စုစုပေါင်း၂၂၇၂၇ဦးရှိပြီး မဲရုံပေါင်း ၂၈ ရုံထားရှိမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဝင်းထံမှ သိရသည်။

မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ဒုတိယအကြိမ် ကြေညာထားရာမဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည် ပါ/မပါ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ကျောက်တံတားမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၁၀၃၂၇ဦး၊ အမျိုးသမီး ၁၂၄၀၀၊ မဲဆန္ဒနယ်အမှတ်(၁)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၀၇၈၄ ဦးနှင့် မဲဆန္ဒနယ်အမှတ်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၉၄၃ဦး စုစုပေါင်း ၂၂၇၂၇ ဦးရှိပြီး မဲရုံပေါင်း၂၈ရုံရှိကြောင်း သိရသည်။

ကျောက်တံတားမြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲတပ်ဖွဲ့ဝင် ၂၈ဦး ခန့်အပ်ထားပြီး အဆိုပါ အထူးရဲတပ်ဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဥပဒေ၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဘာသာရပ်များကို အောက်တိုဘာ ၁ ရက်မှ စတင်၍ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းအား တစ်လတိတိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏ အမည်များကို ကိုယ်တိုင်လာရောက်ကြည့်ရှုရန် အခက်အခဲရှိပါက ဝက်ဘ်ဆိုက်လိပ်စာ http://bit.ly/yangon-voters မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# မိုးစပါးရိတ်သိမ်းချိန် စပါးသယ်ယူနိုင်ရေး ဆန်စပါးအသင်းချုပ်မှပေါင်းစပ်ညှိနှိုင်းကူညီမည်

**ရန်ကုန်  အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များ၊ ကုမ္ပဏီများနှင့် တိုင်းဒေသကြီးအဆင့်အသင်းများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူများသည် အောက်တိုဘာ ၃ ရက်က အွန်လိုင်းဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စပါးရိတ်သိမ်းခြွေလှေ့လုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ ဆန်စပါးကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရန်၊ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ဆန်စပါးသယ်ယူပို့ဆောင်နိုင်စေရန်နှင့် နယ်စပ်ဂိတ်များတွင် Rapid Test Kit များဖြင့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များကို စစ်ဆေးပေးသည့်အပြင် မြို့နယ်များတွင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များကို စစ်ဆေးမှုများပြုလုပ်နိုင်ရန်တို့ကို ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မြို့နယ်များရှိဆန်စက်များ၊ ဆန်ကုန်သည်များအနေဖြင့် Rapid Test Kit များဖြင့် စစ်ဆေးမှုခံယူပြီး ရန်ကုန်တိုင်းဒေသကြီးသို့ ဆန်တင်ပို့ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်ရှိ ဆန်စက်အသင်း၊ ဆန်ကုန်သည်အသင်းများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒေသကော်မတီများထံ ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ရန်ကုန်မှ ပဲခူးတိုင်းဒေသကြီးသို့ယာဉ်စေလွှတ်၍ ဆန်စပါးသယ်ယူရန်ရှိပါက ရန်ကုန်မြို့ရှိ ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်သို့ ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေ

**သပိတ်ကျင်း  အောက်တိုဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ဝေသည့် လက်ကမ်းစာစောင်များနှင့် ပိုစတာများ ဖြန့်ဝေခြင်းကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အောက်တိုဘာ ၇ ရက်တွင် ပြည်သူများထံ လိုက်လံဖြန့်ဝေပေးခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် မဲဆန္ဒရှင်စာရင်းများ၌ မိမိအမည်စာရင်းကို လွယ်ကူစွာရှာဖွေနိုင်ရန် အကြံပြုချက်များ၊ Online မှတစ်ဆင့် မဲစာရင်းများစစ်ဆေးရန်နည်းလမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ဘေးကင်းလုံခြုံရေးလမ်းညွှန်ချက်များ စသည့်အချက်များဖော်ပြပါရှိကြောင်း သိရသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန် မဲပေးခွင့်ရှိသူများ၏အမည်စာရင်းများကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ နောက်ဆုံးအကြိမ် ကြေညာကပ်ထားပြီဖြစ်သဖြင့် ပြည်သူများဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေးမဲဆန္ဒရှင်စာရင်းများသွားရောက်ကြည့်ရှုရန် အသိပေးသည့်အနေဖြင့် အသိပညာပေးပိုစတာများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(ပြန်/ဆက်)**



# ကရင်ပြည်နယ် ဘားအံမြို့၌ ဝန်ထမ်းအိမ်ရာဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**ဘားအံ  အောက်တိုဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားလုပ်ငန်းများ တည်ဆောက်ခြင်း၊ သောက်သုံးရေအခက်အခဲရှိသည့် ဒေသများတွင် ရေတွင်း ရေကန်များ တူးဖော်ပေးခြင်းလုပ်ငန်း၊ လျှပ်စစ်မီးအခက်အခဲရှိသည့် မြို့နယ်ကျေးရွာများအတွက် ဆိုလာပါဝါစနစ် ထောက်ပံ့ပေးခြင်း၊ တန်ဖိုးနည်းဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများကိုဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အပြင် မိမိဝန်ကြီးဌာနဝန်ထမ်းများအတွက်လည်း နေအိမ်များအခက်အခဲမရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိပြည်နယ်ရုံးများ၊ ခရိုင်ရုံးများ၊ မြို့နယ်ရုံးများတွင် ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းအိမ်ရာများတည်ဆောက်ပေးလျက်ရှိသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၁၀၆ ဒသမ ၅၉၅ သန်းဖြင့် ဘားအံမြို့ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် (၅၂'x၃၆'x၂၂')ရှိ နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တစ်လုံးကိုလည်းကောင်း၊ ဘားအံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၃ ဒသမ ၉ သန်းဖြင့် (၉၀'x၃၀'x၂၂')ရှိ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံးကိုလည်းကောင်း တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဘားအံမြို့ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဘားအံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ဆောက်လုပ်ပြီးစီးသော ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်နှင့် အင်ဂျင်နီယာအဖွဲ့က အောက်တိုဘာ ၅ ရက်တွင် သွားရောက်စစ်ဆေးခဲ့သည်။

**ငွေကြေယ်**

# နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မြဝတီ  အောက်တိုဘာ ၇**

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီက မြဝတီမြို့ မြဝတီဟိုတယ်ရှေ့ မီးပွိုင့်လမ်းဆုံတွင် မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက နှာခေါင်းစည်း အခု ၂၀၀၀ ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြဝတီမြို့၌ မိဘပြည်သူများအနေဖြင့် အပြင်ထွက်သည့်အချိန်တွင် နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်စေခြင်း၊ လက်ဆေးခြင်းများအပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အများပြည်သူများ သိရှိလိုက်နာရေး ထုတ်ပြန်ချက်များကို အမြဲမပြတ် လိုက်နာသတိပြုရေးတို့ကိုလည်း အသိပညာပေး တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း-ဒါရိုက်တာကြည့်စိုးထွန်း**

ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသည့် အဆိုတော်များထဲတွင် ထိပ်ဆုံးကပါဝင်ခဲ့သူဖြစ်ပါသည်။ ခင်ယုမေသည် သူ့ခေတ် သူ့အခါက ထင်ရှားသော ဝတ်စားပုံကိုထွင်နိုင်ခဲ့သူဖြစ်သလို သဘာဝကျသော အမူအရာကိုလည်း လုပ်ဆောင်နိုင်ခဲ့သည့် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ခင်ယုမေ၏ ရုပ်ရှင်ကားများကိုကြည့်လျှင် အမူအရာပိုလွန်းသွားသည့် ရုပ်ရှင်ကားမျိုး မရှိသလောက်ရှားပါးခဲ့သည်။ ရုပ်ရှင်ကားများကို သဘာဝကျကျ မပိုမလို သရုပ်ဆောင်နိုင်ခဲ့သလို သိုင်းရုပ်ရှင်ဇာတ်ကားများ၊ ခါးခုတ်လုံ့ထိုး ရုပ်ရှင်ဇာတ်ကားများကိုလည်း နာမည်ရအောင် ရိုက်ကူးခဲ့သည်ကို တွေ့မြင်ရလေသည်။ ဂီတဘက်တွင် ထူးချွန်ခဲ့သလို ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုရသည်အထိ သရုပ်ဆောင်တော်ခဲ့သော ခင်ယုမေ၏ ရုပ်ရှင်လောကအတွင်း လျှောက်လှမ်းခဲ့ပုံများကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

ဒီတစ်ပတ် ကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်ရောက်နေတဲ့နေရာက အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်ယုမေရဲ့ ခြံဝင်းဖြစ်ပြီး အကယ်ဒမီခင်ယုမေနဲ့ ဒီတစ်ပတ်ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ စတူဒီယိုကို မလာရောက်နိုင်တဲ့ ခင်ယုမေရဲ့ အိမ်ကိုလာပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

**ကြည့်စိုးထွန်း။** ။ ရုပ်ရှင်လောကကို ကျွန်တော်တို့ ပြန်ကြည့်လိုက်မယ်ဆိုရင် ရုပ်ရှင်လောကထဲကို ဝင်ရောက်လာတဲ့သူတွေဟာ ပုံစံအမျိုးမျိုးနဲ့ ဝင်ရောက်လာခဲ့ကြရာမှာ တချို့ကလည်း ပြဇာတ်ကနေပြီးတော့ ဝင်ရောက်လာတာဖြစ်ပါတယ်။ တချို့ကလည်း အရုပ်သူအရုပ်သားဘဝနဲ့ ဝင်ရောက်လာကြတာဖြစ်သလို တချို့ကျတော့လည်း ဂီတနယ်ပယ်ထဲက ဝင်ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အခု အကယ်ဒမီ ဒေါ်ခင်ယုမေဟာဆိုရင်လည်း ရေဒီယိုအဆိုတော်၊ ဓာတ်ပြားအဆိုတော်ဘဝကနေပြီးတော့ ရုပ်ရှင်လောကထဲကို ဝင်ရောက်လာခဲ့တဲ့ မင်းသမီးကြီးတစ်ဦးဖြစ်ပါတယ်။ သူဟာ ရန်ကုန်မှာမွေးဖွား၊ ရန်ကုန်မှာပဲ ကျောင်းနေပြီးတော့ ငယ်စဉ်ကတည်းက ကဗျာတွေ၊ ပန်းချီတွေ ဝါသနာပါတယ်။ အားကစား၊ အချုပ်အလုပ် ဝါသနာပါတယ်။ နောက်ပြီးတော့ ဒီဇိုင်းပုံစံကို ဟိုးအရင်ကတည်းက ထူးထူးခြားခြား စိတ်ဝင်စားခဲ့တဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ ရုပ်ရှင်ထဲမှာရော သီချင်းသီဆိုတဲ့နေရာမှာပါ ထူးခြားတဲ့၊ ခေတ်မီတဲ့၊ ဒီဇိုင်းတွေနဲ့ ပရိသတ်တွေ တွေ့မြင်ခဲ့ကြမယ်လို့ ကျွန်တော်မြင်ပါတယ်။

**ကြည့်စိုးထွန်း။** ။ အခုကျွန်တော် ရုပ်ရှင်မင်းသမီးကြီး နှစ်ထပ်ကွမ်း အကယ်ဒမီ ဒေါ်ခင်ယုမေနဲ့ စတင်ဆွေးနွေးပါမယ်။ အစ်မရေ မင်္ဂလာပါ။

**ဒေါ်ခင်ယုမေ ။** ။ မင်္ဂလာပါ။

**ကြည့်စိုးထွန်း။** ။ အခုလို အစ်မကို ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းနဲ့ တွေ့ရတာ အင်မတန် ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း အမှန်တော့ စတူဒီယိုထဲမှာ အစ်မနဲ့ပြောချင်တာ



| | |
|---|---|
| အမည် | - ဒေါ်ခင်ယုမေ |
| ကွယ်လွန်သည့်နေ့ | - ၂၃.၃.၁၉၃၆- ၂၄.၁.၂၀၁၄ |
| အနုပညာအမည် | - ခင်ယုမေ |
| တာဝန်ယူခဲ့သော | - တေးသံရှင်၊ အဝတ်အစားဒီဇိုင်း |
| အနုပညာလုပ်ငန်းများ | တီထွင်သူ၊ သရုပ်ဆောင် |

**ကြည့်စိုးထွန်း ။** ။ ဟုတ်ကဲ့၊ ဒါပေမဲ့ အစ်မရယ် ကျွန်တော်တို့က အစ်မနဲ့ပတ်သက်လာရင်ပေါ့ ငယ်ငယ်လေးကတည်းက၊ ငယ်ငယ်လေးကတည်းကဆိုတာတောင် ကျွန်တော်တို့က Teenage တောင် မရောက်သေးဘူးပေါ့။ Teenage မရောက်သေးဘူး အစ်မကို သိရ၊ မြင်ရ၊ ကြားရပေါ့။ ကြားရတယ်ဆိုတာ ပထမဆုံးက ဘာကြားရလဲဆိုတော့ သီချင်းသံလေးကြားရတာ။ သိပ်ပြီးတော့ သာယာတဲ့ အသံလေးပေါ့နော်။



| | |
|---|---|
| အမည် | - ဦးကြည့်စိုးထွန်း |
| | (၉.၁၂.၁၉၄၅ - ) |
| အနုပညာအမည် | - ကြည့်စိုးထွန်း |
| တာဝန်ယူခဲ့သော | - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ |
| အနုပညာလုပ်ငန်းများ | နာယကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး |

**ကြည့်စိုးထွန်း ။** ။ ကျွန်တော် ပြောတာ မဟုတ်ဘူး။ ကျွန်တော့် အစ်ကိုတွေကပြောတာ၊ ကျွန်တော့် အစ်ကိုတွေက သိပ်သဘောကျတာကိုး၊ သူတို့ သဘောကျတာကို ကျွန်တော်တို့ကလည်း လိုက်သဘောကျရတာပေါ့ အစ်မရယ်။ တကယ်လည်း ကိုယ်တိုင်ကလည်း သဘောကျ ပါတယ်။ ပထမဆုံး ကြားရတဲ့သီချင်းကတော့ "ရိုင်းတဲ့စင်ရော်" ပေါ့။ (........ချိန်ခါဆည်းဆာမြစ်ရေပေါ် .........ပျံကာဝဲကာ

### ပြဇာတ်ပညာရှင်များ



ကြည်ကြည်ဌေး



မြင့်မြင့်ဌေး

### အရုပ်သူအရုပ်သားများ



ခင်လေးဆွေ



မြင့်အောင်

### ဂီတပညာရှင်များ



တွံတေးသိန်းတန်



ချိုပြုံး

ပေါ့လေ။ အစ်မ သွားရေး၊ လာရေး ခက်တာနဲ့ အိမ်ကခွာမရတဲ့ကိစ္စလေးတွေနဲ့ဆိုတော့ ကျွန်တော်တို့လည်း ဒီမှာလာပြီးတော့ အစ်မနဲ့Movie Talk အတွက် ကျွန်တော်ထူးထူးဆန်းဆန်းပေါ့။ ဒါအထူးခြားဆုံးပါပဲ။ ခါတိုင်းဆို ကျွန်တော်က စတူဒီယိုထဲမှာပဲ အားလုံးနဲ့ ပြောတာပေါ့လေ၊ ဒီတစ်ခါတော့...

**ဒေါ်ခင်ယုမေ။** ။ အစ်မလည်း အခွင့်အရေးယူတာ မဟုတ်ပါဘူး။

**ကြည့်စိုးထွန်း။** ။ သဘောပေါက်တယ်အစ်မ။

**ဒေါ်ခင်ယုမေ။** ။ အစ်မလည်း ကြာကြာ မထိုင်နိုင်ဘူးလေ။

**ကြည့်စိုးထွန်း။** ။ သဘောပေါက်တယ်အစ်မ။

**ဒေါ်ခင်ယုမေ။** ။ စတူဒီယိုကျတော့ ဘာမှနားနေဖို့မရှိဘူး။

**ကြည့်စိုးထွန်း။** ။ အေးလည်း အေးတာကိုး ဟုတ်ကဲ့အစ်မ။

**ဒေါ်ခင်ယုမေ ။** ။ ကိုယ်ကကျောကို မှီထားမှ ရတာ။ အာရုံကြောတွေက နာနေတော့လေ။

**ကြည့်စိုးထွန်း ။** ။ အသက်ကလည်း ရလာပြီကိုးနော်။

**ဒေါ်ခင်ယုမေ ။** ။ အသက်ကြောင့်လည်း မဟုတ်ပါဘူး။ မမက အရိုးပါးပြီးတော့ အာရုံကြောတွေကြောင့်မို့လို့ပါ။



ဒါရိုက်တာကြည့်စိုးထွန်း၏အစ်ကိုများ

ငှက်ရွှေစင်ရော် ......) ချိန်ခါဆည်းဆာ မြစ်ရေပေါ် ပျံကာဝဲကာငှက်ရွှေစင်ရော် အခုလည်း ပြန်ဆိုတယ်နော် အစ်မ။

**ဒေါ်ခင်ယုမေ ။** ။ ဟုတ်ပါတယ်။

**ကြည့်စိုးထွန်း ။** ။ ဘယ်သူတွေပါလိမ့်။

**ဒေါ်ခင်ယုမေ ။** ။ မောင်ရန်အောင်နဲ့၊ မောင်ရန်အောင်က တွဲဆိုပါဦး အစ်မရယ်၊ အကုန်လုံးလေ၊ ဒေါ်မြင့်မြင့်ခင်တို့၊ ချိုပြုံးတို့။

**ကြည့်စိုးထွန်း ။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ ။** ။ အဲဒီတုန်းက အမေကြည်ကြီးနဲ့တောင် တွဲဆိုသေးတယ်။

**ကြည့်စိုးထွန်း ။** ။ ဩော် ဒေါ်ကြည်ကြည်ဌေးနဲ့နော် ဟုတ်ပြီအစ်မ။ အဲဒါရယ် နောက်တစ်ခုက လူကို မမြင်ရသေးဘူးပေါ့။

စာမျက်နှာ ၂၃ သို့ ■

■ စာမျက်နှာ ၂၂ မှ

အသံအရင်ကြားရတာ ဘာလဲဆိုတော့ "မုန့်ဆီကြော်"

**ဒေါ်ခင်ယုမေ။** ။ မုန့်ဆီကြော်က "ရိုင်းတဲ့စင်ရော်"ထက်ပိုစောတာပေါ့။

**ကြည်စိုးထွန်း။** ။ အဲဒါ ကျွန်တော်တော့ ကြားဖူးတာပေါ့။ အစ်မက တော့ ရန်ကုန်ဇာတိနော်။ ရန်ကုန်ဇာတိ ၁၉၃၆ ခုနှစ် မတ်လ ၂၃ ရက်။ ၇၃ နှစ်ဆိုတော့၊ ဒါပေမဲ့ မထင်ရပါဘူး။

**ဒေါ်ခင်ယုမေ။** ။ မြှောက်နေလည်း မရဘူး ဇရာဆိုတာ သူ့ဟာသူပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ်၊ ဇရာဆိုပေမဲ့ ဒါပေမယ့် ဒီမျက်နှာ ကြည့်လိုက်၊ ဒီမျက်နှာပုံပျောက်မသွားဘူးလေ၊ အစ်မရဲ့ပါးချိုင့်လေးရယ်၊ အစ်မရဲ့ဖက်ရှင်လေးရယ်က ကျွန်တော်က သိနေတာကိုး ငယ်ငယ်လေးတည်းက။ ဖက်ရှင်ဆိုရင်လည်း အခုခေတ်ထိအောင် အစ်မရဲ့ ပုံလေးတွေကြည့်တယ်ဆိုရင် ရိုးမသွားဘူးနော်။ ပုံလေးတွေက ကြည့်ရတာ၊ ဆန်းဆန်းကြီးလည်း လုပ်မထားဘူး၊ ဖက်ရှင်ထွင်တာကလေ။

**ဒေါ်ခင်ယုမေ။** ။ စကားပုံရှိတယ်၊ ဟုတ်လား ရိုးရိုးလေးက ဘယ်တော့မှမရိုးဘူးဆိုတာ၊ အဲဒီအတိုင်းပေါ့။

**ကြည်စိုးထွန်း။** ။ အဲဒီလိုဖြစ်တာ အစ်မရဲ့ အရင်ပုံလေးတွေပြန်ကြည့်ရင် အခုလည်း အကြည့်ခံတာပဲ။ အရင်ခေတ်ပုံတွေ ကျွန်တော်ပြန်ကြည့်ကြတာပေါ့လေ။

**ဒေါ်ခင်ယုမေ။** ။ တချို့ဆိုရင်လေ ဖက်ရှင်ဆို အတော်အောက်သွားတယ်လေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ခေတ်ကကွာသွားပြီး ဘယ်လိုမှ.....

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်ဟုတ်တယ်။



မြင့်မြင့်ခင်



ရန်အောင်



ဒေါ်စံရှားတင်(ငယ်စဉ်အရွယ်)



ဒေါ်စံရှားတင်

**ဒေါ်ခင်ယုမေ။** ။ အစ်မအင်္ကျီတွေက ဒီနေ့လည်း Up to Date ဖြစ်တာပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်။

**ဒေါ်ခင်ယုမေ။** ။ သူတို့လိုက်ချုပ်လည်း ဒီပုံပဲ။ ပြောင်းမသွားဘူးလေ။

**ကြည်စိုးထွန်း။** ။ အင်း အဲဒါတော့ အစ်မကဘာရှိလဲဆိုတော့ ကိုယ့်ဒီဇိုင်းကိုယ်ထွင်တာကိုး။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အစ်မက ဒီဇိုင်းလည်း ဝါသနာပါတယ်၊ ပန်းချီလည်း ဝါသနာပါတယ်ဟုတ်လား၊ သီချင်းလည်း ဝါသနာပါတယ်၊ ကဗျာလည်း ဝါသနာပါတယ်၊ အချုပ်အလုပ် ဝါသနာပါတယ်နော်။ အဲဒီတော့ ကိုယ့်ဟာကိုယ် ကိုယ့်စိတ်ကြိုက် ဖန်တီးထားတာဆိုတော့လည်း ပိုကောင်းတာပေါ့နော်။ အဲဒီ ဖက်ရှင်ပုံလေးတွေလည်း ကျွန်တော်ထည့်ပေးချင်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ကတော့ ကျွန်တော်က Movie Talk ကိုး အစ်မရဲ့။ ရုပ်ရှင်အကြောင်း ကျွန်တော်က ပိုပြောရမှာဆိုတော့။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်ပါတယ်။

**ကြည်စိုးထွန်း။** ။ သို့သော်လည်း ပြန်စဉ်းစားကြည့်လိုက်ရင် တစ်ခါတည်း ရုပ်ရှင်ထဲကို ဝင်လာတဲ့သူတွေ အမျိုးမျိုးရှိတယ်အစ်မရဲ့။ ဝင်လာတဲ့သူ အမျိုးမျိုးဆိုတာ ဆိုပါတော့ မင်းသမီးတွေ ကြည့်လိုက်မယ်ဆိုရင် ဇာတ်ထဲက ဝင်တဲ့လူတွေရှိတယ်။ ပြဇာတ်ထဲကနေလာတဲ့လူတွေရှိတယ်။

(ဆက်လက်ဖော်ပြပါမည်)



# အင်းစိန်မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းငါးခု၌ လိုအပ်သည့်နေရာများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ် ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ အင်းစိန်မြို့နယ်၏ ငါးခုမြောက်ကန့်သတ်စောင့်ကြည့်ရေးစခန်းသစ် အထက(၃)အောင်ဆန်းကျောင်းသို့ အင်းစိန်မြို့နယ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ နာယကများဖြစ်ကြသော လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ဦးဝေဖြိုးဟန်တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကန့်သတ်စောင့်ကြည့်ခံထားရသူ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၇၆ ဦး စုစုပေါင်း ၁၂၄ ဦးတို့ကို ကူညီဆောင်ရွက်ပေးနေသော ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များအား သွားရောက်အားပေးစကားပြောကြားသည်။

ထို့နောက် အင်းစိန်မြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းငါးခုတို့၌ မြို့နယ်ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရန်အတွက် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းမရှိ ရွှေကွမ်းခြံစက်ဘီးနှင့် ကလေးသုံးပစ္စည်းများ ဖြန့်ချိရောင်းဝယ်ရေးမိသားစုက ငွေကျပ်ငါးသိန်းအား ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်ရောဂါကာကွယ်ရေးကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက လက်ခံကြပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**




# ကျောက်ဖြူခရိုင်ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ပျောက်ကင်းသူ ၁၀ ဦး ဆေးရုံဆင်းခွင့်ပြု

**ကျောက်ဖြူ အောက်တိုဘာ ၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသနေပြီး ရောဂါသက်သာပျောက်ကင်းသူ ၁၀ ဦးအား ယနေ့မွန်းလွဲပိုင်းက ဆေးရုံဆင်းခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်းဆေးရုံဆင်းခွင့်ပြုသူတို့အား မိမိနေအိမ်(Stay at Home) နေထိုင်ရမှာဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာကြရန် သမားတော်နှင့် သူနာပြုဆရာမများက မှာကြားပြီး ဆေးရုံဆင်းလက်မှတ်များ အသီးသီး ပေးအပ်ခဲ့သည်။



ထို့နောက် ၎င်းတို့အား မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက နေအိမ်သို့ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ကျောက်ဖြူမြို့တွင် ဩဂုတ် ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၄၈ ဦးအထိရှိရာ ယနေ့တွင် ရောဂါပျောက်ကင်းသူ ၁၀ ဦး ဆေးရုံဆင်းခွင့်ပြုခဲ့ပြီး ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၈၉ ဦးအထိရှိပြီဖြစ်ရာ ဆေးရုံတွင် ၅၉ ဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း ခရိုင်ဆေးရုံအုပ်ကြီးထံမှ သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

**❒ တောင်ဥက္ကလာပမှ**

လက်ရှိတွင် တစ်ဦးလျှင် ဆန်တစ်ပြည်၊ ကြက်ဥ ၁၀ လုံး၊ ဂေါ်ရခါးသီးသုံးလုံးနှင့် ဂေါ်ဖီထုပ်တစ်ထုပ်တို့ကို ပေးသွားမည်ဖြစ်ပြီး အလှူရှင် လှူဒါန်းမှုအပေါ်မူတည်၍ ဆီနှင့် ဟင်းသီးဟင်းရွက်များလည်း ဆက်လက်မျှဝေလှူဒါန်းသွားမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို တောင်ဥက္ကလာပမြို့နယ် စည်ပင်၊ We Love တောင်ဥက္ကလာပရဟိတအဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကာလအတွင်း စားသောက်ရေး အမှန်တကယ်အခက်အခဲရှိသူများကို ပေးသွားမည်ဖြစ်ရာ ဖုန်းဆက်ပြီးပါက တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၌ ကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိသတ်မှတ်ထားသော်လည်း အလှူရှင်များ လှူဒါန်းမှုအပေါ်မူတည်၍ ရက်ထပ်တိုးဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၄၀၀၀၀ ကျော်နှင့် လူဦးရေ ၁၁၀၀၀၀ ကျော်ရှိကြောင်း အဆိုပါမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**အေးမင်းသူ**

# တီးတိန်မြို့၌ အသက်တစ်နှစ်ခွဲအောက် ကလေးများ ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

ချင်းပြည်နယ် တီးတိန်မြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန တီးတိန်မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးလက်ကျန်းမာရေးဌာနမှ အသက်တစ်နှစ်ခွဲအောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးများ ယမန်နေ့ မွန်းလွဲ ၁ နာရီက လွယ်ဘွာလ်းရပ်ကွက်နှင့် လေးလုမ်းရပ်ကွက်တွင် တိုက်ကျွေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထို့သို့ တိုက်ကျွေးထိုးနှံရာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ကလေးငယ်များကို ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဆုံဆို့ - ကြက်ညှာ - မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော (ရိုတာ)၊ ပိုလီယိုကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုး စသည့် ရောဂါကာကွယ်ဆေးများ ထိုးခြင်း၊ ဆေးတိုက်ခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လျှန်ပီး(သတင်းစဉ်)**

# ၂၀၂၀ MNL ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းထံ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို ဂုဏ်ပြုလွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၇

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းထံ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုက ယမန်နေ့က ဂုဏ်ပြုလွှာပေးပို့ခဲ့သည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ထံမှတစ်ဆင့် ရှမ်းယူနိုက်တက်အသင်းထံ ဂုဏ်ပြုလွှာပေးပို့ခဲ့ခြင်းဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို၏ ဂုဏ်ပြုလွှာတွင် ''ပြီးခဲ့သည့် ဘောလုံးရာသီ လေးခုအတွင်း တတိယအကြိမ်မြောက် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် ရှမ်းယူနိုက်တက်ဘောလုံးအသင်းကို ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားလိုကြောင်း၊ ယခုလို ဆုဖလားရရှိခဲ့ခြင်းမှာ မဆုတ်မနစ်ကြိုးစားမှု၊ စိတ်အားထက်သန်မှုနဲ့ အာရုံစူးစိုက်လုပ်ဆောင်မှုများ၏ ရလဒ်ဖြစ်တယ်ဆိုတာ သံသယဖြစ်ဖွယ်မရှိကြောင်း၊ အသင်းမှာရှိနေသည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်းစီဟာ ယခုလို အရေးပါသည့် အောင်မြင်မှုအတွက် ဂုဏ်ယူကြရမှာဖြစ်ကြောင်း၊ ကလပ်အသင်းမှ တာဝန်ရှိသူများ၊ ကစားသမားများအားလုံးကို ဂုဏ်ပြုစကားဆိုကြောင်း'' စသည်ဖြင့် ရေးသားဖော်ပြခဲ့သည်။ ဖီဖာဥက္ကဋ္ဌသည် MNL ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် အသင်းများထံ ဂုဏ်ပြုလွှာများပေးပို့လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း သုံးကြိမ်မြောက် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရမှတ် ၄၄ မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲရပ်နားအပြီး ပြန်လည်ကျင်းပသည့် ၁၁ ပွဲဆက်အနိုင်ရခဲ့သောကြောင့် အမှတ်ပေးချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို သုံးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀ ရာသီတို့တွင် ရရှိခဲ့ခြင်းဖြစ်ကာ နောက်ဆုံးလေးနှစ်အတွင်း သုံးကြိမ်မြောက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - ဘုန်းသော်







" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၁၈၄/ဘီ)တွင် ရုံးခန်းဖွင့်လှစ် လုပ်ငန်းဆောင်ရွက်လျက်ရှိသော Shwe Ayer Nadi Ltd သည်အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်များအဖြစ်မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်




အထက်တွင်ဖော်ပြထားသောကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကိုအသုံးပြုပြီး အရည်အသွေးမီသွားတိုက်ဆေး၊ ဆပ်ပြာအရည်၊ အမှုန့်၊ အခဲအမျိုးမျိုး၊အလှကုန်အမျိုးမျိုး လူသုံးကုန်အမျိုးမျိုးထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ဖြန့်ဖြူးရောင်းချခြင်း၊မှာယူတင်သွင်းခြင်း လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးမောင်မောင်မြင့် (L.L.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်(၅၉၇၂/၉၃)၊ဖုန်း-၀၉ ၉၇၆၄၄၂၉၉၉၊ ၀၉ ၂၅၂၅၃၈၁၅၇

" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး ၊ ကျောက်တံတားမြို့နယ် ၊ ပန်းဆိုးတန်းလမ်း ၊ အမှတ်(၁၈၅/၁၉၀) ၊ အခန်း(၉၀၂)တွင် ရုံးခန်းဖွင့်လှစ် လုပ်ငန်းဆောင်ရွက်လျက်ရှိသော Diesel King Co.,Ltd သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။




အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြုပြီး အရည်အသွေးမီ ခြင်နိုင်ဆေး ၊ ခြင်နိုင်ဆေးခွေ၊ ခြင်နိုင်ဆေးဖျန်းဘူး၊ ခြင်နိုင်လိမ်းဆေး၊ ခြင်နိုင်ဆေးရည်တို့ကိုထုတ်လုပ်ပြီး မြန်မာနိုင်ငံတဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးမောင်မောင်မြင့် (L.L.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ် (၅၉၇၂/၉၃) ၊ ဖုန်း-၀၉ ၉၇၆၄၄၂၉၉၉၊ ၀၉ ၂၅၂၅၃၈၁၅၇


သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ




## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၂)လုံးချင်းတွင် ဖွင့်လှစ်ထား သော KAN LYNN International Trading Co.,Ltd.ပိုင်ဆိုင်သည့် အောက်ဖော်ပြပါ (၂၀၁၈)ခုနှစ် Allowed Shipment စာရွက်များသည် ကုမ္ပဏီတွင်ထားရှိစဉ် ပျောက်ဆုံးသွားပါသဖြင့် လာရောက်အကြောင်းကြားအပ်ပါသည်။

Ph:09-774577753

(1) ED No.200020004010

(2) ED No.200019099130

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၂၈၁)၊ (၁)ခန်းတည်း RC(၈ $\frac{၁}{၂}$)ထပ် (Lift ပါ) အဆောက်အဦ၏ (စတုတ္ထထပ်)၊ (၅-လွှာ)၊ ဧရိယာ(၁၀၈၁)စတုရန်းပေရှိ မီနီကွန်ဒို တိုက်ခန်းနှင့်၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နီလာဝင်း[၁၀/မလမ(နိုင်)၁၂၅၈၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သဥ္ဇာလင်း[၁၀/မလမ(နိုင်)၁၂၅၈၄၈]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဥ္ဇာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:09-421157856,09-798458627**
**Level(5,6,7,8), Tower(2),HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၁၀-၂၀၂၀) ရက်နေ့ကြေးမုံသတင်းစာ စာမျက်နှာ (၂၇)ပါ ဦးလှဝေဦးနှင့် ဒေါ်အိအိဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း ကြေညာတွင် ဒေါနဖွားရပ်ကွက်အစား (ဒေါနဘွားရပ်ကွက်)ဟု လည်းကောင်း ဦးလှဝေဦး၏ မှတ်ပုံတင်အမှတ်[၁၂/ပဇတ(နိုင်)၀၀၀၆၃၃]အစား [၁၂/ပဇတ(ပြု)၀၀၀၆၃၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်နှင့် ဖခင်အမည်မှန်

နောင်ချိုမြို့၊ အထက(၁) ဒသမတန်းမှ မောင်ကျော်ဇေယျ၏ အမည်မှန်မှာ မောင်ငြိမ်းချမ်းသူ ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးသူလတ်[၁၃/နခတ(နိုင်)၀၆၈၂၉၈] ဖြစ်ပါကြောင်း။

**မောင်ငြိမ်းချမ်းသူ**
**ဦးမျိုးသူလတ်**

## သစ်ခွဲသားဝယ် လိုပါသည်

သစ်ယာ၊ အင်ကြင်းခွဲသား ပြည်တွင်းသုံး စာရွက်စာတမ်းဖြင့် ဝယ်လိုပါသည်။ ဆက်သွယ်ရန်။

**ဖုန်း-၀၉-၄၀၀၃၀၀၉၀၀၊**
**၀၉-၄၀၀၉၀၀၃၀၀**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Shanghai Forever Chemical Co.,Ltdမှ ထုတ်လုပ်သော အောက်ဖော်ပြပါပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Close Friend Co.,Ltdမှ Myanmar Golden Sun Crop Science Co.,Ltdသို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Forever-Glory 325 SC | Azoxystrobin 200g/l+ Difenoconazole 125g/l SC | Provisional | P2020-5102 |

**Myanmar Golden Sun Crop Science Co.,Ltd Tel:09-784772103**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Shanghai Forever Chemical Co.,Ltdမှ ထုတ်လုပ်သော အောက်ဖော်ပြပါပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား 7 Star Agro Power Co.,Ltdမှ Myanmar Golden Sun Crop Science Co.,Ltdသို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Worrior 250 EC | Pyraclostrobin 250g/l EC | Provisional | P2020-3328 |

**Myanmar Golden Sun Crop Science Co.,Ltd Tel:09-784772103**

## ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် အောက်ပါလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်-
  (က) ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းအိမ်ရာနေရာသစ်တွင် ဝန်ထမ်းအိမ်ရာ RCC(၄)ခန်းတွဲ (၃)ထပ် (၇၂x၄၀)ပေ (၁)လုံး ဆောက်လုပ်ခြင်း။

(၂) အထက်ပါလုပ်ငန်းအား ဆောင်ရွက်လိုသောလိုင်စင်ရကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၅၈-၂၂၅၉၅သို့ ဆက်သွယ် မေးမြန်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(၃) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၁၀-၂၀၂၀
တင်ဒါသွင်းရမည့်နောက်ဆုံးရက် - ၂၈-၁၀-၂၀၂၀
တင်ဒါသွင်းရမည့်နေရာ - ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ဖွဲကပင်လမ်း၊ ဘားအံမြို့
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၆-၁၁-၂၀၂၀
တင်ဒါဖွင့်လှစ်မည့်နေရာ - ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

**တင်ဒါကြီးကြပ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဆိုလာပြုပြင်ထိန်းသိမ်းခြင်းစင်တာများ
## တည်ထောင်နိုင်ရန်အတွက် EOI (Expression of Interest) ခေါ်ဆိုခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)သည် စီမံကိန်းလုပ်ငန်းများ တည်ရှိရာဒေသများရှိ တစ်အိမ်သုံးဆိုလာစနစ်အသုံးပြုသူများအတွက် ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် ဆိုလာနှင့်ဆက်စပ်လျှပ်စစ် ဝန်ဆောင်မှုလုပ်ငန်းများအား စိတ်ပါဝင်စားမှုရှိသည့် ပုဂ္ဂလိကကုမ္ပဏီများကို ဆိုလာပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းစင်တာများ စတင်တည်ထောင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်လိုပါသည်။ ဆိုလာပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုပေးမည့် ကုမ္ပဏီများအနေဖြင့် NEP စီမံကိန်းတည်ရှိရာ မြို့နယ်အလိုက် ဆိုလာပြုပြင် ထိန်းသိမ်းရေးစင်တာများတည်ထောင်၍ လိုအပ်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားမှုရှိသည့် ကုမ္ပဏီများအနေဖြင့် ဆိုလာပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ပါရှိသည့် စာရွက်စာတမ်း " the call of EOI for Repair & Maintenance " အား ဌာန၏ Website များဖြစ်သော www. drdmyanmar. org နှင့် www.drdnepmyanmar.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ သို့မဟုတ် အီးမေးလ်ဖြင့် တိုက်ရိုက် တောင်းခံနိုင်ပါသည်။ ကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းအဆိုပြုလွှာအား email သို့မဟုတ် လူကိုယ်တိုင်ဖြင့် အောက်ဖော်ပြပါလိပ်စာသို့ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက် နောက်ဆုံးထားတင်ပြပေးရမည် ဖြစ်ပါသည်။

**ဒေါက်တာစိုးစိုးအုန်း၊ စီမံကိန်းမန်နေဂျာ (အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန**
**တယ်လီဖုန်း- ၀၆၇ ၃၄၁၈၆၃၄/ ၀၆၇ ၃၄၁၈၆၃၅**
**အီးမေးလ် - nepomo.drd@gmail.com/ ksaung@gmail.com /drdnep.procurement @gmail.com**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံ/ဌာနများအတွက် ဆောက်လုပ်ရေး၊ စက်နှင့်စက်ပစ္စည်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

**စဉ် တည်နေရာ/အမျိုးအမည် အရေအတွက်**

(က) ဆောက်လုပ်ရေး
  (၁) ဆေးဝါးစက်ရုံ(အင်းစိန်) ၁ မျိုး
    မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)
    - ၈ဧက မြင်းလွှတ်ကွင်းပြုလုပ်ခြင်း
      (၁၂" ထု ဂဝံဖြည့်ခြင်း၊ သဲကြပ်ခြင်း၊ မြင်းကျုံးသွင်းလမ်း၊ အရိပ်ခိုဆောင်(၄)ဆောင် ခြံစည်းရိုးကာရံခြင်းနှင့် ရေလိုင်း၊ မီးလိုင်းသွယ်တန်းခြင်းအပါ)
  (၂) ဆေးဝါးစက်ရုံ(အင်ရောင်း) ၁ မျိုး
    - ခြံစည်းရိုးကာရံခြင်း၊ (အုတ်ခြံစည်းရိုးကာရံခြင်း၊ မြေထိန်းနံရံ ပြုလုပ်ခြင်း၊ သဲဖို့ခြင်းအပါ)

(ခ) စက်နှင့်စက်ပစ္စည်း
  (၁) ဆေးဝါးစက်ရုံ(အင်းစိန်) ၄မျိုး
    - Bilayer Tablet Press Machine complete with other accessories (1 Set)
    - Fourier Transform Infrared spectrophotometer (FTIR)(1 Set)
    - Atomic Absorption Spectroscopy (AAS)(1 Set)
    - 2"Ø Digital Gas meter including with Individual Digital Gas Flow sub meter (3 Sets)

တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၉-၁၀-၂၀၂၀၊ (၉:၃၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၁-၂၀၂၀၊ (၁၆:၃၀)နာရီ
Website - www.industry.gov.mm
တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
Email - Pfimoi@gmail.com

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)စီမံရေးဌာန**
**ရုံးအမှတ်(၃၇)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်းအမှတ်-၀၆၇-၃၄၀၈၃၇၀၊ ၃၄၀၈၂၇၅၊ ၃၄၀၈၁၄၀**

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)
## အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
## ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း

၇-၉-၂၀၂၀ ရက် မြန်မာ့အလင်းသတင်းစာနှင့် ၉-၉-၂၀၂၀ ရက် ကြေးမုံသတင်းစာများတွင် ခေါ်ယူထားသော ဆေးနှင့်ဆေးပစ္စည်း ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်ကို ၉-၁၀-၂၀၂၀ရက်(အစား) ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက် (တနင်္လာနေ့) မွန်းလွဲ (၃) နာရီသို့ တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးအပ်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ သာမန်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာရေးကိရိယာ(၃)မျိုးနှင့် ဆက်စပ်ပစ္စည်းများ။** MD 600 Photometer, Thermo Reactor, Data Logging Sound Level Meter, Reagent (16)Items, GPS, Drone, Binocular, Lightning Arrestors.

(ခ) **ဓာတ်ခွဲခန်းသုံးဆက်စပ်ပစ္စည်းများနှင့်ဆေးရည်များ**

(ဂ) **ရုံးသုံးပစ္စည်းနှင့် ရုံးအသုံးအဆောင်များ။** Projector (၂)လုံး၊ Aircon (Floor Standing) (၁)လုံး၊ Aircon (Slip Type)(၂)လုံး၊ Computer+Printer+UPS (၁၀)လုံး၊ Copier(၄)လုံး၊ Color Printer (၅)လုံး၊ Camera (၁)လုံး၊ Laptop(၂)လုံး၊ Generator (၁)လုံး၊ မီးခံသေတ္တာ(၁)လုံး၊ Sound Box(၁)လုံး၊ မီးအားမြှင့်စက်(၁)လုံး၊ ရေခဲသေတ္တာ(၁)လုံး၊ ၃၂" TV(၁)လုံး။

(ဃ) **ရုံးသုံးပရိဘောဂများ။** အရာရှိစားပွဲနှင့်ကုလားထိုင် (ဝမ်းဆက်)(၅)လုံး၊ အမှုထမ်းစားပွဲနှင့် ကုလားထိုင်(ဝမ်းဆက်)(၃၀)လုံး၊ သံဗီရို(၁၀)လုံး၊ သံဖိုင်တင်စင်(၁၀)လုံး၊ Aluminium Composite Partition (4 Parts) (၄)လုံး။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၂-၁၀-၂၀၂၀ ရက်(တနင်္လာနေ့)မှ ၁၃-၁၁-၂၀၂၀ ရက် (သောကြာနေ့)အထိ

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၁၃-၁၁-၂၀၂၀ ရက်(သောကြာနေ့) (၁၆:၀၀)နာရီ

၄။ တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ - မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ အောက်လမ်းမကြီး၊ မုပွန်(နတ်ကျွန်း)ရပ်၊ မော်လမြိုင်မြို့။

၅။ တင်ဒါလျှောက်လွှာပုံစံများကို လူကိုယ်တိုင်ဖြစ်စေ၊ Online မှဖြစ်စေ ဝယ်ယူလျှောက်ထားနိုင်ပြီး Online မှ ဝယ်ယူသူများသည် ဌာနမှသတ်မှတ်နှုန်းထားများအတိုင်း MD 021865သို့ပေးသွင်း၍ ပေးသွင်းသည့်ချလန်မိတ္တူအား ဌာန email လိပ်စာဖြစ်သည့် monstate.ecd.monrec@gmail.comသို့ ပေးပို့၍ တင်ဒါလျှောက်လွှာအား ဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ကာလထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်အချက်အလက်များကို မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ၀၅၇-၂၀၂၇၂၇၉၊ ၀၉-၉၅၁၀၈၈၃၉၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၁၃)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အဦ၏ (စတုတ္ထထပ်)၊ (၅-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်အခန်း)၊ ဧရိယာ(၅၀၆)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်အောင်[၁၂/သဃက(နိုင်)၁၅၃၇၄၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ဆုဝေ[၇/တငန(နိုင်)၁၄၈၄၁၈]၊ ဒေါ်ခင်စန်းနွယ်[၇/တငန(နိုင်)၀၅၃၇၇၀]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုဝေ၊ ဒေါ်ခင်စန်းနွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:09-421157856,09-798458627**
**Level(5,6,7,8), Tower(2),HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၁၂)လမ်း၊ အမှတ်(၃၅၆)၊ (၂)ခန်းတွဲ RC(၅ $\frac{၁}{၂}$)ထပ် အဆောက်အဦ၏ (ဒုတိယထပ်)၊ (၃-လွှာ)၊ (ဘီ-၃)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ(၅၁၇)စတုရန်းပေရှိ တိုက်ခန်း နှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဝင်းမြင့်(ခ)လင်းကျော်ရွှေ[၁၂/ပဇတ(နိုင်)၀၀၈၇၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဖြိုးပိုင်ထွဋ်[၁၂/မဂတ(နိုင်)၀၈၄၁၀၂]၊ ဒေါ်အေးချမ်းမြ[၁၂/မဂတ(နိုင်)၀၈၄၁၇၀]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးဖြိုးပိုင်ထွဋ်၊ ဒေါ်အေးချမ်းမြတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:09-421157856,09-798458627**
**Level(5,6,7,8), Tower(2),HAGL Myanmar Center Towen အမှတ်(၁၉၂)၊**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

# ဥတုရာသီ တောကိုမှီ၏




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
# တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| (က) | ကျောင်းဝင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၆၇၀')အုတ်တစ်ဝက်+သံပန်းတစ်ဝက်၊ RCတိုင်ဆောက်လုပ်ခြင်းလုပ်ငန်း။ |
| (ခ) | ဘက်စုံသုံးအားကစားခန်းမ(၁၂၀'x၈၈'x၂၇')(ရေမီးအပါအဝင်)၊ အဝင်လမ်း(၁၀၀'x၁၂'x၈'')ဆောက်လုပ်ခြင်းလုပ်ငန်း Steel Structure |
| (ဂ) | 500KVA Transformer (၁)လုံး တပ်ဆင်ခြင်းလုပ်ငန်း။ |
| (ဃ) | အမရာဆောင်နှင့်ကျောင်းသားဆောင်နောက်မြေသားလမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၂၃၀၀ စ/ပ) |
| (င) | ၁၆၀ဦးဆံ့ကျောင်းသား/သူအိပ်ဆောင် (၂)ထပ် RC(၂၁၂'x၁၃၂') (၂၆၉၂၄ စ/ပ)(၁)လုံးနှင့် ထမင်းစားဆောင် (၁၂၂'x၄၈') (၅၈၅၆ စ/ပ)(ရေမီးအပါအဝင်) အဆောင်အဝင်လမ်း (၂၀၀'x၁၂'x၈'')၊ ပြင်ပရေ (၄" အဝီစိတွင်း ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5HP Summersible Pumpနှင့်အဆောက်အဦ) ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း။ |
| (စ) | ၄ ခန်းတွဲလေးထပ် ဆရာ/မဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း(၁၀၀'x၁၂'x၈")ပြင်ပရေ (၄''အဝီစိတွင်း ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5HP Summersible Pumpနှင့် အဆောက်အဦ)ပြင်ပ မီးသွယ်တန်းခြင်းအပါအဝင် (၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း။ |

၂။ အိတ်ဖွင့်ပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၀-၂၀၂၀ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၂-၁၁-၂၀၂၀ ရက်၊ ညနေ ၄:၃၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၂၅၀၀၇၃၉၉၇၊ ၀၉-၉၇၈၇၈၉၉၃၀ နှင့် Website ဖြစ်သော (wytu.edu.com)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
# မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြည်နယ်ရုံးအဆောက်အဦ R.C.C(၂)ထပ်တည်ဆောက်ခြင်း
(ခ) ပြည်နယ်ရုံးပတ်လည် ကွန်ကရစ်လမ်းခင်းခြင်း
(ဂ) ပြည်နယ်ရုံးအရှေ့ဘက် ခြံစည်းရိုးကာရံခြင်း
(ဃ) ပြည်နယ်ရုံးအတွင်း မြေဖို့ခြင်း
(င) သထုံခရိုင်ရုံးအတွင်း မြေဖို့ခြင်း
(စ) ဘီးလင်းမြို့နယ်ရုံး R.C.C(၂)ထပ် တည်ဆောက်ခြင်း
(ဆ) ဘီလင်းမြို့နယ်ရုံး ခြံစည်းရိုးကာရံခြင်း

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၂-၁၀-၂၀၂၀ ရက် (တနင်္လာနေ့)မှ ၁၃-၁၁-၂၀၂၀ရက်(သောကြာနေ့)အထိ
၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၁၃-၁၁-၂၀၂၀ ရက် (သောကြာနေ့) (၁၆:၀၀)နာရီ
၄။ တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ - မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ အောက်လမ်းမကြီး၊ မုပွန်(နတ်ကျွန်း)ရပ်၊ မော်လမြိုင်မြို့။
၅။ တင်ဒါလျှောက်လွှာပုံစံများကို လူကိုယ်တိုင်ဖြစ်စေ၊ Online မှဖြစ်စေ ဝယ်ယူလျှောက်ထားနိုင်ပြီး Onlineမှ ဝယ်ယူသူများသည် ဌာနမှ သတ်မှတ်နှုန်းထားများအတိုင်း MD 021865သို့ ပေးသွင်း၍ ပေးသွင်းသည့်ချလန်မိတ္တူအား ဌာန email လိပ်စာဖြစ်သည့် monstate.ecd.monrec@gmail.comသို့ ပေးပို့၍ တင်ဒါလျှောက်လွှာအား ဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၇။ အသေးစိတ်အချက်အလက်များကို မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ၀၅၇-၂၀၂၇၂၇၉၊ ၀၉-၉၅၁၀၈၈၃၉၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ Type(A)၊ တိုက်အမှတ် (A3)၊ RC(12)ထပ်တိုက်၏ အခန်းအမှတ်(၃၂၃)၊ (၃)လွှာ ဧရိယာ(၁၁၈၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးချမ်းကျော်ကျော်ပိုင်[၁၂/ဗဟန(နိုင်)၀၈၅၀၀၄]၊ ဦးအောင်ဇော်ဇော်ပိုင်[၁၂/ဗဟန(နိုင်)၀၉၃၆၄၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ဇာခြည်စိမ့်[၁၂/လမတ(နိုင်)၀၃၂၄၁၀]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်စိမ့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

# ဆောက်လုပ်ရေးဝန်ကြီးဌာန
# မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
# လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့
# အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့မှ ပြည်ထောင်စုလွှတ်တော် (D-ဆောင်) အစည်းအဝေးခန်းမကြီးတွင် Conference & E-Voting System ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့်လျှောက်လွှာပုံစံများအား ၈-၁၀-၂၀၂၀ရက်နေ့မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့၊ လွှတ်တော်ဝင်း (ICT-2)လျှပ်စစ်ဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၃-၁၁-၂၀၂၀၊ ၁၅:၀၀နာရီ
၄။ တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၁၀-၁၁-၂၀၂၀၊ ၁၀:၀၀နာရီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့၊ လွှတ်တော်ဝင်း
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၆၇၊ ၀၆၇-၆၉၃၂၅**

# ဆောက်လုပ်ရေးဝန်ကြီးဌာန
# လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
# ဧရာဝတီတိုင်းဒေသကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
# (တင်ဒါအမှတ်-၁/၂၀၂၀-၂၀၂၁)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၀-၂၀၂၁ ဆောင်ရွက်မည့် တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (လုပ်ငန်းခွင်အရောက်) (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။
၂။ လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၀-၁၀-၂၀၂၀ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။
တင်ဒါပိတ်မည့်နေ့ရက်/အချိန်- ၂-၁၁-၂၀၂၀ ရက် (၁၅:၀၀) နာရီ
တင်ဒါဖွင့်မည့်နေရာ - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ပုသိမ်ခရိုင်၊ အမှတ်(၂) နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့။
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ထပ်မံကြေညာပေးပါမည်။
တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ပုသိမ်ခရိုင်**
**(Ph-042-21099)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန
# မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
# လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ
# ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် နေအိမ် အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်း စားသောက်ဆိုင် တည်ဆောက်ခြင်းလုပ်ငန်း (နှစ်ထပ်အဆောက်အဦ) (၁၄၉၃၉ စတုရန်းပေ) အဆောက်အဦ (၁)လုံး ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာငွေ(ကျပ်)ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ပြည်လမ်းနှင့် အလုံလမ်းထောင့်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)၊ ဖုန်း-၀၁-၈၃၁၅၄၀၂ တွင် စုံစမ်းဝယ်ယူ/မေးမြန်းနိုင်ပါသည်။
၃။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၂၀ရက်မှ ၁၂-၁၁-၂၀၂၀ရက်အထိ ရုံးချိန်အတွင်း
၄။ **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်/အချိန်** - ၁၃-၁၁-၂၀၂၀ ရက် - ၁၄:၀၀ နာရီအထိ
၅။ တင်ဒါဖွင့်မည့်ရက် - ကြေညာပါမည်။

**တင်ဒါကော်မတီ**



အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## မော်လာနာဟာဂျီဂိုလာမ်ဟူစိန် (အဆ်အဒီ)(ခ)ဆရာကြီးဦးတင်မောင်

### အသက်(၈၇)နှစ်

အမှတ်(၂)၊ ဒိုဘီလမ်း(၁)လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဟာဂျီမဒေါ်ဆိုက်ဒါဘီ ၏ ခင်ပွန်း၊ သားသမီး ၁၁ ယောက်တို့၏ ဖခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး မော်လာနာဟာဂျီဂိုလာမ်ဟူစိန် (အဆ်အဒီ)(ခ)ဆရာကြီးဦးတင်မောင်သည် ၆-၁၀-၂၀၂၀ ရက် နံနက် ၃ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးစွန်နီကဗရ်စတန်ဥယျာဉ်၌ မြှုပ်နှံဒဖနာပြုပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(မင်္ဂဖွေ့ရသ် အတွက် ဒိုအာပြုပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

## ဦးမောင်အေး(ခ)ဦးအေး

ပြည်တော်သာဆန်စက်၊ ရွှေသိန်းဆန်စက်

### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ အမှတ်(၂၅)၊ အောင်ဇေယျာလမ်းနေ (ဦးချိန်ဝှမ်း-ဒေါ်တင်၊ ဒေါ်ထက်ကာ)တို့၏သား၊ (ဦးသိန်းထွန်း-ဒေါ်ရွှေလန်း)တို့၏ သားသမက်၊ ဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသော ခင်ပွန်း၊ Dr.ဦးစိန်ငွေး-ဒေါ်ခင်ရွှေဝင်းအေး၊ Dr. ဦးတင့်ဇင်ဦး-ဒေါ်ခင်သန္တာအေး၊ ဦးမြင့်အောင်-ဒေါ်ခင်ဆွေလွင်အေး၊ (ဦးသိန်းရွှေ)-ဒေါ်ခင်သက်လျာအေး၊ ဦးမျိုးသူရအေး-ဒေါ်မျိုးမျိုးဝင်း၊ ဦးကျော်သူရအေး-ဒေါ်မြအေးဆင့်၊ ဦးမင်းထွဋ်-ဒေါ်ခင်သက်နွယ်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုး ဦးမောင်အေး(ခ)ဦးအေးသည် ၃-၁၀-၂၀၂၀ ရက် ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၂၀ ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်လင်း(ခ)ကွန်ချွန်ချိုင်း

### အသက်(၁၀၆)နှစ် (မြစ်ကြီးနား)

ရန်ကုန်မြို့၊ အမှတ်(၁၀၄)၊ (၃၈)လမ်း၊ (ပ)ထပ်နေ (ဒေါ်ကျင်ရိန်)၏ ခင်ပွန်း၊ ဒေါ်ချိုချိုသန်း-(ဦးဝင်းမြင့်)၊ ဦးစိုးလွင်-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ဝေဝေသန်း-ဦးကြီးရွှေ၊ ဒေါ်ကြည်ကြည်သန်း-(ဦးဘအောင်)၊ ဒေါ်ကြူကြူသန်း-ဦးသန်းစိုး၊ ဦးစိုးလှိုင်-ဒေါ်မလတ်၊ ဒေါ်ဆွေဆွေသန်း-ဦးငွေးဝင်း၊ ဦးစိုးလင်း-ဒေါ်ကျော့ကျော့ခိုင်၊ ဦးစိုးအောင်-ဒေါ်အိအိမွန်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၆-၁၀-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ဂျပန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယကာကြီး

# ဦးမောင်တူး(ခ)ဦးတင်ထွန်း

## အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးကြက်စိန်-ဒေါ်ကျင်တီ)တို့၏ သားလတ်၊ (ဦးသန်းဝင်း-ဒေါ်အေးကြည်)၏သားသမက်၊ (ဦးကြိုင်း-ဒေါ်လှသွယ်)၏ညီ၊ ဦးဟုတ်စိန်-ဒေါ်ဥမ္မာမြင့်၊ ဒေါ်ခင်ထွန်း၊ ဦးတင်သန်းမောင်-ဒေါ်ခင်ကြည်၊ ဒေါ်စန်းရီ၏ အစ်ကို၊ တူ/တူမ ၅ယောက်၏ ဘကြီး၊ (ဒေါ်ငွေးရီ(ခ)ဒေါ်တိုးရီ)၏ ချစ်လှစွာသော ခင်ပွန်းသည် ၆-၁၀-၂၀၂၀ရက် နံနက် ၇:၄၀နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယနေ့ မွန်းလွဲ ၂:၀၀နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်သော စိတ်ထားဖြင့်အသိပေး အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အလ်ဟာဂျ် M.S မူဆာဖရ်ဂနီ(ခ)ဦးခင်မောင်

Lucky-ပုံနှိပ်တိုက်

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၄၄)၊ ဒုတိယထပ်နေ (S.ကာဒရ်-ဟာဂျီမ အွတ်မေစလ်မားဘီ)တို့၏သား၊ ဟာဂျီမဖရီဒါဘီ (ခ) ဒေါ်ခင်လှ၏ ခင်ပွန်း၊ သားသမီး ၁၀ ယောက်၊ မြေး ၂၂ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၈-၂၀၂၀(သောကြာနေ့) နံနက် ၁၀:၀၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပါမောက္ခဒေါက်တာဦးအောင်သန်းဘတူ

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဆေးသုတေသနဦးစီးဌာန

ညွှန်ကြားရေးမှူး-ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (အရှေ့တောင်အာရှဒေသ)

ဆေးပညာပါမောက္ခဆေးတက္ကသိုလ်-၂

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့(အဖွဲ့ဝင်)

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၁၂/က)၊ မင်းကြီးလမ်း၊ ရွာမနေ (ဦးဘတူ-ဒေါ်သန်းမြင့်)တို့၏ သား၊ ဒေါက်တာဒေါ်ခင်ခင်ထွေး၏ ခင်ပွန်း၊ ဒေါက်တာထင်အောင်-ဒေါ်ခင်ဦးမြင့် (USA)၊ (ဒေါက်တာပြည့်သက်ထွန်း)-ဒေါက်တာသီတာအောင် (USA)တို့၏ ဖခင် Roger Yu-မအိမွန်သက်ထွန်း၊ ဒေါက်တာခင်ကြေးမုံအောင် တို့၏ ချစ်လှစွာသောအဘိုး ဒေါက်တာဦးအောင်သန်းဘတူသည် ၇-၁၀-၂၀၂၀ ရက် နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယကာကြီး

# ဦးမောင်တူး(ခ)ဦးတင်ထွန်း

## အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးကြက်စိန်-ဒေါ်ကျင်တီ)တို့၏သားလတ်၊ (ဦးသန်းဝင်း-ဒေါ်အေးကြည်)၏သားသမက်၊ (ဒေါ်ငွေးရီ(ခ)ဒေါ်တိုးရီ)၏ခင်ပွန်း၊ ဦးကျော်တင်လှိုင်-ဒေါ်မေသန်းစံတို့၏ အစ်ကိုကြီး၊ ဦးအောင်မော်သိန်း-ဒေါ်ကြူကြူသင်း၊ ဦးကျင်စိန်(ခ)ဦးအောင်ပု-ဒေါ်သင်းသင်းနီ၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဦးခင်မောင်အေး-ဒေါ်ညွန့်ညွန့်ဆွေ(စင်ကာပူ)၊ ဦးဇော်မင်း-ဒေါ်တင်တင်ငွေး၊ ဦးကျော်ကျော်စိုး-ဒေါ်အေးအေးခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး(၇)ယောက်၊ မြစ် (၁)ယောက်တို့၏ အဘိုးသည် ၆-၁၀-၂၀၂၀ရက်၊ နံနက် ၇:၄၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယနေ့ မွန်းလွဲ ၂:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်မရီယမ်ဘီဘီ(ခ)ဒေါ်ဒေစီသန်း(ခ)ဒေါ်ဂျက်နက်အဲန်

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်(အောက်)လမ်း၊ အမှတ်-၆၄/၆၆နေ ဦးအာမဒ်အဗ္ဗဒူစတ္တားမိုတန်(ခ)ဦးမောင်မြင့် (ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဟောင်း)၏ ဇနီး၊ ရဲမင်းဇော်(ခ)မိုဟာမဒ်အာမဒ်မိုတန်၊ စောယုမွန်(ခ)မိုင်မူနာဘီဘီ၊ မျိုးမင်းဇော်(ခ)အူမရ်အာမဒ်မိုတန်၊ ကျော်မင်းဇော်(ခ)အာဒမ်ဂျီအာမဒ်မိုတန်တို့၏ မိခင်၊ ဇာလီမင်းဇော်(ခ)ခတီဂျာမိုဟာမဒ်မိုတန်၊ အောင်မင်းဇော်(ခ)အွစ်မာန်မိုဟာမဒ်မိုတန်၊ ထူးမင်းဇော်(ခ)အဘူဘကရ်အူမရ်မိုတန်၊ ယုယမင်းဇော်(ခ)အိုင်ရှာအူမရ်မိုတန်၊ မေပိုက်ထွေးမင်းဇော်(ခ)ဖာသီမာအူမရ်မိုတန်၊ ဗညားဇော်(ခ)အလီအာဒမ်ဂျီမိုတန်၊ စည်သူမင်းဇော်(ခ)အီဗရာဟင်အာဒမ်ဂျီမိုတန်တို့၏အဘွား၊ (ဦးအောင်ဆန်း(ခ)ဦးအဗ္ဗဒူစတ္တားဆူလေမန်အာဒမ်ဂျီမိုတန်)(Mulla Oil Company)၏ ချွေးမ၊ (ဦးဇက္ကရီယာ အဗ္ဗဒူစတ္တားမိုတန်)၊ ဦးအမင်းအဗ္ဗဒူစတ္တားမိုတန်တို့၏ခယ်မ၊ ဒေါ်ဇူဘိုင်ဒါ အဗ္ဗဒူစတ္တားမိုတန်၊ ဦးဟာနီးဖ်အဗ္ဗဒူစတ္တားမိုတန်၊ ဦးအယွဘ်အဗ္ဗဒူစတ္တားမိုတန်၊ ဦးအဗ္ဗဒူလ်လာ အဗ္ဗဒူစတ္တားမိုတန်တို့၏ မရီး၊ ဒေါ်မရီယမ်ဘီဘီ(ခ)ဒေါ်ဒေစီသန်း(ခ)ဒေါ်ဂျက်နက်အဲန်သည် (၆-၁၀-၂၀၂၀)ရက် ညနေ(၆:၃၀)နာရီခန့်က ကွယ်လွန်သွားပါသဖြင့် (၇-၁၀-၂၀၂၀)ရက် နံနက် (၈:၃၀)နာရီခန့်က ရေဝေးစွန္နီကဗရ်စတ္တာန်တွင် မြေမြှုပ်သင်္ဂြိုဟ်(ဒါဖနာ)ပြီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဖေကြည်

### အသက်(၈၇)နှစ်

နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးစခန်းဝင်း၊ တိုက်အမှတ်(၁၀)နေ ဒေါ်ရီရီမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့)၏ ဖခင်ဖြစ်သူ ဦးဖေကြည် အသက်(၈၇)နှစ် သည် ၆-၁၀-၂၀၂၀ (အင်္ဂါနေ့) ည ၉ နာရီတွင် သာယာဝတီမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများ**

---

## Kevin Min Aung @ ကိုရှေ

### အသက်(၂၅)နှစ်

Institute of Maragoni Milan

(Fashion & Design Advance)

ရန်ကုန်မြို့၊ A54၊ ရွှေမာလာလမ်း၊ FMI City နေ (ဦးစံရွှေ)-ဒေါ်မာလာဦးတို့၏ ချစ်လှစွာသောမြေး၊ ဦးကိုကိုနိုင်-Dr.အေးအေးမာ(Australia)၏ တစ်ဦးတည်းသော ချစ်လှစွာသောသား၊ ဒေါ်ရွှေဇင်ဦး(USA)၊ ဒေါ်အေးအေးစံဦး-ဦးစိုးမင်းသိန်း၊ ဒေါ်သီတာဦး-(ဦးမျိုးကျော်)၊ ဒေါ်နီလာဦး (ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ရဲမှူးမြင့်အောင်(ငြိမ်း)၊ ဦးလင်းထိန်၊ ဒေါ်ဝါဝါရွှေ-ဦးဝဏ္ဏကျော်၊ ဒေါ်စန္ဒာရွှေ၊ ဒေါ်အေးစန္ဒာအောင်၊ ဦးမင်းသူအောင်-ဒေါ်နော်မူစီ၊ (ဦးသန့်ဇင်အောင်)၊ ဦးမြင့်ကျော် (USA)-ဒေါ်မေဇွန် (USA)တို့၏ ချစ်လှစွာသောတူလေးသည် ၂၀-၈-၂၀၂၀ ရက်တွင် Australia နိုင်ငံ၊ Brisbane မြို့၌ နှလုံးခွဲစိတ်ကုသပြီး ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၂၀ ရက်တွင် Brisbane မြို့၊ Mt Thompson၊ Memorial gardens၊ West Chapel Funeral Service ၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ်ကရုဏာတော်ခံယူခြင်း

## ဦးစိန်သန်း(ခ)ဟာဂျီယာကွတ်

(Director-Gensecon Myanmar Pte.Ltd.)

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၂၇)နေ (ဟာဂျီ Abdul Kadar-ဟာဂျီမ Daw Zawra Bi)တို့၏ သား၊ (ယာစင်ဘိုင်(ခ)ဦးချစ်ရွှေ-ဒေါ်ဘေဘီရွှေ)တို့၏ သားသမက်၊ (ဦးမောင်မောင်လေး)-ဒေါ်မာယာရွှေတို့၏ အစ်ကို၊ ဟာဂျီမဒေါ်သီတာရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းမြတ်ကျော်-မမေပုလဲ၊ မောင်ကောင်းထက်ကျော်၊ မောင်ကောင်းခန့်ကျော်၊ မောင်ကောင်းထက်အာကာကျော်တို့၏ ဖခင်၊ မောင်မင်းခန့်ကျော်၊ မောင်မင်းမြတ်ကျော်တို့၏အဘိုး ဦးစိန်သန်း(ခ)ဟာဂျီယာကွတ်သည် ၆-၁၀-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် အလ္လာဟ်အရှင်မြတ်ကရုဏာတော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ဒဖနာပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းကြည် (ရန်ကုန်)

### အသက် (၇၂) နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းဌာနမှ အထူးကုဆရာဝန် ဒေါက်တာသန်းသန်းအေး၏မိခင်ဖြစ်သူ ဒေါ်စန်းကြည်သည် ၇-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးသိန်းမြင့်၊ဆရာဝန်၊ဆရာမနှင့်ဝန်ထမ်းများ**
**အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာကြည်တင်

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)(အလယ်)၊ အမှတ်(၁၂၇)၊ (ပ)ထပ်နေ ဒေါ်ခင်ခင်၏ ခင်ပွန်း၊ ဒေါက်တာလင်းလင်းကြည် (အထူးကုဆရာဝန်၊ ခါတ်ရောင်ခြည်ကင်ဆာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏ ချစ်လှစွာသောဖခင်သည် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဓါတ်ရောင်ခြည်ကင်ဆာဌာနမိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

အဂတိ ပယ်ခွာ ပြည်သာယာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာအောင်သန်းဘတူ

M.B.,B.S(Rgn), MRCP (Edin), FRCP (Edin), Emeritus Medical Researcher

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန
မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့-အဖွဲ့ဝင်

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ ရွာမအရှေ့၊ မင်းကြီးလမ်း၊ အမှတ်(၁၁၂/က)နေ ဒေါက်တာ ဒေါ်ခင်ခင်ထွေး၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး(ငြိမ်း)၏ ခင်ပွန်းဖြစ်သူ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာ အောင်သန်းဘတူ အသက်(၉၁)နှစ်သည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမှုများ ဖြစ်ရပါသည်။

**ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာဒေါ်နန်းခမ်းမိုင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာအောင်သန်းဘတူ

M.B.,B.S(Rgn), MRCP (Edin), FRCP (Edin), Emeritus Medical Researcher

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန
မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့-အဖွဲ့ဝင်

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ ရွာမအရှေ့၊ မင်းကြီးလမ်း၊ အမှတ်(၁၁၂/က)နေ ဒေါက်တာဒေါ်ခင်ခင်ထွေး၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး(ငြိမ်း) ၏ ခင်ပွန်းဖြစ်သူ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာ အောင်သန်းဘတူ အသက်(၉၁)နှစ်သည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲမှုများ ဖြစ်ရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီဦးအီစာဂျီ (ခ) ဦးကိုကိုလေး

**အသက် (၆၈) နှစ်**

ဆေးတက္ကသိုလ်-၂၊ ခန္ဓာဗေဒဌာနမှ ကထိက ဒေါက်တာလဲ့လဲ့ဝင်း၏ မွေးသဖခင်ကျေးဇူးရှင် ဟာဂျီဦးအီစာဂျီ (ခ) ဦးကိုကိုလေးသည် ၅-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၄၅နာရီတွင်အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခန္ဓာဗေဒဌာနမိသားစု**
**ဆေးတက္ကသိုလ် -၂၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့်နိုင်

ညွှန်ကြားရေးမှူး(မြို့ပြ)
ရခိုင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

**အသက်(၄၈)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမြင့်နိုင်သည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်နှင့်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဝန်ထမ်းမိသားစု**

## ဒေါ်ငွေးငွေးဝင်း

**အသက် (၆၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်(၈)ရပ်ကွက်၊ အမှတ်(၂၄)၊ ဝတ်ကျောင်းလမ်းနေ (ဦးခင်မောင်ကြီး-ဒေါ်စုစု) တို့၏သမီး၊ Dr.ဦးကျော်အုန်း၏ဇနီး၊ Dr.ခိုင်ပြည့်သစ် တို့၏မွေးသမိခင်သည် ၅-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်မာလာလွင်

(UNOPS)

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းလမ်းနေ Dr.ဝေမိုးမြင့်၏ ချစ်လှစွာသောဇနီး၊ သန်လျင်မြို့နယ်၊ မြို့မလမ်းနေ ဦးသန်းလွင်-ဒေါ်ရှုမာကြည် တို့၏ သမီးငယ်၊ (Dr.ဦးဝင်းမြင့်)-ဒေါ်သန်းသန်းရှိန်တို့၏ သမီးချွေးမ၊ Dr.ဦးဝင်း-ဒေါ်မြင့်မြင့်စိန် တို့၏ တူမ၊ ဦးအောင်သူမြင့်-ဒေါ်ခိုင်သီတာလွင်၊ ဦးဉာဏ်ထွန်းလွင်-ဒေါ်ခင်စန္ဒာဝင်းနိုင်၊ ဒေါ်အိသွယ်ဝင်း တို့၏ ညီမ၊ Dr.ကြည်ထွန်းလွင်-ဒေါ်ဆုထက်ထက်ရည်၊ ဦးအောင်သူဝင်း-ဒေါ်သူဇာတင့်၊ ဦးဘုန်းလွင်ဦး-ဒေါ်ပိုးသဉ္ဇာကို၊ ဒေါ်နှင်းအိမ့်အိမ့်ဝန်းတို့၏ အစ်မ၊ မမေမဒီအောင်၊ မောင်ရဲမာန်၊ မမြတ်ရွှန်းလဲ့ဉာဏ်၊ မမေရတီအောင်တို့၏ ချစ်လှစွာသော အဒေါ်သည် ၆-၁၀-၂၀၂၀ ရက် ညနေ ၆:၃၆ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့်နိုင်

ညွှန်ကြားရေးမှူး(မြို့ပြ)
ရခိုင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

**အသက်(၄၈)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမြင့်နိုင်သည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊**
**အမြဲတမ်းအတွင်းဝန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ တံခွန်တိုင်အလှူရှင် ဒါယိကာမကြီး

## ဒေါ်ခင်နုရီ

ဌာနခွဲမှူး (ငြိမ်း)၊ စက်မှု(၁)၊ ထွေ/ထိန်း

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ်(၁၂)နေ (ဦးလှိုင်ဗုက်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသိမ်းတင်-ဒေါ်လှ)တို့၏သမီးချွေးမ၊ (ဒေါ်လှအေး)၊ (ဦးတင်လှ-ဒေါ်သောင်းသောင်း)၊ ဦးခင်လှ-ဒေါ်ကြင်ကြင်နွဲ့၊ (ဒေါ်ကြူကြူ)၊ (ဦးသွင်လှ)-ဒေါ်ဝင်းခိုင်တို့၏ညီမ၊ ဒေါ်ခင်ထွေးရီ-ဦးတင်ထွဋ်၊ ဒေါ်တင်မြင့်လှိုင်-ဦးအောင်ကျော်စိုးတို့၏အစ်မ၊ ဦးစံထူး(အင်/ယာ-စ၊ ငြိမ်း၊ ရေသန့်၊ တိုင်း/ဆောက်-၁၂၊ ဆောက်လုပ်ရေး၊ ဥက္ကဋ္ဌ၊ နှစ်ကျိပ်ရှစ်ဆူသာသနာပါလဓမ္မာရုံဗိုလ်စိန်မှန်ရပ်ကွက်၊ အတွင်းရေးမှူး ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ)၏ဇနီး၊ မနှင်းနု၊ ကိုကျော်ဇင်ဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၅-၁၀-၂၀၂၀ (တနင်္လာနေ့) ည ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်စိုး

စက်မှုလယ်ယာဦးစီးဌာန-ငြိမ်း

**အသက် (၇၁) နှစ်**

ဦးစန်းမြင့်-ဒေါ်မြင့်မြင့်ရီ၊ (ဦးစန်းဝင်း)-ဒေါ်ခင်မာရီ၊ (ဦးတင်မောင်စိုး-ဒေါ်အေးအေးနွဲ့)၊ ဦးမိုးခိုင်-ဒေါ်တင်မာရီ၊ ဒေါ်ခင်ငွေးမြင့်၊ ဦးတင်မောင်အေး-ဒေါ်တင်မီသိန်းတို့၏အစ်ကိုကြီး၊ ဒေါ်နီနီမာ၏ချစ်လှစွာသောခင်ပွန်း၊ မခင်ဥမ္မာစိုး၊ မခင်နီလာစိုး၊ မခင်သူဇာစိုးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မအိန္ဒြေခင်၏ ဘိုးဘိုးကြီးသည် ၆-၁၀-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၄၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅) ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၄၇၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဝင်းဖေ(ခ)ဦးဆန်နီ

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၃၆)နေ (ဦးလှဖေ-ဒေါ်ရီရီ)တို့၏ သား၊ ဦးလှမြင့်-ဒေါ်တိုးတိုးကြည်၊ ဦးတင်ဝင်း-ဒေါ်ခင်မမ၊ ဒေါ်ဝင်းဝင်း၊ ဒေါ်နုနုရီ၊ ဦးမောင်မောင်-ဒေါ်မာမာရီ တို့၏ မောင်၊ ဦးအောင်ကျော်-ဒေါ်တင်မိုးအေး၊ ဦးကျော်ဝဏ္ဏ-ဒေါ်ခင်သီတာသိန်းတို့၏ အစ်ကို ဦးအောင်ဝင်းဖေ(ခ)ဦးဆန်နီ သည် ၆-၁၀-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်နိုင်

ညွှန်ကြားရေးမှူး (မြို့ပြ)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်

**အသက် (၄၈) နှစ်**

ရန်ကုန်မြို့နေ ဦးမြင့်လွင်(ကပရ-ငြိမ်း)-(ဒေါ်တင်ရွှေ)တို့၏သား၊ ဦးမြငွေ(ကပစ-၅)-(ဒေါ်နွဲ့ဝင်း)တို့၏သားသမက်၊ ဦးခင်မောင်မြင့်-ဒေါ်အေးအေးမြင့်တို့၏မောင်၊ ဦးဇော်မင်း(ကပရ)-ဒေါ်သန်းသန်းဝင်း(ကပရ)တို့၏အစ်ကို၊ မောင်အိုက်ကောင်းပန်၊ မသဲနုနိုင်တို့၏ဖခင်၊ ဒေါ်သဲမြနွယ်၏ချစ်လှစွာသော ခင်ပွန်း ဦးဝင်းမြင့်နိုင်သည် ၇-၁၀-၂၀၂၀ ရက် နံနက် ၈:၅၅ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်နိုင်

ညွှန်ကြားရေးမှူး (မြို့ပြ)

**အသက် (၄၈) နှစ်**

ဦးဝင်းမြင့်နိုင် [ညွှန်ကြားရေးမှူး (မြို့ပြ)၊ RSE (Road) ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်တွေမြို့] သည် ၇-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဟိန်းသူရိန်ဆောက်လုပ်ရေးကုမ္ပဏီမိသားစု**

ဥတုရာသီ တောကိုမှီ၏

## ဦးဘငွေး
## ကျောင်းအုပ်ကြီး(ငြိမ်း)(ပုသိမ်ပညာရေးကောလိပ်)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံပယ်မာဃလမ်း၊ တိုက်(၂၀၈/၂၀၉)၊ အခန်း(B1)နေ (ဒေါ်ကြူကြူ)၏ချစ်လှစွာသော ခင်ပွန်း၊ နေပြည်တော်၊ ပိတောက်အိမ်ရာ၊ တိုက်အမှတ်(၇၆၀)၊ အခန်း(၂၁)နေ ဦးမောင်မောင်နိုင်(ဒုတိယညွှန်ကြားရေးမှူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)-ဒေါ်နှင်း ကြည်(ကျောင်းအုပ်ကြီး၊ ဆီဆုံ အမက၊ စဥ့်ကူးမြို့နယ်)၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၁၁၅)၊ အခန်း(B2)နေ ဦးရန်နိုင်ငွေး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံပယ်မာဃလမ်း၊ တိုက်(၂၀၈/၂၀၉)၊ အခန်း(B1)နေ ဦးထွန်းရွှေ(Director, HTH Company Ltd.)-ဒေါ်အေးအေးမြင့် (အင်ဂျင်နီယာဌာန၊ ဒေင်အုပ်စုကုမ္ပဏီလီမိတက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မခင်အိန္ဒြေခိုင်(Grade-7၊ အထက၊ စဥ့်ကူးမြို့)၏ အဘိုးသည် ၆-၁၀-၂၀၂၀(အင်္ဂါနေ့) ည ၇:၁၅နာရီတွင် ရန်ကုန်မြို့၊ ဝေဘာဂီ၊ ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်အေး

**အသက်(၆၀)**

ဒဂုံ(၁)၊ ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၆၅)၊ ဗားဂရာလမ်းနေ [ဒု-ဗိုလ်မှူးကြီးမောင်မောင်အေး(လေ)-ဒေါ်ခင်အေးဝင်း]တို့၏ သားကြီး၊ (ဦးတင်ဦး-ဒေါ်ထိပ်တင်မ) တို့၏ သားသမက်၊ ဒေါ်ခိုင်ခိုင်ဦး ၏ ခင်ပွန်း၊ ဦးဘိုဘိုမြင့်-(ဒေါ်ခင်ဆွေဝင်း)၊ ဦးလှသန်း-ဒေါ်ဝေဝေမြင့်၊ (ဒေါ်နီနီမြင့်)၊ ဦးမျိုးမြင့်သောင်း-ဒေါ်သီတာဦး၊ (ဦးမောင်မောင်အေး)-ဒေါ်သီတာသိန်း၊ ဦးမင်းနွယ်-ဒေါ်ဇီဝါဦး၊ (ဦးမြတ်သူရ)၊ ဦးမြတ်သီဟ-ဒေါ်ဖြူဖြူမာတို့၏ ညီ/မောင်၊ သုတအေး၊ ရန်အောင်ဇော်(G.Tone)၊ တက်ထွဋ်-စိုးမြတ်သူ၊ ခင်ခင်ခန့်-နေနိုင်နောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ခန့်ဘုဏ်းနော်၊ ယွန်းယုယထွဋ် တို့၏ ချစ်လှစွာသော အဘိုးသည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်အေး
## ဒဂုံ(၁) ကျောင်းသားဟောင်း

**အသက် (၆၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၆၅)၊ ဗားဂရာလမ်းနေ [ဒုဗိုလ်မှူးကြီး မောင်မောင်အေး(လေ)-ဒေါ်ခင်အေးဝင်း]တို့၏ သားကြီး၊ (ဦးတင်ဦး-ဒေါ်ထိပ်တင်မ)တို့၏သားသမက်၊ ဒေါ်ခိုင်ခိုင်ဦး၏ ခင်ပွန်း၊ ဒေါ်ခိုင်အေး-ဦးခင်မောင်ဝင်းတို့၏မောင်၊ ဦးအေးအောင်-ဒေါ်မြတ်မြတ်ကျော်တို့၏အစ်ကို၊ သုတအေး၊ ရန်အောင်ဇော်(G-Tone)၊ တက်ထွဋ်-စိုးမြတ်သူ၊ ခင်ခင်ခန့်-နေနိုင်နောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ခန့်ဘုဏ်းနော်၊ ယွန်းယုယထွဋ်တို့၏ ချစ်လှစွာသောအဘိုးသည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြသွင်

B.Econ (Stats)

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ လှည်းတန်းလမ်းမကြီး၊ အမှတ်(၇၆)၊ (၃က+ခ)နေ (ဦးလှသွင်)-ဒေါ်ခင်လှ(လှဓာတ်ပုံတိုက်)တို့၏သမီးကြီး၊ (ဦးညွန့်လှိုင်)-ဒေါ်သီတာသွင်၊ ဦးဇော်ဝင်းအောင်-ဒေါ်နီလာသွင်(US)၊ ဦးကျော်ဝေ-ဒေါ်အေးအေးသွင်(မကာအို)တို့၏အစ်မကြီး၊ မောင်သီဟလှိုင်၊ မောင်အောင်သူရလှိုင်-မရွှေဇင်ဇင်အောင်၊ မောင်သက်မင်းထွန်း-မမေဇင်အောင်၊ မအိမ့်ဖူးပွင့်အောင်၊ မသုသုစန္ဒီအောင်၊ မောင်ကောင်းမြတ်ဟိန်းတို့၏ ကြီးတော်၊ ဖရက်ဒီဘုန်းမြတ်၏ဘွားဘွားကြီး ဒေါ်မြမြသွင်သည် ၆-၁၀-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မဇွဲကဗျာမှူး (BA.Eng:)

On Job Trainee (NELC)

**အသက်(၂၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီးနေ ဦးထွေးသောင်-(ဒေါ်သိန်း)၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃၁)၊ မအူပင်လမ်း၊ ကျွန်းတောတောင်ရပ်ကွက်နေ (ဦးသိန်းအောင်-ဒေါ်သန်းရွှေ)တို့၏ မြေး၊ ဦးမြင့်ဦး-ဒေါ်စန်းဝင်းအောင် တို့၏ တစ်ဦးတည်းသောသမီး၊ မောင်ဇွဲမာန်မှူး (ပထမနှစ်ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၊ မောင်ဇွဲသန့်ထူး (အထက-၂၊ ကမာရွတ်)တို့၏ အစ်မသည် ၆-၁၀-၂၀၂၀ ရက် ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

# အောက်တိုဘာ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄၀၀ တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၆-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၂၃၂၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၄၀၀ ဦး တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ(၇-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၃၂၂) ဦး | (၃၅၅,၂၇၁) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၀၀) ဦး | (၂၁,၄၃၃) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၃၀၂) ဦး | (၆,၈၈၄) ဦး |
| သေဆုံးလူနာ | (၃၈) ဦး | (၅၁၀) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

## အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထားပါသည်။

## ခူမီး(ခမီး)အမျိုးသားပါတီ၊ “ဝ”အမျိုးသားပါတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၇

**ခူမီး(ခမီး)အမျိုးသားပါတီ** ၊ **“ဝ”အမျိုးသားပါတီ** နှင့် **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ**၊ **ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ နှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၇

**မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ**၊ **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ** နှင့် **လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၈ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)**၊ **လွှတ်တော်ရုပ်သံလိုင်း**၊ **မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သတင်းစဉ်

# တောင်ဥက္ကလာပမြို့နယ်၌ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်ကာလအတွင်း စားသောက်ရေးအခက်အခဲရှိပါက ဆက်သွယ်အကြောင်းကြားနိုင်



**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်ကာလအတွင်း စားသောက်ရေး အခက်အခဲရှိပါက ဖုန်း ၀၉-၅၀၂၄၇၉၉၊ ၀၉-၇၉၅၆၄၅ ၄၇၄၊ ၀၉-၄၂၈၆၃၁၀၄၄ တို့သို့ ဆက်သွယ်၍ အခြေခံစားသောက်ကုန်များ လာရောက်ထုတ်ယူနိုင်ကြောင်း တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ ဖုန်းနံပါတ်များသို့ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အတွင်း နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအကြား ခေါ်ဆိုနိုင်ပြီး တစ်နေ့လျှင် လူ ၂၀၀ စာ စီစဉ်ထားကာ တစ်ပတ်စာ လူ ၁၂၀၀ အထိ ပေးနိုင်ရန် စီစဉ်ထားကြောင်း တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❐

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပွဲတော် ပြသမည်

**နေပြည်တော် အောက်တိုဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် မြန်မာ့ရုပ်ရှင်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အွန်လိုင်းရုပ်ရှင်ပွဲတော်ကို ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အနုပညာစွမ်းပကားကို ပြန်လည်ခံစားသိမြင်စေရန်၊ မြန်မာ့ရုပ်ရှင်ကို နှစ်သက်သည့် ပြည်တွင်း ပြည်ပမှ ရုပ်ရှင်ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ဇာတ်ကားများ ရွေးချယ်ကြည့်ရှုနိုင်စေရန်နှင့် ရုပ်ရှင်ချစ်ပရိသတ်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်များနှင့်အညီ မိမိတို့နေရာအသီးသီးတွင် လုံခြုံကျန်းမာဘေးကင်းစွာ ကြည့်ရှုနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များအရ ရုပ်ရှင်ရုံကြီးများ၌ ပျော်ရွှင်ချမ်းမြေ့စွာ ပြသပေးနိုင်ခြင်းမရှိသဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်အဖြစ် စီစဉ်ကျင်းပခြင်းဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်သူ့အငှားအိမ်ရာ အခန်းပေါင်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၃

ကမ္ဘာ့စီးပွားရေး မျှော်မှန်းထားသလောက် ကျဆင်းခြင်းမရှိဟု IMF အကြီးအကဲ ပြောကြား — စာမျက်နှာ » ၁၁

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ မိုး/ဇလ